# တတိယအရွယ် ဘာဝနာသည်

မဟာသဒ္ဓမ္မဇောတိကဓဇ

## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ အိ-အေ)



'ဆွေသဟာ' စာပေ

အမှတ် ( ၅၅ ) ၊ (စ) ရပ်ကွက်

သုနန္ဒာ(၃)လမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

☎ - ၀၁-၉၆၉၀၃၂၄

📱 - ၀၉၇၃-၀၈၆၉၃၂

# ဒို့ထာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

# စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

# လူမှုရေးဦးတည်ချက် (၄) ရပ်


- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

စာမူခွင့်ပြုချက် - ၆၀၀၉၄၁၁၀၁၁
အဖုံးခွင့်ပြုချက် - ၆၀၀၉၅၉၁၂၁၁
ထုတ်ဝေသည့်ခုနှစ် - ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ
ပုံနှိပ်သူ ဒေါ်လှမူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
၂၄၊ ဗဟိုလမ်း ၊ အလုံမြို့နယ်
ထုတ်ဝေသူ -ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
အမှတ်(၂၀၅)၊ က/ ၄လမ်း
မြို့သစ် က+ခ ရပ်ကွက်
အင်းစိန်
တန်ဖိုး ကျပ်

၂၉၄.၃
သျှင်သီရိ၊ တက္ကသိုလ်
တတိယအရှယ် ဘာဝနာသည်/တက္ကသိုလ်သျှင်သီရိ။-ရန်ကုန်၊
ဇင်ရတနာစာပေ၊ ၂၀၁၁။
၂၆၆ - စာ၊ ၁၂.၅×၁၈.၂ စင်တီ။
(၁) တတိယအရှယ် ဘာဝနာသည်။

အရွယ်သုံးပါးဘဝနေနည်း

# တတိယအရွယ်ဘာဝနာသည်




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

သျှင်သိရိ (ဓမ္မာစရိယဘိ-အေ)

ဖြန့်ချိရေး

**ဒွေးသဟာ** စာပေ

အမှတ် (၅၅)၊ သုနန္ဒာ(၃)လမ်း

(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း -၉၆၉၀၃၂၄ , ၇၃၀၈၆၉၃၂

◆

**မြတ်ပန်းရုံ** စာပေ

အမှတ်(၁၉၄)၊ မြေညီထပ်၊ ၂၉-လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁ ၃၉၄၅၀ ၀၉၅၁ ၅၅၇၄၃

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | |
| ၂။ | မိမိဘဝအရှယ်ဆင်ခြင်ဖွယ် | ၁ |
| ၃။ | ပုထုဇဉ်ဆိုသည်မှာ | ၆ |
| ၄။ | မိမိ၏စိတ်သဘောကိုဆန်းစစ်ကြည့်ပါ | ၁၂ |
| ၅။ | မိမိစိတ်ကိုသိ၍ပြုပြင်ပါ | ၁၇ |
| ၆။ | အချိန်သည်လူကိုမစောင့်ပါ | ၂၄ |
| ၇။ | ကြုံတောင့်ကြုံခဲ၊ရတောင့်ရခဲ အခွင့်အရေးကြီးရနေသည် | ၃၆ |
| ၈။ | ကန်ရေခန်းနေသောကန်ထဲကငါးတွေပမာ | ၄၀ |
| ၉။ | အမြစ်ကိုဖြတ်ခန္ဓာရပ်အောင်ကြိုးစားရမည် | ၄၄ |
| ၁၀။ | ခန္ဓာငါးသွယ်ကြောင်းကျိုးဝဋ်နွယ်တို့ | ၅၁ |
| ၁၁။ | ခန္ဓာဝဋ်ဟူသည် | ၅၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


| | | |
| --- | --- | --- |
| ၁၂။ | သံသရာစက်ရဟတ်လည်ပတ်ရ ဝဋ်နွယ်များ | ၆၂ |
| ၁၃။ | ကြောင်းကျိုးနွယ်စပ်-ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် | ၆၆ |
| ၁၄။ | ဝဋ်သုံးသွယ်လည်၍ဖြစ်ရသည်မှာ | ၉၂ |
| ၁၅။ | သေဘေးသည်ကြောက်စရာမဟုတ်ပါ | ၉၈ |
| ၁၆။ | သေဘေးမကြောက်ရန် တရားမှန်ရအောင် လုပ်ပါ | ၁၀၁ |
| ၁၇။ | ကျွတ်ထိုက်သသူ၊ နတ်၊လူ၊ပြဟ္မာ သင်ပါ-မပါ ဆန်းစစ်ပါ | ၁၀၄ |
| ၁၈။ | အသိဉာဏ်လမ်းစကိုရှာပါ | ၁၁၀ |
| ၁၉။ | မင်္ဂရဖိုလ်ဝင် နိဗ္ဗာန်မြင်လမ်းစများ | ၁၁၅ |
| ၂၀။ | ဝိပဿနာရှုနည်း | ၁၂၆ |
| ၂၁။ | အလယ်၊ အလတ်အထွတ်တရားသုံးပါး | ၁၃၄ |
| ၂၂။ | သီလတရားဟူသည် | ၁၃၇ |
| ၂၃။ | အကျင့်လေးမျိုးနှင့်ကျင့်စဉ်လမ်းမှန် | ၁၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၂၄။ | ဒိဋ္ဌိကိလေသာအမြစ်ဖြတ်ပါ | ၁၆၇ |
| ၂၅။ | ကိန်းအောင်းအနုသယကိုပယ်သတ်တတ်ပါ | ၁၇၁ |
| ၂၆။ | ထွက်သက်ဝင်သက်အာနာပါနနုဿတိ | ၁၈၀ |
| ၂၇။ | မဂ်လေးပါးရဂုဏ်ကျေးဇူးများ | ၂၀၂ |
| ၂၈။ | တတိယအရွယ်ချမ်းသာကြွယ်ကြသူများ | |
| | (က) ကျွန်တော့်ဘဝလမ်းမှန်ရခဲ့သည်မှာ | ၂၁၀ |
| | (ခ) အာဏာ၊ မာနခဝါချခံရသောအခါ | ၂၁၈ |
| | (ဂ) သံယောဇဉ်နှောင်ကြိုး လျှောင်မျိုးငယ်လျှောင်စံ | ၂၂၈ |
| | (ဃ) တတိယအရွယ်ရောဂါသည်မှ | ၂၃၈ |
| | (င) သေနည်းတတ်၍ သေခြင်းမြတ်သောဖေဖေ | ၂၄၂ |
| | -အဘိဓာသုတ် | ၂၆၃ |

ဆိုမိန့်မညှာ၊ စေ့စေ့နာလော့
ဂင်္ဂါသဲမျှ၊ ပွင့်ကြွကုန်သား
ဘုရားသာသနာခေတ်အခါဝယ်
လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း
အမိုက်မချော၊ အလိုက်နေ၍
အခြေမကြီး၊ အချည်းနှီးလျှင်
ရိုးတီးယောင်တောင်၊ ခုတိုင်အောင်လည်း
သနားခေါင်းလကွယ်၊ တောအုပ်လယ်၌
ရှစ်နယ်ပတ်လုံး၊ ဒေပြည့်ဖုံးသည်
မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား
အမိုက်အပြား၊ အင်လေးပါးထက်
နင်ကားရာထောင်၊ မကမှောင်၏
လူ့ဘောင်လူ့ရွာ၊ သာသနာ၌
ကြမ္မာတော်၍၊ ယခုတွေ့လည်း
အလေ့မလွဲ၊ အများနည်းလျှင်
မိုက်မြဲနှင့်နှင့်၊ မိုက်စရွင်၏
မျက်မြင်လောက၊ ဤဘဝကား
ဒုက္ခစင်စစ်၊ ချမ်းသာကင်း၏
သေမင်းအစာ၊ နင့်ခန္ဓာကို
တဏှာဘီလူး၊ အမှောင့်မူး၍
အရှုးပြင်ပြင်၊ နင့်ကိုယ်ထင်၏

နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်
နင့်ရုပ်နှင့်နာမ်၊ နင့်သဏ္ဍာန်ကို
နင်ဉာဏ်မစူး၊ အပေါ်ဖြူး၍
မူးမူးမေ့မေ့၊ အများလေ့ဖြင့်
နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ
အာရုံဝတ္ထု၊ မီးအစုကို
မှုမှုရရ၊ နင်အားကျလည်း
စားကြွေသေမင်း၊ သူ့တပ်နင်းက
မငြင်းဆန်သာ၊ နင့်ခန္ဓာသည်
ပြာပုံအပြီး၊ ဖြစ်လုနီးပြီ
ရီးတီးယားတား၊ သေ၍သွားလည်း
တရားမကြွယ်၊ အထုပ်ငယ်လျက်
အပါယ်စခန်း၊ သွားမြဲလမ်း၌
တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်
တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်
ထိုထိုဘဝ၊ အနန္တလျှင်
အစမဆုံး၊ အများထုံးတည်း
အနှုန်းမပျက်၊ အောက်အငုပ်ဝယ်
တသက်နွယ်နွယ်၊ အမြစ်တွယ်သို့
အပါယ်ထိုထို၊ ဥဒဟိုသည်
နင်လိုလူမိုက်သွားလမ်းတည်း။ ။

# အမှာစာ

ကျွန်ုပ်တို့နေသော ဤကမ္ဘာကို ဘုရားငါးဆူပွင့်ရာ ဘဒ္ဒကမ္ဘာဟု ဆိုပါသည်။

ဤဘဒ္ဒကမ္ဘာတွင် လူတို့၏သက်တမ်းသည် အသင်္ချေမှစခဲ့ပြီး တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့သည်။

ထိုသို့ဆုတ်ယုတ်လာခဲ့ရာ လူတို့၏သက်တမ်း လေးသောင်းတန်းတွင် ဘဒ္ဒကမ္ဘာ၏ ပထမဦးဆုံးသောဘုရား ကကုသန်ဘုရားပွင့်ခဲ့ပါသည်။

လူတို့၏သက်တမ်းဆုတ်ယုတ်လာခဲ့ရာ လူ့သက်တမ်း သုံးသောင်းတန်းတွင် ဒုတိယဘုရား ကောဏဂုံဘုရားပွင့်ခဲ့ပါသည်။

သက်တမ်းဆက်လက်ဆုတ်ယုတ်လာခဲ့ပြန်ရာ လူတို့၏သက်တမ်းနှစ်သောင်းတန်းတွင် တတိယဘုရား ကဿပဘုရားပွင့်ခဲ့ပါသည်။

ထိုမှဆက်လက်၍ သက်တမ်းသည် ဆုတ်ယုတ်လာခဲ့ပြန်ရာ လူတို့၏သက်တမ်း(၁၀၀)တန်းတွင် ဂေါတမဘုရားသည် ပါရမီပြည့်စုံ၍ စတုတ္ထဘုရားအဖြစ် ပွင့်ခဲ့ပါသည်။

ယခု ကျွန်ုပ်တို့သည် ဤဘုရားကိုမမီခဲ့သော်လည်း ဤဘုရား၏သာသနာတော်အတွင်းဝယ် လူဖြစ်ခွင့်ရနေပါသည်။

လူတို့၏သက်တမ်းသည် ကလိယုဂ်ဆုတ်ကပ်ကာလသဘောအရ အနှစ်တစ်ရာပြည့်တိုင်း (၁)နှစ်ဆုတ်ယုတ်သည် ဟု ဆိုပါသည်။

ဂေါတမဘုရားသည် လူတို့၏သက်တမ်း(၁၀၀)တွင် ပွင့်ခဲ့ပါသည်၊ ယခု ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည်မှာ အနှစ်(၂၅၀၀)ကျော်ပြီးဖြစ်၍ လူတို့၏သက်တမ်းသည်လည်း အနှစ်(၂၅)နှစ်ဆုတ်ယုတ်ခဲ့ပြီး ဟု ဆိုရပါမည်။

ထိုသို့ (၂၅)နှစ်ဆုတ်ယုတ်ခဲ့သောယနေ့လူသားတို့၏ သက်တမ်း(၁၀၀-၂၅=၇၅)နှစ်သာ ရှိတော့မည်သာဖြစ်ပါသည်။

ထို(၇၅)နှစ်သက်တမ်းကို အရွယ်သုံးပါးနှင့်ခွဲကြည့်လိုက်ပါက-

-ပထမအရွယ်သည် ၂၅-နှစ်
-ဒုတိယအရွယ်သည် ၅၀-နှစ်
-တတိယအရွယ်သည် ၇၅-နှစ်

ဟု သတ်မှတ်ရပါမည်။

အလွန်သီလကောင်းမှ သက်တမ်းကျော်ထိ နေနိုင်ပါမည်။

ယခု မိမိတို့ဘဝကိုလေ့လာကြည့်သော် ပထမအရွယ်ကပညာရှာနေသောအရွယ်ဖြစ်၍ ဘဝလွတ်မြောက်ရေးအသိကို ဟုတ်တိုင်မှန်စွာသိအောင် မရှာနိုင်ခဲ့ပါ။

မိဘိုးဖလာဗုဒ္ဓဘာသာအရပေးလှူခြင်း (ဒါန)သီလဆောက်တည်ခြင်းမျှလောက်တော့ ရှိကောင်းရှိနေပါမည်။

မိမိဘဝသည် အချိန်မရွေး၊ ရောဂါမရွေး၊ ဘေးမရွေးဖြင့် သေနိုင်သောအခြေအနေမှလွတ်မြောက်ခဲ့ပါသည်။

ဒုတိယအရွယ်တွင် သားရေး၊ သမီးရေး၊အိမ်ထောင်ရေး၊နိုင်ငံရေး၊လူမှုရေးတို့ဖြင့် ရုန်းကန်လှုပ်ရှားဆောင်ရွက်နေရသောကြောင့် ဘဝလွတ်မြောက်ရေးအသိကို ဟုတ်တိုင်မှန်စွာသိအောင် မရှာနိုင်ခဲ့ပါ။

မိရိုးဖလာအရသော်လည်းကောင်း၊ ပတ်ဝန်းကျင်လှုံ့ဆော်မှုအရသော်လည်းကောင်း၊ မိမိကလည်းဘဝလောကဓံတွေ့ကြုံခံစားလာခဲ့ရသောအတွေ့အကြုံများကြောင့်သော်

လည်းကောင်း၊ အခါအားလျော်သောဒါနသီလများကိုမူ လုပ်နိုင်ကောင်းလုပ်နိုင်ခဲ့ပါမည်။

ဘာဝနာအလုပ်ကမူ အသိဉာဏ်ရသည်အထိ(ဝါ) ဘဝလွတ်မြောက်ရေးရှေးရှုသည်ထိ မလုပ်နိုင်ခဲ့ပါ။

ယခု တတိယအရွယ်ဘဝသို့ရောက်ခဲ့ပြီး ဤဘဝသက်တမ်းသည် မီးဇာကုန်ဆီခန်းဘဝသို့ရောက်တော့မည်၊ တတိယအရွယ်အနှစ်(၇၅)နှစ်ဆိုသောကာလသည် ဘာမျှကြာလိုက်သည်မဟုတ်ပါ၊ တစ်ရက်တစ်ပတ်တစ်လဟူသောရေစီးကြောင်းဖြင့် စီးဆင်းခဲ့သောအချိန်သည် ကုန်ဆုံးမှန်းမသိကုန်ဆုံးလာခဲ့ရာ များမကြာခင် မိမိဘဝသည် ဤရုပ် ဤနာမ်ကိုစွန့်ခွာရပေတော့မည်။

ဤရုပ်နာမ်စွန့်ခွာမှုကို မိမိက ဝိဇ္ဇာအသိမှန်မရ၍နောက်ဘဝနတ်ပြည်ရောက်မည်၊ဗြဟ္မာပြည်ရောက်မည်ဟုမှတ်ထင်လွဲနေမိပြန်သည်။

အမှန်စင်စစ်က ဤရုပ်နာမ်သည် နောက်ဘဝသို့လိုက်ပါသွားမည်မဟုတ်ပါ။ဤရုပ်နာမ်ကပြုခဲ့သော ကုသိုလ်အကုသိုလ်အရှိန်လေးက ပဲ့တင်သံပမာပါသွားခြင်းဖြစ်ပါသည်။

အကုသိုလ်အရှိန်ကြောင့် အပါယ်လေးပါးဘဝရောက်၍ အပါယ်လေးဘုံရှိ ရုပ်နာမ်ခန္ဓာကိုရပြီး ဆင်းရဲကိုဆက်ခံရဦးမည်။

ဘဝလွတ်မြောက်ငြိမ်းပြတ်ရာနိဗ္ဗာန်မရောက်သေးသမျှ ရုပ်နာမ်ခန္ဓာကပြုခဲ့သောအရှိန်လေးသည် ဤသံသရာနွံထဲဝယ် ရုပ်နာမ်ခန္ဓာမျိုးစုံဖြင့် အစုန်အဆန်လှည့်လှည်နေဦးမည်သာဖြစ်ပါသည်။

ယခု မိမိသည် ကံအားလျော်စွာ ပထမအရွယ်ကလည်းသေဘေးနှင့်လွတ်ခဲ့သည်၊ ဒုတိယအရွယ်တွင်လည်းသေဘေးမှလွတ်ခဲ့သည်၊ယခု တတိယအရွယ်တွင် သေဘေးကို မုချရင်ဆိုင်ရတော့မည်။

ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ရုပ်နာမ်ကပြုခဲ့သော ကုသိုလ်၊ အကုသိုလ်အရှိန်က စတုတ္ထဘဝဆိုသောတမလွန်လောကဝယ် အကျိုးပေးတော့မည်။

နိဗ္ဗာန်မရောက်သေးသမျှ(စုတိပြီးနောက်ပဋိသန္ဓေ) သေပြီးနောက် ဘဝသစ်ပဋိသန္ဓေယူရခြင်း၊နိယာမတရားကမည်သို့ မျှရှောင်လွှဲ၍မရနိုင်ပါ။

စုတိပြီးနောက်ပဋိသန္ဓေတွင် ပဋိသန္ဓေနေရမည့်ဘဝသည် ကောင်းသောသုဂတိဘုံနှင့် သုဂတိရုပ်နာမ်ခန္ဓာရဖို့လိုပါသည်၊ ထိုမှတစ်ဆင့်မြင့်သော် လွတ်မြောက်ငြိမ်းပြတ်ရာနိဗ္ဗာန်ရောက်ဖို့လိုပါသည်။

ကောင်းရာသုဂတိဘုံနှင့်နိဗ္ဗာန်ရောက်ဖို့အတွက် ယခုတတိယဘဝအရွယ်တွင် မိမိသည် အသိတရား ဒါနသီလ

တရားမရှိခဲ့သော် စုတိပြီးနောက်ပဋိသန္ဓေတွင် ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်ဟူသောဘုံ၌ ရုပ်နာမ်ရဖို့က သေချာနေပါသည်။

ထို့ကြောင့် မိမိသည် ဤဘဝ၌အရွယ်တွင် အသိဉာဏ်ရအောင်ကြိုးစားဖို့လိုသလို ထိုရလာသောအသိဉာဏ်ကိုအသုံးချ၍ မိမိဘဝကောင်းရာသုဂတိသို့ စုတိပြီးနောက်ပဋိသန္ဓေရရေး အဆုံးစွန်လွတ်မြောက်ရေးကို ကြိုးပမ်းရန်လိုအပ်နေပါသည်။

ဤသို့ကြိုးပမ်းနိုင်ရန် စာရေးသူသည် ဤ "တဝိယအရွယ်ဘာဝနာသည်"ဟူသော လမ်းညွှန်မှုဖြင့် လမ်းညွှန်မှုပြုပါရစေ။

သင့်ဘဝအသိတရားရလာလျှင် ကျွန်ုပ်ကြိုးစားဘိုးနပ်သည်ဟု ယုံကြည်ယူဆမိပါတော့သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီပေးကြသောသမီးများ၊ ဇနီးဒေါ်တင်အေးနှင့် ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးကိုကိုမြိုင်
စ/၅၅၊ သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း- ၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)

## မိမိဘာဝအရွယ်ဆင်ခြင်ဖွယ်

ဘုရားရှင်က လူ့ဘဝနှင့်ပတ်သက်၍ ခဲယဉ်းခြင်းငါပါးကို ဟောတော်မူခဲ့ပါသည်-

| | |
|---|---|
| ကိစ္ဆော မနုဿပဋိလာဘော | =လူအဖြစ်ရဖို့အလွန်ခဲယဉ်းသည် |
| ကိစ္ဆံ မစ္စာနုဇီဝိတံ | =လူတစ်ယောက်အဖြစ် အသက်ရှင်ဖို့ရာအလွန်ခဲယဉ်းသည် |
| ကိစ္ဆံ သဒ္ဓမ္မဿဝနံ | =မဂ်ဖိုလ်ရကြောင်း သူတော်ကောင်းတရားတွေနားကြားခွင့်ကြုံဖို့ရာခဲယဉ်းသည် |

ကိစ္စောဗုဒ္ဓါနုဗ္ပဟာဒေါ -ဘုရားပွင့်တော်မူလာသောအခါ
သာသနာနှင့်ကြုံကြိုက်ဖို့အလွန်ခဲယဉ်းသည်

ယင်းနှင့်တစ်စပ်တည်းပင် စက်လေးပါးနှင့်ပြည့်စုံရန်လည်း လိုအပ်ပါသည်။

ပုဗ္ဗေစကတပုညတာစက်-ရှေးက ကောင်းမှုရှိခြင်း
ပတိရူပဒေသဝါသစက် -အရပ်ဒေသကောင်းမှ လူလာဖြစ်ရခြင်း
သပ္ပုရိသနိဿယစက် -သူတော်ကောင်းတွေနှင့်ပေါင်းဖော်မှီဝဲရခြင်း
အတ္တသမ္မာပဏိဓိစက် -မိမိကိုယ်ကိုကောင်းအောင်ဆောက်တည်နေထိုင်ခြင်း

ယနေ့ မိမိတို့သည် အတိတ်ဘဝက လူဖြစ်စေနိုင်သောကံတွေကိုပြုခဲ့ကြ၍ ရခဲသောလူ့ဘဝကိုရခဲကြပြီး အသက်ကလည်း ယခုထိတတိယအရွယ်ထိ ရှင်သန်ကြီးထွားနေဆဲဖြစ်ပါသည်။

ဤကာလအတောအတွင်း မဂ်ဖိုလ်ရကြောင်းတရားတွေလည်းနာခဲရပါသည်၊ စာတွေဖတ်ရပါသည်၊ ဟောမည်

ပြောမည်၊ ဆရာသံဃာတွေနှင့်လည်း တွေ့ဆုံပြီး နာကြား မှတ်သားခဲ့ကြရပါသည်။

မိမိတို့သည် ခဲယဉ်းခြင်းငါးပါးကို ကံအားလျော်စွာ ရခဲ့ကြပြီး စက်လေးပါးနှင့်လည်း ပြည့်စုံနေကြရပါသည်။

ထိုသို့သောဘဝတွင် မိမိတို့သည် အသိဉာဏ်နှင့် ပြည့်ဝသောလူဖြစ်ကြရန် ကြိုးစားဖို့လိုပါသည်။

အသိဉာဏ်နှင့်ပြည့်စုံကြသောသူတို့သည် လောက နှင့်ဓမ္မနှစ်ဌာနတို့တွင် လုံးဝတိုးတက်ကြီးပွားချမ်းသာလွန်ကို ခံစားလိုကြပါသည်။

ထိုသို့ခံစားနိုင်ရန်အတွက် ဆင်ခြင်ဖွယ်လေးပါးကို အထူးသတိထား သိထားကြရန်လိုအပ်ပါမည်။

မူလပဏ္ဏာသ၌ ဘုရားရှင်ဟောကြားခဲ့သော ဆင်ခြင် ဖွယ်(၄)ပါးမှာ-

| | |
|---|---|
| သင္ခါကသမ္ပဇည | -အကျိုးရှိတာကို ရွေးချယ်ဆင်ခြင် တတ်ရမည် |
| သပ္ပါယသမ္ပဇည | -သင့်-မသင့်ကို ရွေးချယ်ဆင်ခြင် တတ်ရမည် |

ဂေါစရသမ္ပဇည -မပြတ်မလပ်ပြုအပ်တာကို ဆင်ခြင်တတ်ရမည်

အသမ္မောဟသမ္ပဇည -မတွေမဝေသိတာကို ဆင်ခြင်တတ်ရမည်

ရှေးအတိတ်ကံကောင်းမှုတွေကြောင့် လူ့ဘဝကိုရလာပါသည်၊ စက်လေးပါးနှင့်ပြည့်စုံနေကြရပါသည်၊နောက်ဘဝသံသရာအနာဂါတ်ဘဝ ၌ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့၊ ရောက်ဖို့အတွက်နှင့်မရောက်ခင်ကာလစပ်ကြား ကောင်းရာမွန်ရာသုဂတိဘဝရဖို့အတွက် မိမိဘဝကို သမ္ပဇညဆိုသော ဆင်ခြင်ဖွယ်တရားတို့နှင့်ဆင်ခြင်ပြီး ကာယကံ၊ဝစီကံ၊မနောကံတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဤဆင်ခြင်ဖွယ်လေးရပ်ကိုဆင်ခြင်၍ မိမိသည် ဤလူ့ဘဝ၀ယ် ခဲယဉ်းတာတွေကိုရထားပြီးပြီ၊ စက်လေးပါးနှင့်လည်းပြည့်စုံထားပြီးပြီ၊မိမိသည် ပထမအရွယ်ကလည်း ပညာသင်နေရသည့်အတွက် ဘဝ၏ရုပ်နာမ်ဖြစ်ပျက်မှုကို ဘာမျှအာရုံထားမစဉ်းစားမိခဲ့။

ဒုတိယအရွယ်တွင်လည်း အိမ်ထောင်ရေး၊ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေးတွေကြားဝယ် ချာချာလည်ခဲ့ရပြီး ရုပ်နာမ်ဓမ္မသင်္ခါရကို ဘာမျှမစဉ်းစားမဆင်ခြင်မိခဲ့ပါ။

ထို့ကြောင့် မိမိဘဝသည် ယခု တတိယအရွယ်ရောက်သည်အထိ ရုပ်နာမ်ဓမ္မ အာယတနဓာတ်သစ္စာတို့ကိုဘာမျှ မသိသေးသော အန္ဓပုထုဇဉ်ဘဝပင် ရှိနေပါသေးသည်။



## ပုထုဇဉ်ဆိုသည်မှာ

ပုထုဇဉ်ပုဂ္ဂိုလ်သည် အကောင်း-အဆိုးနှစ်မျိုးတွင် အဆိုးဘက်၌ အင်အားများတတ်သောသဘောရှိသည်။

ပုထုဇဉ်ပုဂ္ဂိုလ်သည်

- ကိလေသာအပူဓာတ်ကိုဖြစ်စေသောသူ
- သက္ကာယဒိဋ္ဌိအယူရှိသောသူ
- ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊လူ၊ နတ်ဗြဟ္မာဝဋ် ငါးပါးမှ မလွတ်ကင်းသူ
- သံသရာဝဲဩဃလေးပါး၌ခံရသူ
- ကုသိုလ်ကံ-အကုသိုလ်ကံနှစ်ပါးကိုပြုလုပ်သူ
- ထိုကံတရားများ မိမိ၌ရှိနေသူ
- ကိလေသာတရားတို့၏ လောင်မြိုက်မှုကိုခံနေရသူ

-အာရုံငါးပါးကာမဂုဏ်တရားတို့၌ ကပ်ငြိနေသူ
-နိဝရဏတရား ဖုံးလွှမ်းခံရသူတို့တရားများ ဖြစ်ပွားအောင်ဆောင်ရွက်သူ
-အကျင့်ကောင်းတရားကို မျက်ကွယ်ပြုသူ
-အကျင့်ဆိုးတရားကိုလက်ခံသူ၊ ဆောင်ရွက်သူ
-အရိယာပုဂ္ဂိုလ်တို့နှင့် ရောနှောမှုကင်းသူ
-အရိယာပုဂ္ဂိုလ်အရေအတွက်မှ တစ်သီးတခြားကင်းလွတ်နေသူ

တို့ ဖြစ်ပါသည်။

ထိုပုထုဇဉ်သည်-

-မိမိ၏ ခန္ဓာကိုယ်နှင့်စပ်၍ ခန္ဓာ၊ အာယတနဓာတ်တရားစသည်အပေါ် သင်ယူခြင်း၊ အဖန်တလဲလဲမေးမြန်းရခြင်း၊ နာယူခြင်း၊ နာယူမှုကို ဆောင်ထားရခြင်း၊ နှလုံးသွင်းဆင်ခြင်မှုပြုရခြင်းတို့ကို မဆောင်ရွက်သောသူသည် ကန်းသောပုထုဇဉ်(အန္ဓပုထုဇဉ်) ဟုခေါ်ပါသည်။

-မိမိခန္ဓာကိုယ်နှင့်စပ်၍ ခန္ဓာ၊အာယတနဓာတ်တရားတို့ အပေါ်၌ အန္ဓပုထုဇဉ်ကဲ့သို့ မဟုတ်ဘဲသိရှိအောင်

သင်ယူခြင်း၊အဖန်တလဲလဲမေးမြန်းခြင်း စသည်တို့ကို ဆောင်ရွက်နေသောသူကိုကောင်းသော ပုထုဇဉ် (ကလျာဏပုထုဇဉ်)ဟူ၍ ခေါ်ပါသည်။

မိမိခန္ဓာကိုယ်သည် ရုပ်-နာမ်နှစ်ပါးဖြင့်တည်ဆောက်ထားသော ခန္ဓာကိုယ်ဖြစ်သည်။

ထိုခန္ဓာကိုယ်ကို အသေးစိတ်သရုပ်ခွဲကြည့်လျှင်-

-အဘယ်တရားသည် ရုပ်တရား

-အဘယ်တရားသည် နာမ်တရား

-အဘယ်တရားသည် ဓာတ်တရား

စသည်ဖြင့် တတ်သိနားလည်သင်ယူခြင်း၊မေးမြန်းခြင်း စသည်တို့ကို ဆောင်ရွက်ပါမှ ကလျာဏပုထုဇဉ်ဖြစ်မည် ဖြစ်ပါသည်။

ကလျာဏပုထုဇဉ်သည် အန္ဓပုထုဇဉ်ထက် သာလွန်ပါ၏၊သို့သော်လည်း ကိလေသာအပူဓာတ်တရား မကင်းသေးသူဖြစ်နေ၍ တစ်ချက်မှားလျှင် တစ်ဖန်ပြန်၍ အယူလွဲမှားသွားနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကလျာဏပုထုဇဉ်သည် လမ်းဆိုးလမ်းကောင်းနှစ်မျိုးကို ခွဲခြားသိရုံမျှသာရှိသေးပြီး အရိယာမဂ်လမ်းသို့ မရောက်သေးသောကြောင့်ဖြစ်ပါသည်။

အရိယာမဂ်လမ်းသို့ ရောက်ရှိရေးမှာလည်း-

-အန္ဓပုထုဇဉ်မှကလျာဏပုထုဇဉ်ဖြစ်အောင်

-ကလျာဏပုထုဇဉ်အဖြစ်မှ စူဠသောတာပန်အငယ်စားဖြစ်အောင်

-စူဠသောတာပန်အငယ်စားမှမဟာသောတာပန်အကြီးစားဖြစ်ရအောင် အားထုတ်ရပါမည်။

ဤသို့အဆင့်ဆင့်အားထုတ်ပါမှ အရိယာမဂ်လမ်းသို့ ရောက်ပါမည်၊ သံသရာခရီးလမ်းတွင် သတ္တဝါတို့အတွက် သုဂတိလမ်းနှင့်ဒုဂ္ဂတိလမ်း (၂)လမ်းရှိနေပါသည်။

သုဂတိလမ်းမှာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဖြစ်သည်။

ဒုဂ္ဂတိလမ်းမှာ အပါယ်လေးဘုံလမ်းဖြစ်ပါသည်။

ဘဝသံသရာခရီးရှည်ကြီး၌ ပုထုဇဉ်ပုဂ္ဂိုလ်များသည် သုဂတိဘဝနှင့်ဒုဂ္ဂတိဘဝ(၂)မျိုးဖြင့် လည်ပတ်နေရပါမည်။

သတ္တဝါအားလုံးတို့၏ ဘဝရရှိမှုသည် နိဗ္ဗာန်သို့ မရောက်သေးသမျှကာလပတ်လုံး အကြောင်းနှင့်အကျိုး အားလျော်စွာ သံသရာစက်ဝန်းခေါ် ပဋိစ္စသမုပ္ပါဒ်အရ လောကတရားတော်အတိုင်း လည်ပတ်နေရဦးမည်သာ ဖြစ်ပါ

သည်။ ပုထုဇဉ်ဘဝကို စစ်တမ်းထုတ်ရလျှင် သုဒ္ဓါဝါသ (၅)ဘုံ မှတစ်ပါး(၂၆)ဘုံသည် ပုထုဇဉ်တို့၏ ကွက်လပ်မရှိသော ကျက်စားရာဌာနကြီးများ ဖြစ်ကြပါသည်။

ထိုသို့ ကျက်စားရာဌာနကြီးမာေးမှုအရ ဘဝရရှိမှုနှင့် ပတ်သက်၍ ပုထုဇဉ်ဘဝရရှိမှုသည်-

- အပါယ်လေးပါး၌လည်း ဖြစ်နိုင်သည်
- နတ်ပြည်၌လည်း ဖြစ်နိုင်သည်
- ဗြဟ္မာပြည်၌လည်း ဖြစ်နိုင်သည်

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး ကျန်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာပုဂ္ဂိုလ်(၃)မျိုးများသည် လူ၊ နတ်၊ ဗြဟ္မာမည်သော သုဂတိဘဝ၌လည်ပတ်နေရပါသည်၊ သို့သော် သောတာပန်အရိယာအဆင့်ရောက်သော ပုဂ္ဂိုလ်များသည်အနည်းဆုံး(၇)ဘဝမှသာ ကျင်လည်ရပါတော့သည်။

ထိုသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာ (၃)မျိုးသည် နောက်ဆုံးရဟန္တာဖြစ်သောအခါ သံသရာခရီး အလည်ရပ်သွားပါတော့သည်။

ထို့ကြောင့် လူ့ပြည်ဘဝ၌ အဘယ်မျှကြီးကျယ်သော ဂုဏ်ကြီးနှင့် အာဏာရှင်ဖြစ်ပါစေ၊ နတ်ပြည်ခြောက်ထပ်၌

အဘယ်မျှကြီးသောဘုန်းတန်ခိုးအရှိန်အဝါရှိသော နတ်ဖြစ်ပါစေ၊ ဗြဟ္မာပြည်၌ ဘုန်းတန်ခိုးအဘယ်မျှကြီးသော ဗြဟ္မာဖြစ်ပါစေ၊ အရိယာပုဂ္ဂိုလ်အဆင့်မရောက်သေးသမျှ မိမိဘဝသည် စိတ်ချရသော ဘဝမျိုးမဟုတ်သေးသည်ကို သိရှိရပါမည်။

ထို့ကြောင့် ပဌမအရွယ်၊ ဒုတိယအရွယ် လွန်လာပြီး တတိယအရွယ်ရောက်လာသော သင်သည် စတုတ္ထဘဝနောင်တမလွန်ဘဝအတွက် ပုထုဇဉ်ဘဝနှင့်ပင် ဘဝနိဂုံးချုပ်မည်လော၊ ဒါမှမဟုတ် သာသနာနှင့်ကြုံကြိုက်နေသော အခါသမယဝယ် ဘဝငြိမ်းပြတ် နိဗ္ဗာန်ဓာတ်ကိုရအောင် လုပ်မည်လော၊ စဉ်းစား၍ ကြိုးစားပါလေ။



## မိမိ၏စိတ်သဘောကိုဆန်းစစ်ကြည့်ပါ

မိမိသည် ဤတတိယအရွယ် ဘာဝနာသည်ဘဝတွင် မိမိ၏စိတ်ကလေးကို မိမိသိအောင် ဆန်းစစ်ထားရန် လိုနေပါသည်။

မိမိသည် ဟိုဟာသိ-ဒီဟာသိ အချိန်ရှိသရွေ့အာရုံတွေကို သိနေကြသည်၊ထိုသို့ သိတတ်သောသဘောကို "စိတ်" ဟုခေါ်ပါသည်။

ဤတွင် သိ-ဆိုသော်လည်း ဉာဏ်ဖြင့်သိသောမဟုတ် အာရုံကိုရအောင်ယူခြင်းကိုပင် "အသိ"ဟုခေါ်ပါသည်။

-အဆင်းအာရုံကိုမြင်သောအခါ မြင်သိ-သိသောစိတ်

-အသံအာရုံကိုကြားသောအခါ ကြားသိ-သိသော စိတ်

-အနံ့အာရုံကိုမွှေးသောအခါ နံသိ-မွှေးသိ-သိသော စိတ်

-အရသာကိုခံစားရသောအခါ အရသာသိ-သိသော စိတ်

-တစ်စုံတစ်ခုကိုတွေ့ထိရသောအခါ အတွေ့အထိ-သိသောစိတ်

-အာရုံငါးပါးနှင့်တကွ ကြွင်းသော အကြောင်းအရာတွေကို သိသောအခါ ဆိုင်ရာကိုသိသော-စိတ်များ

ဖြစ်ပေါ်လာရသည်။

စိတ်နှင့်ပတ်သက်၍ ဓမ္မပဒ၌-

-စိတ်သည် အဝေးသို့လည်းသွားနိုင်၏

-တစ်ပါးတည်းသာ လှည့်လှည်လေ့ရှိ၏

-ခန္ဓာကိုယ်အထည်ဒြပ်မရှိ

-ခန္ဓာကိုယ်ဝယ် ဟဒယလိုဏ်ဂူ၌ အများအားဖြင့် ဖြစ်လေ့ရှိ၏။

ဟူ၍ ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

စိတ်သည် အဝေးသို့သွားသည်ဆိုသည်မှာ ခြေဖြင့် လျှောက်သွားသကဲ့သို့သွားသည်မဟုတ်ပါ၊ အလွန်ဝေးသော

အရပ်ကိုလှမ်း၍ အာရုံပြု၍သိနိုင်သောကြောင့် အဝေးရောက်အောင်သွားသကဲ့သို့ ထင်မှတ်ရပါသည်။

ဥပမာ-ရန်ကုန်မှနေ၍ မန္တလေးမှာရှိသော အရာဝတ္ထုများကို အာရုံပြုရာ၌ စိတ်ကမန္တလေးရောက်သွားသည် မဟုတ်ပါ။ရန်ကုန်၌ပင်နေလျက် မန္တလေးကိုအာရုံပြုနိုင်သောကြောင့် အဝေးသို့သွားနိုင်သည် ဟု ဆိုပါသည်။

စိတ်တစ်ပါးတည်းလှည့်လှည်သည်ဆိုသည်မှာ စိတ်သည်အလွန်အဖြစ်အပျက်မြန်သည်၊ လက်ဖျစ်တစ်ချက်တီးခန့်အချိန်မှာပင် ကုဋေတစ်သိန်းဖြစ်ပျက်သွားနိုင်သည်၊ ထိုမျှလောက်အဖြစ်အပျက်မြန်သည့်အတွက် စိတ်နှစ်မျိုးသုံးမျိုးတစ်ပြိုင်နက်ဖြစ်၍ အာရုံနှစ်ခုသုံးခုကို တစ်ခါတည်းယူနိုင်သည်ဟု ထင်မှတ်ရပါသည်။

အမှန်မှာ စိတ်နှစ်မျိုး-သုံးမျိုး တစ်ပြိုင်နက်ဖြစ်ရိုးမရှိပါ၊ တစ်စိတ်ပြီးမှတစ်စိတ်ဖြစ်၍ အာရုံတစ်ခုကိုယူပြီးမှ အခြားအာရုံတစ်ခုကို ဆက်၍ယူနိုင်ပါသည်။

မွှေးကြိုင်စွာပန်းနံ့သာဆွတ်ထားသော ဖဲမွေ့ရာပေါ်၌ထိုင်လျက် ချိုချဥ်စားရင်းက သီဆိုနေသောမင်းသမီးကိုကြည့်ရှုနားထောင်ရာဝယ် အဆင်း၊ အသံ၊ အနံ့၊ အရသာအတွေ့အထိ ငါးမျိုးစလုံးပင် အနီးအပါး၌ ရှိပါ၏။

သို့သော် စိတ်သည်ထိုအာရုံငါးမျိုးစလုံးကို တစ်ပြိုင်နက်မသိပါ၊ မိမိအနှစ်သက်ဆုံးအာရုံတစ်ခုခုကို စိတ်တစ်မျိုးဖြင့်ရှေးဦးစွာသိပြီးမှ အခြားသောအာရုံများကို တစ်ခုပြီးတစ်ခု ဆက်၍ဆက်၍သိပါသည်။

ဤသို့လျှင် စိတ်သည်(၂)ပါး၊(၃)ပါး အများအပြားပြိုင်၍ဖြစ်ရိုးထုံးစံမရှိပါ၊ တစ်ခုတည်းသာဖြစ်ရိုးရှိပါသည်။

အာရုံတစ်ခုကို စိတ်ကယူရာ၌လည်း ထိုအာရုံကိုစိတ်တစ်စိတ်တည်းက အပြီးအစီးသိအောင် မယူနိုင်ပါ၊အာရုံတစ်ခုကိုသိထိုက်သမျှသိအောင် စိတ်ပေါင်းအတော်များစွာဆက်ကာဆက်ကာဖြစ်ရသည်။

ထိုသို့ဆက်၍ ဆက်၍ အတော်များစွာဖြစ်ရသော်လည်း လက်ဖျစ်တစ်ချက်တီးအချိန်မှာ ကုဋေသိန်းပေါင်းများစွာဖြစ်ပျက်နိုင်သောကြောင့် လူတို့ကမြင်-မြင်ခြင်း၊ ကြား-ကြားခြင်း၊ မွှေး-မွှေးခြင်း၊ ထိ-ထိခြင်း၊ သိသည်ဟု မှတ်ထင်နေကြပါသည်။

စိတ်သည် အထည်ကိုယ်ဒြပ်မရှိဆိုသည်မှာ စိတ်တွင်အထည်ကိုယ်၏ဒြပ်ထင်ရှားမရှိပါ၊သို့အတွက် စိတ်ကိုဖြူသည်၊ မည်းသည်၊ ပိန်သည်၊ ဝသည် စသည်ဖြင့် မဆိုနိုင်ပါ၊ အာရုံကိုသိနိုင် သာသဘောသတ္တိမျှသာ ရှိပါသည်။

ခန္ဓာကိုယ်ဟဒယလိုဏ်ဂူ၌ အောင်းသည် ဆိုသည်မှာ မြင်-သိ-သိသောစိတ်သည် မျက်လုံးအတွင်းမှာ ဖြစ်ပါသည်။

ကြားသိ-သိသောစိတ်သည် နားအတွင်းမှာဖြစ်သည်
နံသိ-သိသောစိတ်သည် နှာခေါင်းအတွင်းမှာဖြစ်သည်
အရသာသိသောစိတ်သည် လျှာအတွင်းမှာဖြစ်သည်
အတွေ့အထိ သိသောစိတ်သည် ခန္ဓာကိုယ်ဝယ် ထိမိရာအရပ်တိုင်းမှာ ဖြစ်သည်

ဤသို့လျှင် အချို့အချို့စိတ်များ မျက်လုံးစသောအရပ်၌ဖြစ်သော်လည်း များစွာသောစိတ်တို့က ရင်ချိုင့်အတွင်းရှိ ဟဒယနှလုံးအိမ်မှာ ဖြစ်ကြသည်။

ဤသို့ လိုဏ်ဂူနှင့်တူသောနှလုံးအိမ်မှာ အဖြစ်များသောကြောင့် စိတ်ကို "ဂူအောင်းသည်"ဟု ဆိုကြပါသည်။



## ဓမ္မဓိတ်ကိုပြုပြင်ပါ

စိတ်တို့သည် အလွန်အဖြစ်အပျက်မြန်လှသော ကြောင့် ငါးမိနစ်လောက်အတွင်းမှာပင် စိတ်ကောင်းစိတ်ဆိုး (ကုသိုလ်-အကုသိုလ်)စိတ်ရောနှောလျက် ဖြစ်တတ်ပါသည်။

နံနက်စောစောအိမ်ပေါ်မှာ ဘုရားရှိခိုးလျက် ကုသိုလ် စိတ်ဖြစ်နေစဉ် အိမ်အောက်ထပ်မှရောင်းဝယ်မှုကိစ္စဖြင့် ခေါ်သံ ကြား၍ လောဘစိတ်ဖြစ်ရသည်။

ဘုရားအာရုံပြုနေစဉ် မခံချင်ဖွယ်ပြောလာ၍ ဒေါသ ဖြစ်ရသည်။

ရောင်းဝယ်မှုလောဘကိစ္စပြုတုန်းမှာပင် အလှူခံလာ ၍ လှူဒါန်းချင်စိတ်ဖြစ်ပေါ်လာသည့်အခါ သဒ္ဓါကုသိုလ်စိတ် ဖြစ်ရသည်။

တစ်စုံတစ်ခုအလိုမကျ၍ ဒေါသဖြစ်နေစဉ်မှာပင် ဆရာသမား၏အဆုံးအမကိုသတိရ၍ သတိစိတ် (ကုသိုလ်စိတ်) ဖြစ်ပြန်၏။

ဤသို့လျှင် စိတ်တို့၏ပြောင်းလဲပုံမြန်လှသောကြောင့် စိတ်ဖြစ်တိုင်းဖြစ်တိုင်း မိမိစိတ်ကို စိတ်ကောင်းလား-စိတ်ဆိုးလား ဟုခွဲခြား၍ သိအောင်သတိထားပြီးလျှင် မိမိစိတ်ကို စိတ်ကောင်းများများဖြစ်အောင် ပြုပြင်ရန် လိုပါသည်။

လူတို့သည် တစ်ယောက်နှင့်တစ်ယောက်ရုပ်ချင်းမတူကြသကဲ့သို့ စိတ်ချင်းလည်း မတူကြပါ။

ထုံထိုင်းသောရုပ်၊ သွက်လက်သောရုပ်ကွဲပြားသကဲ့သို့ ထုံထိုင်းသောစိတ်၊သွက်သွက်လက်လက်ထက်မြက်သောစိတ် ဟူ၍ ကွဲပြားခြားနားပါသည်။

စိတ်ချင်းကွဲပြားရာ၌ စိတ်ကောင်း စိတ်ထက်ဘက်၌ အဆက်ဆက်တန်းတက်ကာ ပြိုင်ဘက်ကင်းလောက်အောင် စိတ်ကောင်းသူထက်မြက်သူများရှိသလို စိတ်ယုတ်မာဘက်၊ စိတ်ထိုင်းမှိုင်းဘက်၌လည်း အဆက်ဆက်ဆိုးကာ ကြောက်မက်စက်ဆုပ်ဖွယ်ကောင်းအောင် ယုတ်မာသူ၊ ဆုံးမ၍မရလောက်အောင်ပင် ထိုင်းမှိုင်းသူများရှိကြပါသည်။

တောမှာမွေး၍တောသွေးပါလာသော တောသူတော သားများသည် မြို့ကြီးသူတို့၏ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံအလုံးစုံ ကို အတုယူ၍ ကိုယ်ကျန်းမာရေးစိတ်ချမ်းသာရေးကိုပါ လိုက် စားပြီး ပြုပြင်လိုက်ပါက မကြာခင် ရုပ်တစ်မျိုးပြောင်းကာ တစ် နှစ်-နှစ်နှစ်ကြာလျှင် ရှေးက မြင်ဖူးတွေ့ဖူးသောသူများပင် မမှတ် မိလောက်အောင် ရုပ်ပြောင်းသွားတတ်သောသဘောရှိပါ သည်။

ဤသို့လျှင် အပြောင်းအလဲနှေးသဖြင့် အမြင်ခက် သောရုပ်အဆင်းသည်ပင် ပြင်တတ်သူပြင်၍ တစ်မျိုးတစ်ဖုံ ပြောင်းလဲနိုင်ပါသည်။

အလွန်တရာအပြောင်းအလဲမြန်ပြီး အလွန်အမြန် ပြုပြင်ရန် လွယ်သောစိတ်ကိုတကယ်မြင်လိုလျှင် အဘယ်မှာ မရဘဲရှိပါအံ့နည်း။

နေ့စဉ်နှင့်အမျှ မိမိ၏စိတ်ဖြစ်ပျက်နေပုံကိုသတိထား ၍ မတော်မတရားဖြစ်ပေါ်လာသော စိတ်များကိုနှိမ်နှင်းသွား နိုင်ပါလျှင် မကြာခင်စိတ်ကောင်းရှိသူဖြစ်ကာ တစ်နှစ်-နှစ်နှစ် ကြာလျှင် မိမိစိတ်ကိုပင် ကြည်ညိုလာပါလိမ့်မည်။

မိမိစိတ်၏စိတ်ထားမကောင်းသောအချက်၊ ယုတ်မာသောအချက်များကို မိမိသာအသိဆုံးဖြစ်သည်။

စိတ်ယုတ်မာရှိနေသူသည် လောကီအရာ၌ ဂုဏ်မည်မျှအထက်တန်းသို့ရောက်နေစေကာမူ စိတ်ကမူ အောက်တန်းကျနေသေးသည်သာ ဖြစ်ပါသည်။

စိတ်နေစိတ်ထားအောက်တန်းကျနေသောဂုဏ်ကြီးရှင်များသည် နောက်ဘဝတွင် အောက်ချနောက်ကျဘဝအပါယ်လေးပါးဘဝသို့ ကျရောက်မည်သာဖြစ်ပါသည်။

ထိုကဲ့သို့ မိမိဘဝအဆင့်အတန်းကျသွားမည်ကို သတိထားပြီး မိမိ၏စိတ်ဓာတ်အထက်ကျမြင့်မားအောင် မြင့်မြတ်လာအောင် ကျင့်ကြံအားထုတ်ရန် လိုအပ်ပါသည်။

စိတ်ဆိုးစိတ်ယုတ်ရှိသောသူသည် မိမိကိုယ်လည်း မိမိမကြည်ညိုနိုင်ပါ၊ ညီအကိုမောင်နှမသားချင်းဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများသိကလည်း မချစ်ခင်၊မမြတ်နိုး၊မကြည်ညိုမလေးစားတတ်ပါ။

ဤသဘောကိုသိ၍ မိမိ၏စိတ်ဓာတ်ကို အများသူတို့ကြည်ညိုလေးစားချစ်ခင်လာအောင် ကြိုးစားထိန်းသိမ်းဆောင်ရွက်နိုင်ရပါမည်။

စိတ်နေစိတ်ထားယုတ်မာသောသူသည် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုပြုခြင်း၊အမှုပြုနေရုံနှင့်စိတ်ထားစင်ကြယ်သွားသည်ဟု မယူဆနိုင်ပါ။စိတ်ရင်းမကောင်းသူ၏ ကုသိုလ်ကံများသည်ကား အကျိုးပေးမှုစင့်စင်ကြယ်ကြယ် မရှိတတ်ပါချေ။

ထိုသည်သဘောကိုသေချာစွာသိ၍ မိမိ၏စိတ်ထားကိုဖြူစင်အောင် မြင့်မြတ်အောင် ကြိုးစားရပါမည်။

မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနထံသို့ အလွန်အရေးကြီးသောသာသနာရေးပြဿနာတို့ကို မေးမြန်းမည်ဟု စိတ်အကြံဖြစ်သောအခါ ပြဿနာကိုမမေးခင်(၇)ရက်ပတ်လုံး မိမိစိတ်ကို သမာဓိရအောင် ထိန်းသိမ်းစောင့်စည်းပုံမှာ အတုယူဖွယ်ကောင်းလှပါသည်။

မင်းကြီးသည် နံနက်စောစောအိပ်ရာထပြီးလျှင် ကိုယ်လက်စင်ကြယ်အောင်ရေချိုး၍ ဝတ်ရုံဝတ်စဉ် အဆင်တန်ဆာများကို မဝတ်တော့ဘဲဖန်ရည်ဆိုးသောအဝါဝတ်ကိုဝတ်ကာ ဦးခေါင်းကိုလည်း ခေါင်းတုံးအသွင်ဖြစ်အောင် ခေါင်းစွပ်ကိုစွပ်၍ (၈)ပါးသောအချက်ကို(၇)ရက်ပတ်လုံး မပျက်ပြားအောင် စိတ်၌ စွဲမြဲစွာ ဆောက်တည်လေသည်။

ရှစ်ပါးသောကိစ္စများမှာ-

(၁) ၇-ရက်အတွင်း မင်းကိစ္စမပြုတော့ပြီ

(၂) ရာဂစိတ်ကို မဖြစ်အောင် စောင့်စည်းမည်

(၃) ဒေါသစိတ်ကိုမဖြစ်အောင် စောင့်စည်းမည်

(၄) မောဟစိတ်ကိုမဖြစ်အောင် စောင့်စည်းမည်

(၅) ကျေးကျွန်အလုပ်သမားများအပေါ်၌သော်လည်း စိတ်ကိုနှိမ့်ချ၍ မာန်မာနမဖြစ်အောင် စောင့်စည်းမည်

(၆) ကိုယ်မှု၊ နှုတ်မှု ထူးခြားစွာ စောင့်စည်းမည်

(၇) မြင်တွေ့ရသောအာရုံများအပေါ်၌ အကုသိုလ်မဖြစ်ရလေအောင် မျက်စိစသောဣန္ဒြေများကို စောင့်စည်းမည်

(၈) အားလုံးသောသတ္တဝါတို့အပေါ်မှာ မေတ္တာစိတ်ထားမည်

ဤ(၈)ချက်ကို (၇)ရက်စောင့်စည်းပြီးနောက်(၈)ရက်မြောက်နေ့၌ ဣန္ဒြေကိုစောင့်စည်းလျက် အရှင်နာဂသေနထံသို့သွားကာ ပြဿနာများကို မေးလျှောက်လေသည်။

ဤမိလိန္ဒမင်းကြီး၏ စိတ်ထိန်းနည်းထုံးကို နှလုံးမူ၍ မိမိ၏စိတ်ကိုထိန်းသိမ်းစောင့်ရှောက်နိုင်လျှင် အကုသိုလ်စိတ်

များမဖြစ်ပွားနိုင်ဘဲ ကုသိုလ်တရားများသာ ပေါ်ပေါက်လာ၍ စိတ်လည်းအဆူးစင်ကြယ်စေသည်။

စိတ္တေနနိယတေလောကော-ဤလောကကြီးကိုစိတ်ကဦးဆောင်နေပါသည်၊သတ္တဝါအားလုံးပင်စိတ်တည်းဟူသော တရားတစ်ခု၏အလိုသို့လိုက်နေရသည် ဟု ဘုရားရှင် ဟောကြားထားပါသည်။

ထို့ကြောင့် မိမိသည် ဤတတိယအရွယ်တွင် စိတ်ကောင်းစေတနာကောင်းတို့ဖြစ်ပေါ်လာအောင် စင်ကြယ်မှုဖြစ်စေရန်နှင့်အနာဂါတ်ဘဝတွင် မြင့်မြတ်သောဘဝသို့ရောက်နိုင်ရန် မိမိစိတ်ကိုအမြဲဆန်းစစ်သွားရန် လိုအပ်ပါသည်။

မိမိစိတ်ကိုမိမိ ဆန်းစစ်၍ မသိသေးသောတရားကိုသိအောင် ရဟန်းတို့ကိုဖူးတွေ့ခြင်း၊ တရားနာခြင်းတို့ကိုပြုပြီး အသိဉာဏ်တိုးတက်အောင် စိတ်သမာဓိကို တည်ဆောက်နိုင်ရန် ကြိုးစားသင့်ကြပါသည်။

## အချိန်သည် ရှုကိုမစောင့်ပါ

လောကနီတိကျမ်း၌-

-ပထမအရွယ် -ပညာ

-ဒုတိယအရွယ် -ဥစ္စာ

-တတိယအရွယ်-ဘာဝနာ

ဟု ဆိုထားသည့်အတိုင်း အရွယ်သုံးပါးစလုံး၌ အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးစားလုပ်ကိုင်ခြင်း၊ဘဝအရွယ်အသီးသီး၌ အောင်မြင်မှုသရဖူများ ဆောင်းရမြဲဖြစ်ပါသည်။

လူ့ဘဝသည် ရခဲလှသည်ဟု ဆိုသလို လူ့ဘဝအောင်မြင်မှုအသီးသီးအတွက် အချိန်သည် ရခဲလှပါသည်။

လူ့ဘုံလောက၌ မည်သည့်အရာဝတ္ထုကိုမဆို ရွှေ၊ ငွေ ရတနာနှင့် လဲလှယ်နိုင်ကြသော်လည်း အချိန်ဟူသော အဖိုးတန်ရတနာကို မည်သူမျှ အဖိုးမဖြတ်နိုင်ကြပါ။

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်"ဟူသောစကားပုံကဲ့သို့ အကျိုးမဲ့ဆုံးရှုံးသွားခဲ့ရသော အတိတ်ကာလအချိန်တည်းဟူသော ရတနာများကို "နောင်တ"တည်းဟူသော လက်တံဖြင့် ပြန်လည်၍ရယူနိုင်တော့မည် မဟုတ်ပါ။

အရာဌာနအလိုက် တန်ဖိုးကြီးမားမှုနှင့်ပက်သတ်၍ စကားပုံရှိခဲ့ပါသည်။

| | |
|---|---|
| ရတနာမှာ | -စိန် |
| ကျောင်းမှာ | -သိမ် |
| ဆွမ်းမှာ | -ပိဏ်(ပိဏ္ဍပါတ်ဆွမ်း) |
| လူမှာ | -အချိန် တို့ဖြစ်ပါသည်။ |

သတ္တဝါတို့၏ဘဝသည် နာရီစက်၏ ချက်ချက်မြည်သံနှင့်အတူ ဖြစ်-တည်-ပျက် တရစပ်ဖြစ်ကာ အိုခြင်း၊ နာခြင်း သေခြင်းဆီသို့ တရွေ့ရွေ့သွားနေလျက်ရှိပါသည်။

တစ်နေ့တစ်နေ့၌
တရွေ့ရွေ့ယွင်းယို
နောက်ကိုဖြင့်ပြန်မပျိုသည်
ရှေ့ကိုသာအိုမြဲ

ဟူသော ဓမ္မသံဝေဂလင်္ကာအတိုင်း ဘဝတစ်ခုစမိလာသည်

နှင့်တစ်ပြိုင်နက်တည်း အချိန်နှင့်အတူ ဇရာမီး၊ ဗျာဓိမီးတို့က အမြဲလောင်မြိုက်လျက်ရှိနေပါသည်။

ယနေ့ခေတ်တွင် လူသားတစ်ယောက် လူအဖြစ်ကို မွေးဖွားလာပါက လူ့ဘဝနေရဖို့ မျှော်လင့်ချက်သက်တမ်းသည် (၇၅)နှစ်သက်တမ်းမျှသာရှိပါသည်။

ကလိယုဂ်ဆုတ်ကပ်ကာလတွင် လူတို့၏သက်တမ်းသည် တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ ဂေါတမဘုရားပွင့်ချိန်သည် လူတို့၏သက်တမ်း(၁၀၀)တန်းဖြစ်ပါသည်။

လူတို့၏သက်တမ်းသည် အနှစ်(၁၀၀)ပြည့်တိုင်း (၁)နှစ်ဆုတ်သည်ဟု ဆိုပါသည်၊ ယခု ဂေါတမဘုရားပရိနိဗ္ဗာန် စံသည်မှာ နှစ်ပေါင်း(၂၅၀၀)ကျော်ရှိနေပြီးဖြစ်၍ လူ၏ သက်တမ်းသည် (၂၅)နှစ်ဆုတ်ယုတ်သွားပြီး(၇၅)နှစ်သက်တမ်း သာရှိပါတော့သည်။

ထို(၇၅)နှစ်သက်တမ်းကာလသ ည် အလွန်တိုလွန်းလှပါသည်၊ မာလာဘာရိနတ်သားက လူတို့၏သက်တမ်း(၁၀၀)ဟု ပတိပူဇိကနတ်သမီးက ပြောပြသောအခါ-

"သြော်. လူတို့၏သက်တမ်းသည် ငါတို့ တာဝတိံသာနတ်တို့ရဲ့ ရက်ပိုင်းမျှသာ အသက်ရှိကြပါကလား၊ ဤလူတွေ

သည် ဤကာလလေးကိုပင် အလွန်ရှည်လှပြီဟု ထင်ကာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿမစ္ဆရိယတို့ခြံရံပြီး ပျော်နေလိုက်ကြတာ အလွန်ပင် သနားစရာကောင်းလှပါတကား"

ဟု ညည်းတွားရေရွတ်ခဲ့သည်။

လူ့ဘဝအတွက် သက်တမ်းက တိုလွန်းလှသလို သေခြင်းတရားကလည်း အချိန်မရွေး ကျရောက်နိုင်ပါသည်၊ ဘယ်နေ့ ဘယ်အချိန် ဘယ်ရက် ဘယ်ခါ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်လိုရောဂါဖြင့် သေရမည်ကိုလည်း မည်သူမျှမသိနိုင်ကြပါ။

တစ်နေ့ကွယ် သေနယ်သို့ တစ်ခါကူး
မေ့လျော့ကာ သေဘူးမထင်ပါနဲ့
နေကွယ်တာ အချိန်များလျှင်ဖြင့်
သေနယ်ရွာ တစ်ကြိမ်သွားပါလိမ့်
တားမရဘူး

ဟု လယ်တီဆရာတော်ဘုရားကြီးက အချိန်ကိုမေ့မေ့လျော့လျော့မနေကြဖို့ သတိပေးဆုံးမထားတာကိုတွေ့ရ၍ သံဝေဂရစရာအလွန်ကောင်းလှပါသည်။

လူဟူမှန်သမျှတို့သည် ဘဝနှင့်အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်ရန် လိုအပ်ပါသည်။

ဘဝသည် အချိန်နှင့်အတူ အိုမင်းရင့်ရော်လာသည်နှင့်အမျှ သေခြင်းဆီဦးတည်သွားနေသည်ကို မမေ့မလျော့သောသတိတရားဖြင့် ကြိုးစားနေထိုင်ကြရန် လိုအပ်ပါသည်။

လူက အချိန်အခါကိုရွေးချယ်ကန့်သတ်နေသော်လည်း သေခြင်းတရားက အချိန်အခါကိုမရွေးပါ၊ အသက်အရွယ်ကိုမရွေးပါ၊ ဆင်းရဲချမ်းသာအလွှာမရွေးပါ၊ အသက်အချိန်မရွေးသေနိုင်၍ ဘုရားရှင်က အချိန်နှင့်အလုပ်ကို လေးစားရန် ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်၌-

"အဇ္ဇေဝကိစ္စမာတပ္ပံ ကော ဇညာ မရဏံ သုဝေ
န ဟိ နော သင်္ဂရံ တေန မဟာသေနေန မစ္စုနာ"

"ယနေ့လုပ်ရမည့်အလုပ်ကို ယနေ့လုပ်ပါ၊ နက်ဖြန်သန်ဘက်ခါ အချိန်ဆွဲမနေပါနှင့်၊ နက်ဖြန်ခါသည် မသေချာပေ၊ သေမည် ရှင်မည် နှစ်လီကို အဘယ်မည်သော ပညာရှိမှ တိတိကျကျမသိနိုင်ချေ၊ စစ်သည်ဗိုလ်ပါ များစွာရှိသော ထိုသေမင်းနှင့် ချိန်းချက်ထား၍ မရနိုင်၊ သေမင်းကို လက်ဆောင်ထိုး၍ မရနိုင်ချေ။

ဟူ၍ ဟောတော်မူထားခဲ့ပါသည်။

အချိန်သည် လူသားတို့၏ဘဝအတွက် တန်ဖိုးကြီးမား လှသောအရာဖြစ်ပါသည်။

"အချိန်ကို ငါဖြုန်းခဲ့၏၊ သို့အတွက် အချိန်က ငါ့ကိုဖြုန်း ခဲ့လေပြီ ဟု အနောက်တိုင်းစာရေးဆရာကြီးက ပြောခဲ့သလို ဘုရားရှင်ကလည်း အချိန်၏တန်ဖိုးနှင့်ပတ်သက်၍ ဥဒယဘဒ္ဒ ဇာတ်တော်တွင် ဖြစ်စဉ်ကို ဟောပြဆုံးမခဲ့ပါသည်"

တစ်ချိန်သောအခါက အလှသရဖူဧကရီဘုရင်မတစ် ပါးစံမြန်းနေသော နန်းတော်ဆောင်အတွင်းသို့ လုလင်ပျို တစ်ဦးသည် ညဥ့်အချိန်ဝင်ရောက်လာသည်။

ထိုလုလင်ပျိုသည် ဘုရင်မအနီးသို့ ချဉ်းကပ်ကာ ရွှေဒင်္ဂါးပဲစေ့များပြည့်နေသောရွှေခွက်ကို ဘုရင်မသို့ ဆက်ကပ် သည်။

ဘုရင်မသည် ညဥ့်အချိန်ဝင်လာသော လုလင်ပျိုနှင့် ရွှေခွက်ကိုကြည့်၍ အံ့အားသင့်ကာ-

"အို-လုလင်. . . သင်သည် အဖိုးအနဂ္ဃထိုက်တန် သော ရွှေခွက်ပြည့်လက်ဆောင်များဖြင့် ငါ့အားဆက်သလာ သည်မှာ အဘယ်ဆုလာဘ်ကို အလိုရှိပါသလဲ"
ဟု မေးလိုက်သည်။

"အလှဇကေရီ နတ်မယ်တစ်မျှ လှပသောအလှ ဘုရင်မ. . . သင်တစ်ကိုယ်တည်းနေသည်မှာ မငြီးငွေ့သေးဘူးလား၊ ကျွန်ုပ် တောင်းပန်ပါသည် နှမ၊ ဤရွှေခွက်နှင့် အပြည့်ထည့်ထားသောရွှေတို့ကို သိမ်းပိုက်ကာ ကျွန်ုပ်နှင့်အတူ ရွှေလက်တွဲပြီး နှစ်ယောက်တည်းနေကြပါစို့"

"အို-လုလင်. . . မဖွယ်မရာစကား မဆိုပါလင့်၊ ငါသည် ကွယ်လွန်သွားခဲ့သော ငါ့အရှင်ယောကျ်ား ဥဒယဘဒ္ဒမင်းမှလွဲပြီး တစ်ပါးသောသူကို ငါမတောင့်တပါ၊ သင်၏ လက်ဆောင်ရွှေကိုလည်း အလိုမရှိပါ၊ သင် ဤနေရာက အမြန်ပြန်ပါလော့"

ဒုတိယမြောက်ညဥ့်လည်း ငွေဒင်္ဂါးစေ့အပြည့်ထည့်ထားသော ငွေခွက်ကိုယူဆောင်ကာ ဘုရင်မကို ဆက်သ၍ ချစ်မေတ္တာစကားကို ဆိုပြန်လေသည်။

ဘုရင်မသည် ဤလုလင်ပျို နောက်ထပ်အဖန်ဖန်လာမည်စိုး၍ မပြောဘဲနေသဖြင့် လုလင်သည်စိတ်လျော့ကာ ပြန်သွားပြန်လေသည်။

တတိယမြောက်ညဥ့်လည်း လုလင်သည် အသပြာဖြင့်ပြည့်သောကြေးခွက်ကို လက်ဆောင်အဖြစ် ဆက်သပြီး သူနှင့်အတူ ကာမဂုဏ်၌ မွေ့လျော်ရန် တောင်းဆိုပြန်သည်။

ဘုရင်မသည် ထိုလုလင်နှင့် စကားမပြောလိုသော်လည်း ထိုလုလင်၏တောင်းဆိုမှုသည် အကြောင်းအခြင်းအရာ မဟုတ်သဖြင့်-

"အို-လုလင်. . . သင်သည် လူမှုရေးအစဉ်အလာ ဓလေ့ထုံးစံကို နားမလည်ပါလား"

ဟု မေးလိုက်သည်။

"အရှင်မင်းသမီး. . . အဘယ်ကိုဆိုလိုပါသနည်း"

"လုလင်. . . သင်သည် ပထမ၌ ရွှေခွက်နှင့်ရွှေဒင်္ဂါး၊ ဒုတိယ၌ ငွေခွက်နှင့်ငွေဒင်္ဂါး၊ ယခု သင် ဆက်သသည်မှာ ကြေးခွက်နှင့် အသပြာဖြစ်နေသည် မဟုတ်ပါလား"

"ဟုတ်ပါသည် အရှင်မင်းသမီး"

"ဒါကို သင်သည် လောကအစဉ်အလာကို နားမလည်ရာ ရောက်နေသည် မဟုတ်ပါလော"

"အရှင်မင်းသမီး. . . လောကဝတ်နားမလည်ဟု ဆိုသည်မှာ အဘယ်အရာကို ဆိုပါသနည်း"

"လုလင်. . . မိမိ၏အလိုဆန္ဒပြည့်ဝအောင် သွေးဆောင်သောသူသည် တန်ဖိုးတစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်၍ ပေးရသည်မှာ အစဉ်အလာ မဟုတ်ပါလော၊ ယခုမူသင်သည် ဤထုံးစံကိုဆန့်ကျင်လျက် တစ်ရက်ထက်တစ်ရက် တန်ဖိုး

ယုတ်လျော့၍ ဖြားယောင်းနေခြင်းမှာ အရာမဟုတ်၊ မိုက်မဲမှုသာ မဟုတ်ပါလော"

"အရှင်မင်းသမီး. . . ငါသည် လူလောက၏သဘာဝနိယာမကို ဟုတ်တိုင်မှန်စွာ သိရှိထားသည့်နှင့်အညီ ပြုမူဆောင်ရွက်ခဲ့ပါသည်။ အမှန်မှာ လူတို့သည် မွေးသည့်နေ့မှစ၍ သေမင်းတံခါးဝရောက်သည်အထိ သူတို့၏ဘဝသည် အချိန်နှင့်အတူ ဆုတ်ယုတ်လာသည် ဖြစ်ပါသည်"

"အကယ်၍ သင်၏အသက်နှင့်အဆင်းရုပ်ရည်သည် တစ်နေ့တခြား တိုးပွားနေသည်ဖြစ်ငြားအံ့၊ ကျွန်ုပ်သည် သင့်မင်းသမီးကို ပဏ္ဏာလက်ဆောင်တိုးပွား၍ ဆောင်ရာ၏"

"ယခုမူ သင်၏ ပထမနေ့အလှသည် ဒုတိယနေ့တွင် မရှိနိုင်သလို ဒုတိယနေ့ကအလှသည်လည်း ယနေ့အထိ ရောက်မလာတော့ပါ၊ အသက်နှင့်အတူ ပျက်စီးယိုယွင်းအိုမင်းယုတ်လျော့သည် မဟုတ်ပါလား၊ ထို့ကြောင့် လက်ဆောင်တန်ဖိုးကို ယုတ်လျော့ဆက်သခြင်းမှာ ကမ္ဘာ့အစဉ်အလာလောကဝတ်နှင့်ညီညွတ်သဖြင့် လောကနှင့်ဆန့်ကျင်သည်ဟု မစွပ်စွဲသင့်ပါ"

လုလင်ပျို၏ ဖြေရှင်းချက်စကားကို ဘုရင်မသည် မည်သို့ပြန်လည်၍ မဖြေရှင်းနိုင်တော့ပါ၊ ခေါင်းငုံ့၍သာ နေလေသည်။

ထိုခဏတွင်ပင် လုလင်အသွင်သဏ္ဍာန်မှ သိကြားမင်းအဖြစ်သို့ ချက်ခြင်းပြောင်းလဲသွားကာ-

"နှမတော် ဥဒယဘဒ္ဒ"

ဟူသော ခေါ်သံထွက်ပေါ်လာသဖြင့် ဘုရင်မသည် ခေါင်းမော့၍ ကြည့်လိုက်မိသည်။ သိကြားမင်းအသွင်ကို မြင်ရသောမင်းသမီးသည် အံ့အားသင့်ကာ-

"အို. . . မောင်တော်"

ဟုရေရွတ်ပြီး ရိုကျိုးစွာ ရှိခိုးသည်။

"အို-နတ်မင်း. . . အရှင်သည် ယခင်ရက်များက လုလင်အဖြစ်နှင့်ရောက်လာသော နတ်ရွာစံမောင်တော်လားဘုရား"

"မှန်တယ် နှမတော်. . . ငါကား လူ၏အဖြစ်တွင် သင်၏ချစ်လင်ဥဒယဘဒ္ဒမင်းသားဖြစ်ပါသည်။ ကွယ်လွန်ပြီးနောက် ရောက်ရာဘဝကနေ လာရောက်ပြောကြားစတမ်းဆိုသည့် ကတိကဝတ်ရှိထားသည့်အတွက် ရောက်လာခြင်းပဲဖြစ်ပါသည်နှမတော်"

"မောင်တော်. . . ယခု ဘယ်ဘဝရောက်နေပါသလဲဘုရား"

"တာဝတိံသာနတ်ပြည်ကို အစိုးရသောသိကြားမင်းဖြစ်နေပါသည် နှမတော်"

ထိုခဏတွင် မင်းသမီးသည် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးရင်း-

"နှမတော်သည် အရှင်နှင့်ကွေကွင်း၍ မနေနိုင်ပါ။ မောင်တော်ရှိရာ နှမတော်ရောက်လာနိုင်ဖို့ အဘယ်ကဲ့သို့ ပြုရမည်ကို အမိန့်ရှိပေးတော်မူပါဘုရား"
ဟု ဝမ်းနည်းကြေကွဲစွာဖြင့် လျှောက်ထားသည်။

"ချစ်နှမ. . . လူ့ဘဝ၌ အရွယ်သုံးပါးသည် လျင်မြန်စွာ ကုန်ဆုံးပေသည်၊ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာစသည့် ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်သုံးဆောက်တည် နေပါလော့"

သိကြားမင်းသည် ဤသို့ဆုံးမစကားပြောကြားပြီး နတ်ပြည်သို့ ပြန်ကြွသွားတော်မူလေသည်။

ဘုရင်မသည် နောက်နေ့မိုးလင်းသော် ညီလာခံခေါ်၍ အမတ်တို့အား တိုင်းပြည်ကိုအပ်ကာ တောထွက်၍ရသေ့ပြုကာ ဒဿကထက်ဆုံး တရားအားထုတ်၍နေတော့သည်။

လောက၌ နေမင်းဟူသည် အတုမရှိ၊ အပြိုင်မရှိ ထွန်းလင်းတောက်ပနိုင်သော်လည်း အချိန်တန်က မှောင်ထုနှင့်အတူ မြေကြီး၏ ဝါးမျိုချမှုကို ခံရသကဲ့သို့ အလှဂုဏ်၊ မနဂုဏ်၊ အာဏာဂုဏ်၊ ပညာဂုဏ်နှင့်ပြည့်စုံနေကြသော

လူသားတို့၏ဘဝသည်လည်း အချိန်နှင့်အတူပျောက်ကွယ်သွားကြရသည်သာ ဖြစ်ပါတော့သည်။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဤသို့ဆုံးမကဗျာရေးဖွဲ့ဆုံးမထားခဲ့ပါသည်-

ပစ္စည်းရှာအလုပ်နဲ့၊ နေ့ပုပ်လို့ရက်ကုန်
နှမြောဖို့အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း
ခုလိုနဲ့သံသာဗွေမှာ၊ ခန္ဓာတွေများခဲ့စကောင်း
သက်မွေးမှုစခန်းပို့အောင်၊ ဝမ်းကိုသာနင်ကြောင်း
လေးဆယ်ကျော်အရွယ်နှောင်းခါမှ၊ သူကြွယ်လောင်းလုပ်ခြင်း
မိုးကုန်ပြီး၊ ထွန်မချချင်နဲ့၊ရွှံ့စရာမှားဖို့ပြင်ဆင်
နွားအိုကြီးအသော့သင်သလို၊ မလျော့ရင်းဘဝဆုံးရှာတော့
အစတုံး နင့်အဆင်လွှဲဖို့သာပြင်
တရားသို့မသက်ဝင်လျှင် အခင်ပင်ကြံတွေ့ရှာလိမ့်လေ

## ကြံ့ကောင်းကြံ့ခဲ၊ ရကောင်းရခဲ အခွင့်ကြီးရနေသည်

ပဋိစ္စသမုပ္ပါဒ်တရားကို အဝိဇ္ဇာကစ၍ ဟောခြင်းကြောင့် ဤစက်ဝန်းသည် အဝိဇ္ဇာကချည်းစသည်ဟု မမှတ်ရပါ၊ အရင်းအမြစ်ကျသော"မောဟ"တရားကို ခေါင်းတပ်၍ ဟောခြင်းသာဖြစ်ပါသည်။

ဘုရားရှင်သည် သုတ္တန်ဒေသနာတရားတော်များတွင် ဤပဋိစ္စသမုပ္ပါဒ် (၁၂) ပါးကို တရားနာသူ၏ အနုသယ (ဝမ်းတွင်းပါအသိ) အထုံဝါသနာကိုလိုက်၍ သင့်လျော်ရာ အင်္ဂါမှာပင် စတင်ဟောလေ့ရှိပါသည်။

ပါရမီအရင့်အမာပုဂ္ဂိုလ်များမှတစ်ပါး ကျန်သော လူနတ်ဗြဟ္မာတို့သည် ဘုရားပွင့်ရာ၌ ဤစကြာဝဠာမှတစ်ပါး

အခြားသော စကြာဝဠာအနန္တတို့၌ ဖြစ်ခွင့်ရှိနေလေရာ ထိုသို့ စကြာဝဠာတစ်ပါး၌ သွား၍ဖြစ်နေကြလျှင် ဘုရားနှင့်တွေ့ခွင့် မရနိုင်ကြပါ။

ဘုရားပွင့်ခိုက်တွင် ဤစကြာဝဠာမှ ပတ်ဝန်းကျင် စကြာဝဠာတိုက်ပေါင်းတစ်သောင်းအတွင်း၌ ရှိကြသော နတ်၊ ဗြဟ္မာတို့သည်သာ ဘုရားရှင်၏တရား၌ နာကြားခွင့်ရနိုင်သည်၊ ကျွတ်လွတ်နိုင်ကြသည်၊ ပြင်ပစကြာဝဠာရှိ နတ်၊ ဗြဟ္မာတို့က အခွင့်အလမ်းမရှိကြချေ။

လူဖြစ်မှုကား ဇမ္ဗူဒီပါကျွန်းနေသူတို့သာ နာကြားခွင့်၊ ကျွတ်လွတ်ခွင့်ရကြပေသည်၊ ကျန်သုံးကျွန်းနေ လူတို့နှင့် စကြာဝဠာခြားနေသောလူတို့မှာ နာကြားခွင့်၊ ကျွတ်လွတ်ခွင့် မရကြပါ။

သို့အတွက် လူအဖြစ်ခံရမှုထက် သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးတွေ့ရန်က အလွန်ပင်ခဲယဉ်းလှပါသည်။

သက်တော်ထင်ရှားဘုရားနှင့် မတွေ့လိုက်ရသူတို့အဖို့ ဘုရားရှင်၏အဆုံးအမဖြစ်သော သာသနာတော်ကြီးတည်တံ့ ထွန်းကားနေခိုက် တရားတော်၊ သံဃာတော်တို့နှင့် ကြုံတွေ့ နေရ၍ တော်ပါသေးသည်။

မိမိသည် သာသနာမရောက်ရာ ရပ်ပြစ်ရှစ်ပါးဌာနသို့ ရောက်နေပါကလည်း မည်သို့မျှ မတတ်နိုင်ပါ။

ဂေါတမဘုရားရှင်၏သာသနာတော်နှင့်ကပ်၍ လွဲရ ရှာသော၊ အာဠာရရသေ့သည် ဘုရားမပွင့်မီ(၇)ရက်သာ အသေစောခဲ့သဖြင့် ဘုရားရှင်တစ်ပါး၊ သာသနာခေတ်တစ်ခု နှင့်လွဲ၍ အကျိုးမရခဲ့ရှာပေ။

အလားတူ ဥဒကရသေ့သည်လည်း ရှေ့သန်းခေါင်၊ နောက်သန်းခေါင်ကွာပေးပြီး အသေစောခဲ့ရသဖြင့် ဘုရားနှင့် လွဲခဲ့ရပါသည်။

ယနေ့ခေတ်ဝယ် ဤနိုင်ငံ၌လူလာဖြစ်ရပြီး ဗုဒ္ဓဘာသာ ဝင်ဖြစ်နေသောလူတို့သည် ထူးမြတ်လှသော အခွင့်အရေးကြီး ကို ကြုံတွေ့နေရပါသည်။

ရပ်ပြစ်ရှစ်ပါးနှင့်လွဲခဲ့ရသော ကုသိုလ်ကံထူးအပေါ် ဟွင် ထပ်ဆင့်၍ ဘုရားရှင်၏သာသနာနှင့် ကြုံတွေ့နေရ သည်က အလွန်ပင် ကံထူးနေသည်ကို သတိရှိကြစေလိုပါ သည်။

ကြုံကြိုက်ရခဲလှသော အကြောင်းတရားငါးပါး (ဒုလ္လဘတရား)ရှိသည့်အနက် ယနေ့ ဗုဒ္ဓဘာသာဝင်တို့သည်-

-ဘုရားသာသနာနှင့်ကြုံကြိုက်ရခြင်း

-လူ့ဘဝမှာ လူဖြစ်လာရခြင်း

-ရတနာသုံးပါးတို့နှင့်တကွ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း

-သူတော်ကောင်းတရားကိုကြားနာရခြင်း

ဟူသော ဒုလ္လဘလေးချက်ကို ရနေကြ၍ ဤကြုံတောင့်ကြုံခဲ၊ ရတောင့်ရခဲသော အခွင့်အခါကြီးကို မိမိဘဝ တတိယအရွယ်တွင် မမေ့မလျော့သတိတရားဖြင့် ကြိုးစားအားထုတ်ယူကြဖို့ လိုအပ်နေပါသည်။



## ရေခန်းနေသောကန်ထဲက ငါးဥပမာ

လူ့ဘဝဟူသည် အတိတ်ကုသိုလ်ကံကြောင့် ရလာသည်၊ ထိုကုသိုလ်ကံကြောင့် ဆက်လက်ထောက်ပံ့နေ၍ ပထမအရွယ်၊ ဒုတိယအရွယ်လွန်ကာ ယခု တတိယအရွယ် အထိ အသက်ရှင်နေရပါသေးသည်။

အချို့သည်ကား ဥပစ္ဆေဒကကံ ဟုခေါ်သော အကုသိုလ်ကံတစ်ပါးကဖြတ်၍ ပထမအရွယ်တွင် သေကြရသည်၊ အချို့ ဒုတိယအရွယ်ရောက်မှ သေကြရသည်။

ယခု မိမိမှု ဥပစ္ဆေဒကကံက မဖြတ်တောက်သေး၍ တတိယအရွယ်အထိ အသက်ရှည်လျက်ရှိနေသေးသည်။

သို့သော် မိမိလူဖြစ်ခဲ့ရသောကုသိုလ်ကံသည် တဖြည်းဖြည်းကုန်မှန်းမသိ ကုန်နေသည်ကို သတိပြုမိသူကား အလွန်ရှားပါးလှပါသည်။

လောကဥပမာအားဖြင့် ကန်တစ်ကန်တွင် မိုးအခါ၌ မိုးရွာသွန်းထားမှုကြောင့် ရေပြည့်နေသည့်ကန်ထဲရှိ ငါး၊ ဖား တို့သည် ရေအပြည့်ရှိနေ၍ ချမ်းမြေ့ပျော်ရွှင်စွာ ထိုကန်ကို မိမိတို့၏ဘုံဗိမာန်အဖြစ်မှတ်ကာ ပျော်ပါးမြူးတူးနေကြပါ သည်၊ ဆောင်းအကုန် နွေအရောက်ဝယ် ရေကန်မှရေတို့သည် နေပူဒဏ်ကြောင့် တဖြည်းဖြည်းကုန်ခန်းလိုက်လာကြသည်။

ငါး၊ ဖားတိရစ္ဆာန်တို့က အသိဉာဏ်မရှိကြ၍ ရေများ နေပူရှိန်ကြောင့် တဖြည်းဖြည်းကုန်ခန်းလာသည်ကို မသိကြ၊ ပျော်မြဲပျော်နေကြသည်၊ ရေများကုန်ခန်း၍လာသောအခါ မိမိ တို့ကို သိန်း၊ စွန်၊ ဗျိုင်း စသောငှက်တို့က ထိုးသုတ်စားသောက် ခံရပြီး သေပွဲဝင်ကြရမည်သာ ဖြစ်ကြသည်။

အလားတူပင် လောကလူသားတို့သည် လူဖြစ်လာ သော လူ့ဘဝ ကန်ပေါင်အတွင်းဝယ် သားကျေးမှု၊ မယား ကျေးမှု၊ ပျော်မှုရွှင်မှုတို့ဖြင့် ဘဝကို အချိန်လည်လာခဲ့ကြရာ ယနေ့တတိယအရွယ်ပင် ရောက်လာကြပေပြီ။

ဤအရွယ်တွင် လူဖြစ်ခဲ့ရသော ဘဝကုသိုလ်ကံများ သည်လည်း တဖြည်းဖြည်းကုန်လာခဲ့ပြီဖြစ်သည်။ နောက်ဘဝ တစ်စခန်းသို့ တက်လှမ်းရတော့မည်။

ငါးတွေရေခန်းလာသည်ကိုမသိ၍ မေ့လျော့ပျော်ပါး နေစဉ် သားငှက်စွန်ရဲတို့၏ အစားအစာဖြစ်ရသလို မိမိတို့သည် လည်း ဤအရွယ်ရောက်သည်အထိ သားကျွေးမှု၊ မယား ကျွေးမှု၊ ပျော်မှုရွှင်မှုတို့ဖြင့် သတိမေ့လျှင် အပါယ်ငရဲစာ ဖြစ်ကြ ပေလိမ့်မည်။

ထိုသားမယားပစ္စည်းဥစ္စာဟူသော ပျော်ရွှင်မှုဖြင့် နေနေကြသောသူအပေါင်းတို့သည် ထိုအနှောင်အဖွဲ့များ၏ ဘဝနိဂုံးချုပ်နေကြရပါသည်။

ဘုရားရှင်က ဗန္ဓန(အနှောင်အဖွဲ့)သုတ်တော်တွင်-

"-သံဖြင့်ပြုအပ်သော အနှောင်းအဖွဲ့ကိုလည်းကောင်း

-သစ်သားဖြင့်ပြုအပ်သော အနှောင်းအဖွဲ့ကို လည်းကောင်း

-လျှော်ဖြင့်ပြုအပ်သော အနှောင်းအဖွဲ့ကို လည်း ကောင်း

-ခိုင်မြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့မဆိုကုန် ကျောက်မျက်ရတနာ နားတောင်းတို့၌ လည်းကောင်း

-သားသမီးတို့၌လည်းကောင်း

-သားမယားတို့၌လည်းကောင်း

အလွန်အမင်း တပ်မက်နှစ်သက်သည်ဖြစ်၍ အကြင်ငဲ့ကွက်ခြင်းသည် ရှိ၏၊ အပါယ်သို့ဆောင်တတ်သော လျော့သော၊ ဖြေလျှော့ရန်ခက်ခဲသော ထိုငဲ့ကွက်ခြင်းအနှောင်အဖွဲ့ကို မြဲသောအနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ ဆိုကုန်၏။

ပညာရှိတို့သည် ထိုအနှောင်အဖွဲ့ကိုလည်း ဖြစ်ကုန်၍ ထိုကာမဂုဏ်ချမ်းသာကို ပယ်ဖျောက်လျက် ငဲ့ကွက်ခြင်း မရှိကုန်ဘဲ ထွက်မြောက်ကုန်၏”

ဟု ဟောတော်မူခဲ့ပါသည်။

သတ္တဝါမှန်သမျှသည် သံယောဇဉ်အနှောင်အဖွဲ့၏ ချုပ်နှောင်ခြင်းခံနေရပြီး ထိုနှောင်ကြိုးက ရုန်းထွက်ရန် လွတ်မြောက်ရန် အလွန်ခဲယဉ်းလှသည်။



## အမြစ်ကိုဖြတ်-ခန္ဓာရပ်အောင် ကြိုးစားရမည်

မေ့လျော့ခဲ့လျှင် "သေသူပင်" အသင်မှတ်ပါလေ
ကုသိုလ်မှုထဲ "သတိစွဲ" အမြဲရှင်သူလေ
သတိမှန်မြင်"အရိပ်ထင်"ဉာဏ်ယှဉ်လှုပစေ
သတိထူထောင်"မလိုအောင်" ကြံဆောင်ကြိုးစားလေ
(မင်္ဂလာအမြုတေ)

ပထမအရွယ်၊ ဒုတိယအရွယ်ဘဝက မိမိသည် တတ်နိုင်သရွေ့အခါအားလျော်စွာ ဒါနမှု၊ သီလမှုများ ပြုလုပ်ခဲ့သည်များ ရှိပါမည်။ ထိုဒါနမှု၊ သီလမှုတို့သည် အမြစ်မရှိသော အလုပ်များဖြစ်ကြပါသည်။ အမြစ်မရှိသောအလုပ်ဟူသမျှ

သည် ကုသိုလ်ဖြစ်၍ ကောင်းကျိုးချမ်းသာခံစားကြရမည်မှာ အမှန်ပင် ဖြစ်ပါသည်။

သို့သော် ဤကောင်းမှုကုသိုလ်များသည် ခန္ဓာအိုးအိမ်ကိုနောက်ထပ်မဖြစ်အောင် မတားဆီးနိုင်သောအရာများ မဟုတ်ပါ။ တဏှာအမြစ်ကို ဖြတ်တောက်နိုင်သောအရာများ မဟုတ်ကြပါ။တဏှာအမြစ်ကို ဖြတ်တောက်နိုင်သောအရာသည်ကား ဝိပဿနာကျင့်စဉ်တရား ဖြစ်ပါသည်။ ဤတတိယအရွယ်တွင် ဝိပဿနာတရားကျင့်ကြံအားထုတ်ပြီး သစ္စာလေးပါးကိုသိအောင် ကြိုးစားပြီး ဘဝခန္ဓာအိုးအိမ်ပြတ်အောင် ကြိုးစားရမည့်အချိန်အခါ ဖြစ်ပါသည်။

ဤနေရာတွင် တံမြက်စည်းလှည်း ဝေယျာဝစ္စကုသိုလ်လုပ်ရာမှ ဆရာကောင်းတွေ့ပြီး ဘဝပြတ်ခဲ့ရသော သံမဇ္ဇန မထေရ်၏ဘဝသည် မှတ်သားအတုယူဖွယ်ကောင်းလှပါသည်။

ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်ပါသည်။ သံမဇ္ဇန မထေရ်သည်နံနက်လင်းသည်နှင့်တစ်ပြိုင်နက်တည်း တံမြက်စည်းလှည်းခြင်းအမှုကို ပြုလေသည်။

ဆွမ်းခံပြန်လာလျှင်လည်း တံမြက်စည်းကသိုလ်ကို သာပြုလုပ်လေသည်၊ ဆွမ်းဘုဉ်းပေးပြီး ခေတ္တအပန်းဖြေပြီးလျှင်လည်း တံမြက်စည်းလှည်းကသိုလ်သာ ဆက်ပြုလုပ်သည်။

ဤသို့နေ့စဉ် ပြုလုပ်လာခဲ့ရာ နေ့ရက်၊ လ၊ နှစ်တွေ အလီလီ ကုန်ခဲ့သည်။

တစ်နေ့သောအချိန်တွင် အရှင်ရေဝတရဟန္တာမထေရ်၏ မြတ်ကြီးသည် သစ်ပင်ရင်းတစ်ခု၌ ဖလသမာပတ်ဝင်စားပြီး သီတင်းသုံးနေတော်မူသည်ကို တံမြက်စည်းလှည်းရင်း မြင်မိလိုက်သည်။

"ဟိုကိုယ်တော်ဟာ တော်တော်ပျင်းတာပဲ၊ တိုင်းပြည်ရဲ့ဆွမ်းတွေကို အချည်းနှီးသုံးဖြုန်းလိုက်တာနော်၊ ထိုင်ရင်းတောင်မှ အိပ်နေရသလား"

ဟု ပြောဆိုမိလေသည်။

အရှင်သံမဋ္ဌေနမထေရ်၏ နှုတ်မှတတွတ်တွတ်မည်သံကိုကြားရသောအရှင်ရေဝတမထေရ်သည်-

"အရှင်ဘုရား. . . ခဏလောက်ကြွလာပါဦး"

ဟု လျှောက်ထားလိုက်သည်။

ထိုအခါ သံမဋ္ဌေနမထေရ်သည် တံမြက်စည်းကို ထမ်းပြီး အရှင်ရေဝတမထေရ်ထံသို့ ရောက်လာသည်။

"အရှင်ဘုရား. . . သာသနာထဲရောက်လာတာ တော်တော်ကြာလှပြီ၊ သီလ၊ သမာဓိ၊ ပညာ၊ အလုပ်သည် ကိုယ့်အလုပ် ဖြစ်ပါသည်၊ ယခုတော့ အရှင်ဘုရားသည် တံမြက်စည်းလှည်းနေသည်၊ ဤအလုပ်သည် သီလမျှသာ ရှိပါသည်၊ သိက္ခာနှစ်ပါးမေ့ထားသဖြင့် အရှင်ဘုရားသည် ပမာဒဝိဟာရီ ပုဂ္ဂိုလ်ပဲ"

ပညာရှင်ရေဝတမထေရ်က တိုက်ရိုက်မိန့်ဆိုလိုက်သည်။

"အရှင်ဘုရား. . . သီလ-သမာဓိ ပြည့်စုံအောင် ကြိုးစားပါ"

ဟု ထပ်မံတိုက်တွန်းပြန်လေသည်။

ထိုအခါမှ အရှင်သံမဏ္ဍေနမထေရ်သည် သတိသံဝေဂ ရပြီး တံမြက်စည်းကို ဘေးချကာ အရှင်ရေဝတမထေရ်ကို ဝပ်စင်းရှိခိုးပြီး-

"အရှင်ဘုရား. . . အားကိုးရာဖြစ်ပါစေဘုရား"

"ငါ့ရှင်. . . ဇေတဝန်းကျောင်းပြင် အမှိုက်ရှင်းရုံနှင့် လိုရင်း မပြီးသေးဘူး၊ ငါ့ရှင်ရဲ့သဒ္ဓါလက်ဖြင့် သတိဆိုသော တံမြက်စည်းကိုကိုင်၍ သီလမြေကြီးပေါ်မှာ ဝိရိယခြေဖြင့်ရပ်ပြီး (၃၂) ကောဋ္ဌာသခေါ်တဲ့ အမှိုက်တွေကို ခန္ဓာကိုယ်ပေါ်မှာ

လှည်းပေးပါက ရာဂဝိက္ခမ္ဘနပဟာန်လောက်ပဲကွာမယ်၊ ခာတ်ကမ္မဋ္ဌာန်းစီးဖြန်းတော့ အတ္တသညာလွန်မြောက်၍ အနတ္တသညာရောက်မယ်၊ အနတ္တသညာရောက်လျှင် သက္ကာယဒိဋ္ဌိစင်ပြီး အမြစ်ပါပြုတ်ပြီး ဒီခာတ်ကို အနိစ္စတင်လိုက်တော့ မာနစင်သွားကာ ဒုက္ခလက္ခဏာတင်လိုက်တော့ ရာဂစင်သွားပြီး တဏှာ၊ မာန၊ ဒိဋ္ဌိသေမယ် အရှင်ဘုရား”

အရှင်သံမဋ္ဌေနမထေရ်သည် အရှင်ရေဝတမထေရ်ဩဝါဒကိုနာယူပြီး ခန္ဓာဉာဏ်ရောက် တရားအားထုတ်ရာမကြာခင် အဘိညာဉ်ခြောက်ပါးသမာပတ်ရှစ်ပါး၊ ပဋိသမ္ဘိဒါလေးပါးရ ရဟန္တာ ဖြစ်သွားလေသည်။

ထိုအခါ သံမဋ္ဌေနမထေရ်သည် သစ်ပင်ရင်းတွင်ထိုင်၍ ဖလသမာပတ်ဝင်စားနေလိုက်သည်မှာ အရှင်ရေဝတမထေရ်ထက်တောင် ပိုနေသေးသည်၊ တံမြက်စည်းကို လုံးဝမကိုင်တော့ပေ။

ဇေတဝန်ကျောင်းထဲတွင် အမှိုက်တွေတသောသောဖြစ်နေ၍ ရဟန်းများက တံမြက်စည်းလှည်းနေကျ သံမဋ္ဌေနမထေရ်ကို ရှာကြသည်၊ သစ်ပင်ရင်းတွင်ထိုင်နေသော အရှင်သံမဋ္ဌေနမထေရ်ကိုတွေ့ကြ၍-

“အရှင်ဘုရား. . . ဘာပြုလို့ အမှိုက်မလှည်းဘဲ သစ်ပင်ရင်းမှာ ထိုင်ပြီး ဇိမ်ကျနေရပါသလဲ”
ဟု ပြစ်တင်စကားပြောပြီး လျှောက်ထားကြသည်။

“တပည့်တော် အရင်ကတော့ မေ့မေ့လျော့လျော့နေခဲ့လို့ နေ့မအား၊ ညမအား၊ အင်တိုက်အားတိုက် တံမြက်စည်းလှည်းခဲ့ပါတယ်၊ အခုတော့ မေ့လျော့မှုမရှိသည့်အတွက် အမှိုက်မလှည်းမိခြင်း ဖြစ်ပါတယ်ဘုရား”

သံမဇ္ဇနမထေရ်၏စကားကိုကြားရသော ရဟန်းတော်များသည် မကျေမနပ်ဖြစ်ကြကာ သံမဇ္ဇနမထေရ်ကို ချုပ်ကိုင်၍ ခေါ်ယူပြီး ဘုရားရှင်ထံသို့ ပို့ဆောင်အပ်နှံကြသည်။

ဘုရားရှင်က ရဟန်းတော်များအားလုံးသိရှိ သဘောပေါက်အောင် သံမဇ္ဇနမထေရ်ကို အကြောင်းစုံမေး၍ ဖြေစေသည်၊ ထို့နောက် ဘုရားရှင်က ရဟန်းတော်များကို-

“ရဟန်းတို့. . . သံမဇ္ဇနမထေရ်ဟာ အာသဝေါကင်းကွာ ရဟန္တာစင်စစ်ဖြစ်တာမှန်ပေတယ်”
ဟု မိန့်ကြားတော်မူလေသည်။

(ဓမ္မပဒသံမဇ္ဇနမထေရ်ဝတ္ထု)

ဤမဇ္ဈိမထေရ်ဖြစ်စဉ်ကိုထောက်ထား၍ မိမိတို့သည် ဒါန၊ သီလလေးနှင့်ဘာဝနာကို မကျေနပ်ကြဘဲ ဘဝအမြန်ပြတ်ခန္ဓာ ရပ်စဲသည်အထိ ကြိုးစားအားထုတ်ကြရန် လိုအပ်ပါသည်။

ယခုအချိန်တွင် ဘုရားသာသနာနှင့်ကြုံကြိုက်နေဆဲ ဖြစ်၍ ခန္ဓာရပ်စဲအောင်ကျင့်ရမည့်တရားကလည်း ရှိနေသည်၊ ထိုတရားကို ပြသရမည့် သံဃာတော်ဟူသောဆရာကလည်း ရှိနေသည်။

မိမိကသာလျှင် အချိန်မဖြုန်း သတိမေ့မေ့လျော့လျော့ နေသည်မဟုတ်ဘဲ ကြိုးစားအားထုတ်ရန် လိုနေပါသည်။



## ခန္ဓာငါးသွယ် - ကြောင်းကျိုးဝင်နွယ်တို့

သတ္တဝါဟူသမျှတို့သည် ငါကား ဘာအမျိုးအနွယ်၊ ငါ့အမျိုးအနွယ်က မြင့်မြတ်သည်၊ ငါကား ဘာရာထူးအာဏာရှိသည်၊ ငါကား ဘယ်လိုချမ်းသာသည်၊ ဥစ္စာပစ္စည်းတွေ တိုက်တာတွေ၊ ကားတွေရှိသည် စသည်ဖြင့် မိမိကိုယ်ကို ဝင့်ဆောင်သမားလုပ်နေကြသည်။

တစ်ဖန်ဘဝ၌ တပ်မက်မှု၊ ကာမ၌ တပ်မက်မှု၊ ဘဝသစ်ကို ဖြစ်စေနိုင်သောနှစ်သက်စွဲလမ်းမှု အာရုံတို့ကို နှစ်သက်တတ်သောတဏှာကိုမဖြတ်နိုင်ဘဲ ဝင့်ကိုယူနေကြသည်။

မိမိတို့သည် ဤဘဝ၊ ဤအရွယ်တွင် အသိပညာရှိပြီးလျှင် တပ်မက်မှုတဏှာကို အကြွင်းမဲ့ကင်းပြတ်ချုပ်ငြိမ်းရအောင် စွန့်ခြင်း၊ မငြိကပ်ခြင်း၊ မတွယ်တာခြင်းဟူသော ဝင့်ကိုချထားနိုင်ကြရမည်။

ဘုရားရှင်က-

"ခန္ဓာငါးမျိုးတို့သည် စင်စစ်ဝန်တို့တည်း၊ ပုဂ္ဂိုလ်ကား ဝန်ဆောင်သမားတည်း၊ ဝန်ကိုယူရခြင်းသည် လောက၌ ဆင်းရဲ၏၊ ဝန်ကိုချထားခြင်းသည် ချမ်းသာ၏။ လေးသောဝန်ကိုချထားပြီးလျှင် တစ်ပါးသောဝန်ကိုမယူမူ၍ အမြစ်အရင်းနှင့်တကွ တဏှာကိုနုတ်ပယ်ပြီးလျှင် ဆာလောင်မှုတဏှာကင်းသည်ဖြစ်၍ ငြိမ်းအေးရ၏"

ဟု မိန့်ကြားတော်မူခဲ့ပါသည်။



## ခန္ဓာငါးပါးဝဋ်ဟူသည်

ဘုရားရှင်က ဘာရဝဂ်၊ ဘာရသုတ်၌-

"ရဟန်းတို့ . ဝဋ်ဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို ဆိုအပ်ရာ၏၊ အဘယ်ငါးမျိုးနည်း၊ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ ဟူသော ဥပါဒါနက္ခန္ဓာငါးမျိုးတည်း" ဟူ၍ ဟောတော်မူခဲ့ပါသည်။

ခန္ဓာဟူသည် မြန်မာလို အစုအပုံဟူ၍ အဓိပ္ပာယ်ရပါသည်-

-အတ္တဘောခန္ဓာ

-ခန္ဓာငါးပါး (ပဥ္စက္ခန္ဓာ)

-ဥပါဒါန်အစွဲ၊ ကိလေသာ၊ အာသဝေါများ ရောယှက်နေသောခန္ဓာစု (ဥပါဒါနက္ခန္ဓာ)

ဟူ၍ ခန္ဓာအမျိုးအစား (၃)မျိုးခွဲခြား၍ ဆိုကြပါသည်။

အတ္တဘောခန္ဓာဆိုသည်မှာ သတ္တဝါတိုင်း ခြေအစ၊ ခေါင်းအဆုံး တစ်လုံးမျှလောက်သော ဥတုဇရုပ်၊ အကောင်ပုပ် ခန္ဓာကိုယ်ကြီးကို ခေါ်ပါသည်။

ခန္ဓာငါးပါး (ပဉ္စက္ခန္ဓာ)ဆိုသည်မှာ ကိလေသာအာသဝေါများ မပါဝင် မပတ်သက် မရောယှက်ဖြစ်နေပြီးသော-

-ရုပ်အစု (ရူပက္ခန္ဓာ)
-ခံစားသောအစု (ဝေဒနာက္ခန္ဓာ)
-မှတ်သားမှုအစု (သညာက္ခန္ဓာ)
-စေ့ဆော်ပြုပြင်သောအစု(သင်္ခါရက္ခန္ဓာ)
-သိသောအစု (ဝိညာဏက္ခန္ဓာ)

တို့ ဖြစ်ပါသည်။

ဥပါဒါန်တို့၏အာရုံစွဲရာခန္ဓာစု (ဥပါဒါနက္ခန္ဓာ)ဆိုသည်မှာ-

- ဥပါဒါန်တို့၏အာရုံစွဲရာရုပ်ခန္ဓာစု (ရူပုပါဒါနက္ခန္ဓာ)
- ။ ခံစားမှုအစု(ဝေဒနုပါဒါနက္ခန္ဓာ)
- ။ မှတ်သားမှုအစု(သညုပါဒါနက္ခန္ဓာ)
- ။ စေ့ဆော်မှုပြုပြင်မှုအစု သင်္ခါရုပါဒါနက္ခန္ဓာ)
- ။ သိသောအစု(ဝိညာဏုပါဒါနက္ခန္ဓာ)

ဤခန္ဓာသုံးမျိုးဖော်ပြရာ၌ အတ္တဘောခန္ဓာကြီး ဟူသည်ကား ဝိပဿနာဉာဏ်ကျက်စားရာ ရှုပွားရာမဟုတ်ပါချေ။

ပဉ္စက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတို့သည်သာ ဝိပဿနာဉာဏ်ကျက်စားရာဖြစ်ပါသည်၊ ဝိပဿနာနှင့်စပ်ဆိုင်သောခန္ဓာကို ရှုကြည့်ဝေဖန်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်ပါမည်။

ထိုခန္ဓာအစုနှင့်ပတ်သက်၍ .အဘိဓမ္မာ၊ ခန္ဓာဝိဘင်းစသည်တို့၌ ရူပက္ခန္ဓာ အမိဝမ်းထဲမှာ ပဋိသန္ဓေတည်နေသောအခါ ပဋိသန္ဓေစိတ်နှင့် အတူတကွ သဟဇာတဖြစ်သော ကလလရေကြည်ရုပ်ထဲရှိ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ဝတ္ထုဒသက ကလာပ်ဟူသောကံကြောင့်ဖြစ်သော ကလာပ်စည်း(၃)စည်း၊ ကမ္မဇရုပ်(၃၀)ကို ရုပ်အစု။

ထိုရူပက္ခန္ဓာသည် ထွက်သက်လေ၊ ဝင်သက်လေရှူရာဖြစ်သည်၊ ထိုရူပက္ခန္ဓာသည် ဝေဒနာ(ခံစားမှု)၏တည်ရာဖြစ်သောကြောင့် တည်ရာခွက်နှင့်တူသည် (ဝါ)ထမင်းစားသောပန်းကန်ပြားနှင့်တူသည်-

တစ်ဖန်လူနာနှင့်တူသော ဝိညာဏဥပါဒါနက္ခန္ဓာ၏ မှီရာတည်ရာအာရုံတို့၏ အစွမ်းအားဖြင့်နေရာဌာနဖြစ်သောကြောင့် သူနာဇရပ် (ဆေးရုံ)နှင့်တူသည်။

ဆုပ်နယ်ခြင်းငှာမခံနိုင်သည့်အတွက် ရူပုပါဒါနက္ခန္ဓာ သည် ရေမြှုပ်နှင့်တူသည်။
ဟူ၍ ဥပမာပေးကြပါသည်။

ရုပ်ခန္ဓာကို ရေမြှုပ်ဆိုင်နှင့်တူသည်ဟူ၍ ဝိပဿနာ ဉာဏ်ရှုအပ်သောယောဂီသည် အနှစ်သာရမရှိသောခန္ဓာငါး ပါး၌ အနှစ်သာရရှိ၏ ရှုလေ့မရှိပါ။

အထူးအားဖြင့် အဇ္ဈတ္တိကရုပ်ကို အသုဘရှုသော ယောဂီသည် ကဗဠီကာရကို ပိုင်းခြား၍ သိအပ်သည်။

အသုဘဖြစ်သော အဇ္ဈတ္တိကရုပ်၌-

-အသုဘရှုမှတ်များသော သညာဝိပ္ပလ္လာသ၊ စိတ္တဝိ ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသတို့ကို စွန့်ပယ်နိုင်ပါသည်။

-ကာမောဃမှ ကူးခတ်နိုင်သည်

-ကာမယောဂနှင့်မယှဉ်

-အဘိဇ္ဈာဟူသော ကာယဂန္ထကို ဖျက်ဆီးနိုင်၏

-ကာမုပါဒါန်ကို မစွဲလမ်းပါ

ဝေဒနက္ခန္ဓာ

-ပဋိသန္ဓေစိတ်နှင့် အတူတကွ ယှဉ်ဘက်ဖြစ်သော ဝေဒနာစေတသိက်ဖြစ်သည်။ လေကို ရှူရှိုက်၍ ကောင်းသည်၊ မကောင်းသည်ကို ခံစားသည်။

-ဝေဒနက္ခန္ဓာသည် ဝိညာဏ၏ခံစားအပ်သောကြောင့် ဘောဇဉ်နှင့်တူသည်(ဝါ)ထမင်းနှင့်တူသည်။
-တစ်ဖန် ဒုက္ခ၊ ဒုက္ခဝိပရိဏာမဒုက္ခ၊သင်္ခါရဒုက္ခ အဖြစ်၏ အစွမ်းဖြင့် နှိပ်စက်ညှင်းဆဲတတ်သောကြောင့် အနာရောဂါနှင့်တူသည်။
-ဝေဒနုပါဒါနက္ခန္ဓာသည် တစ်ခဏမျှသာ မွေ့လျော်အပ်သည်အဖြစ်ကြောင့် ရေပွက်ကဲ့သို့မှတ်အပ်သည်ဟု ဥပမာတင်စားဆိုကြပါသည်။
-ဝေဒနာကို ဒုက္ခအားဖြင့်ရှုသော ယောဂီသည် ဖဿာဟာရကို ပိုင်းခြား၍သိသည်။
-ဒုက္ခဉ် သုခဟု မှတ်မှားသော ဝိပ္ပလ္လာသသုံးပါးကို ပယ်စွန့်နိုင်သည်-

-ဘဝေါဃကိုကူးခတ်နိုင်၏
-ဘဝယောဂနှင့်မယှဉ်
-ဘဝါသဝအားဖြင့်အာသဝေါကင်းသည်
-ဗျာပါဒကာယဂန္ထကို ဖျက်ဆီးနိုင်၏
-သီလဗ္ဗတုပါဒါန်ဖြင့် မစွဲလမ်း

သညာက္ခန္ဓာ

-ပဋိသန္ဓေစိတ်နှင့် အတူတကွ ယှဉ်ဘက်ဖြစ်သော သညာစေတသိက်ဖြစ်သည်။

-ထွက်လေ ဝင်လေရှုရှိုက်သည်ကို မှတ်သားသည်

-သညာခန္ဓာသည် ဝေဒနာ၏ သာယာခံစားခြင်းကို ရခြင်းအကြောင်းဖြစ်သောကြောင့် ခံစားဖွယ်ဟင်းလျာနှင့်တူသည်။

-တစ်ဖန် ကာမသညာစသည်တို့၏ အစွမ်းဖြင့် ရာဂစသည်တို့နှင့်ယှဉ်သော ဝေဒနာဖြစ်သောကြောင့် သလိပ်၊ သည်းခြေ၊ လေစသော အနာရောဂါဖြစ်ခြင်း၏အကြောင်းနှင့်တူပါသည်။

-သညာဒါဒါနက္ခန္ဓာသည် ချွတ်ချွတ်ယွင်းယွင်းဆိုမြည်း ယောင်ယမ်းစေတတ်သည်၏အဖြစ်ကြောင့် တံလျှပ်ကဲ့သို့ မှတ်အပ်ပါသည်။

သင်္ခါရက္ခန္ဓာ

-ဝေဒနာ၊ သညာမှကြွင်းသော (၀၊ )တစ်ဘဝမှ တစ်ဘဝသို့လှုံ့ဆော်ပေးတတ်သော စေတနာ(၅၀)သည် သင်္ခါရက္ခန္ဓာဖြစ်သည်။

-ထွက်လေ၊ ဝင်လေရှုရှိုက် အားထုတ်စေခဲ့သော်နေ
သည်ကို သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သော
ကြောင့် ထမင်းချက်ပြုတ်သူစားဖိုမှူးနှင့်တူပါသည်။
-တစ်ဖန် ဝေဒနာဟူသော အနာရောဂါ၏အကြောင်း
ရင်း၏အဖြစ်ကြောင့် သင်္ခါရုပါဒါနက္ခန္ဓာသည် မသင့်
မတင့်မလျှောက်ပတ်သော ဥတုဘောဇဉ် စသည်ကို
မှီဝဲသည်နှင့်တူပါသည်။
-သင်္ခါရုပါဒါနက္ခန္ဓာ အနှစ်သာရမရှိသည်၏ အဖြစ်
ကြောင့် ငှက်ပျောတုံးနှင့်တူပါသည်။
သညာကိုလည်းကောင်း၊ သင်္ခါရကို လည်းကောင်း၊
အနတ္တအားဖြင့်ရှုသောယောဂီသည် မနောသဥ္စေတနာ
ဟာရကို ပိုင်းခြား၍ သိ၏။
-အတ္တမဟုတ်သည်၌ အတ္တဟု မှတ်မှားသော ဝိပ္ပလ္လာ
သသုံးပါးကို ပယ်စွန့်နိုင်သည်
-ဒိဋ္ဌောဃကို ကူးခတ်နိုင်၏
-ဒိဋ္ဌိယောဂနှင့်မယှဉ်
-ဒိဋ္ဌာသဝအားဖြင့် အာသဝေါကင်း၏
-ဣဒံသစ္စာဘိနိဝေသကာယဂန္ထကိုဖျက်ဆီးနိုင်၏
-အတ္တဝါဒုပါဒါန်ဖြင့် မစွဲလမ်း

ဝိညာဏက္ခန္ဓာ

-ပဋိသန္ဓေစိတ် (စိတ်အကျဉ်း(၈၉)အကျယ်(၁၂၀)ဖြစ်သည်။

-ထွက်လေ၊ ဝင်လေကို ရှုမှန်းရှိက်မှန်းသိသောစိတ်ဖြစ်သည်

-ဝိညာဏက္ခန္ဓာသည် ဝေဒနာတည်းဟူသော ဘောဇဉ်ကို စားတတ်သောကြောင့် စားတတ်သောထမင်းရှင်နှင့်တူပါသည်၊ ထမင်းစားသူနှင့်တူသည်

-ဝေဒနာဟူသော အနာရောဂါမှ အလွတ်ဖြစ်သောကြောင့် ဝိညာဏုပါဒါနက္ခန္ဓာသည် လူနာနှင့်တူပါသည်။

-သခင်သည် လည်ပတ်သောကြောင့် မျက်လှည့်ပြသောအရုပ်တို့နှင့်တူသည်

-ဝိညာဏကို အနိစ္စအားဖြင့် ရှုသောယောဂီသည် ဝိညာဏာဟာရကို ပိုင်းခြား၍သိပါသည်။

-အနိစ္စ၌ နိစ္စဟူအမှတ်မှားသော ဝိပ္ပလ္လာသသုံးပါးကို ပယ်စွန့်နိုင်သည်-

-အဝိဇ္ဇောဃကို ကူးခတ်နိုင်၏

-အဝိဇ္ဇာယောဂနှင့်မယှဉ်

-အဝိဇ္ဇာသဝအားဖြင့် အာသဝေါကင်း၏
-သီလဗ္ဗတပရာမာသကာယဂန္ထကိုဖျက်ဆီး
နိုင်၏
-ဒိဋ္ဌုပါဒါန်အားဖြင့် မစွဲလမ်း

ဤခန္ဓာငါးပါးသည် သန်လျက်ကိုင်ထားသောရန်သူနှင့် တူသည်၊ အသားစားဘီလူးနှင့်တူသည်၊ ဝန်ထုပ်ဝန်ပိုးနှင့်တူသည်ဟု ဘုရားရှင်က အာသီဝိသူပမာသုတ်၊ ခဇ္ဇနိယဒေသနာဘာရသုတ်တို့၌ ဟောထားခဲ့ပါသည်။

တတိယအရွယ် ဘာဝနာသည်တို့သည် ဤခန္ဓာငါးပါးကိုသန်လျက်စွဲကိုင်ထားသော လူသတ်သမား၊ ဆီအသားစားဘီလူးကဲ့သို့ ပညာမျက်စိဖြင့် ကြည့်ကြပြီးလျှင် ခန္ဓာဝန်ထုပ်ကြီးကို ချနိုင်အောင် ကြိုးစားရမည်သာ ဖြစ်သည်။



## သံသရာစက်ရဟတ်လည်ပတ်ရ ဝဋ်နွယ်များ

စက္ကဟူသော ပါဠိကိုမြန်မာဘာသာဝေါဟာရအနေဖြင့် "စက်" ဟူ၍ ခေါ်ဆိုနေကြပါသည်။

"စက်"ဆိုသည်မှာ လည်ပတ်ခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်၊ ရဟတ်ဆိုသော မြန်မာဝေါဟာရသည် မပြတ်လည်ပတ်နေသော အရာဟု သိထားကြသည်။

သတ္တဝါဟူသမျှတို့သည် သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ(ဝါ) လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော သုဂတိဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဒုဂ္ဂတိဘုံတို့၌ တပြောင်းတပြန်ဖြစ်ပြီး ကျင်လည်ကျက်စားသွားလာနေရသည်။

ထိုသည်ကို ဝဋ်လည်နေသည်၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မသိ၍မကျင့်ကြ၊ မကျင့်၍သံသရာဝယ် ဘုံအသီးသီး၌ ရုပ်ရုပ်ခန္ဓာတွေဖြစ်ပြီး ကျင်လည်နေရသည်။

အစမထင်သော အနမတဂ္ဂသံသရာတစ်ခွင်ဝယ် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါးတို့သည် အချင်းချင်းကြောင်းကျိုးဆက်စပ်နွယ်ကာ အကြောင်းတစ်ခုဖြစ်ခြင်းကြောင့် အကျိုးဆက်တစ်ခု ဖြစ်ပေါ်နေခြင်းကို ပြပါသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဟူ၍ တင်စားခေါ်ကြလေ့ရှိပါသည်။

ဥပမာ-သစ်သားဖြင့် ပြုလုပ်ထားအပ်သော လှည်းရထားကို နွား၊ မြင်းတပ်ဆင်၍ မောင်းနှင်သော် လှည်းဝင်ရိုးလည်းမကျိုး၊ လှည်းသံပတ်လည်းမပြုတ်၊ လှည်းဘီးအထောက်အကန့်တွေကလည်း မကျိုးမပျက်၊ နေ့-လရှည်ကြာစွာ တကျည်ကျည်အလည်မပြတ် တရစပ်လည်နေရသကဲ့သို့လည်းကောင်း၊တစ်စုံတစ်ရာအကြောင်းကြောင့်လည်းကောင်း၊ တုတ်၊ ဓား၊ လက်နက်တို့ဖြင့် တမင်သက်သက် ရိုက်ချိုးဖျက်ပစ်၍သော်လည်းကောင်း၊ ထိုလှည်းသည် ရှေးကကဲ့သို့မလည်နိုင်တော့ဘဲ ရပ်သွားသကဲ့သို့လည်းကောင်း၊ ထို့တူပမာ ကာမ၊ ရူပ၊ အရူပ၊ ဟူသော ဘုံသုံးပါးလှည်းရထားကြီး၌ အဝိဇ္ဇာ၊ တဏှာဖြင့်ပြီးသော ပုံတောင်း (ဗဒေါင်း)၌-

ကောင်းမှု၊ မကောင်းမှု၊ ဈာန်သမထကျင့်မှုဟူသော အကန့်အထောက်-အိုခြင်း၊ သေခြင်းဟူသော အကွပ် သံပတ်ကို ကောင်းစွာပတ်၍အာသဝသမုဒယ ဟူသော ဝင်ရိုးကို ထိုးလျှိုကာ-

မသိခြင်း (အဝိဇ္ဇာ)အစရှိသောအကြောင်းများကြောင့် သံသရာရှည်စွာသော ကာလပတ်လုံး၊ အဆုံးမရှိ-ရံခါဒုဂ္ဂတိဘုံ၊ ရံခါ သုဂတိဘုံ၊ မြဲသည်ဟူ၍ မရှိဘဲ ဘဝများစွာ၊ ကမ္ဘာများစွာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် တပြောင်းပြန်ပြန်၊ တပတ်ပတ်တချာချာ၊ ဟာဝဲလည်လည် လည်ပတ်နေရသည်။

ဤပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ရထားကြီးသည်ကား အလိုအလျောက်ပျက်စီးရိုး ထုံးစံမရှိပါ၊ ပကတိတုတ်၊ ဓားတို့ဖြင့် ဖျက်ဆီး၍လည်း မရနိုင်ပါ၊ ခေတ်ပေါ် အနုမြူလက်နက် စသည်ဖြင့်လည်း ဖျက်ဆီး၍မရပါ။

ထိုထက် အစွမ်းထက်သော အရဟတ္တမဂ်ဓား၊ သန်လျက်တို့ဖြင့် ဖျက်ဆီးမှသာ အရဟတ္တမဂ်ခဏတွင် (၁၅၀၀) ကိလေသာဝဋ်ကြီး အပြီးအပြတ်လက်စသတ်သွားနိုင်ပါသည်။

ကိလေသာဝဋ်ပြတ်၍ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့သည် လည်း မတည်တံ့နိုင်တော့ဘဲ အကုန်လုံးမခိုင်လဲ၍ ပဋိစ္စသမုပ္ပါဒ်

ခေါ်သော သံသရာစက်ရဟတ်ဘီးကြီး ကျိုးပြတ်သွားသဖြင့် ရှေးရှေးကံဟောင်းများသည်လည်း မီးလောင်ပြီးသော မျိုးစေ့ကဲ့သို့ ဖြစ်တော့သည်၊ ပြန်မပေါက်နိုင်တော့ပါ။

ကံသစ်များကလည်း ရေသောက်မြစ်ပြတ်ပြီးသော သစ်ပင်ကဲ့သို့ဖြစ်၍ တစ်ခါတည်းအလည်ရပ်ပါတော့သည်။

ဤသို့အလည်ရပ်လျှင် ဘဝအပူသိမ်း၍ အငြိမ်းကြီး ငြိမ်းနေပါတော့သည်။



## အကြောင်းကျိုးဖြစ်စဉ်
## ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်

ဤခန္ဓာဝန်ထုပ်ကြီးကို ချနိုင်ရန် ဘာဝနာသည် အကြောင်းကျိုးဖြစ်ပေါ်မှု (ပဋိစ္စသမုပ္ပါဒ်) တရားတော်ကို သိထားရန်လိုအပ်ပါသည်။

လောကတွင် သိရခက်ခဲသောအခက်ကြီးလေးမျိုး ရှိသည်ဟု ဆိုပါသည်-

-သစ္စာလေးပါး

-သတ္တဝါတို့၏အတ္တကိစ္စပြီးခြင်း

-ပဋိသန္ဓေ

-ပဋိစ္စသမုပ္ပါဒ်

ဤလေးမျိုးသည် သာမန်လူတို့သိနိုင်ခဲသည် ဟုဆိုပါသည်။

မဟာဝဂ်ပါဠိတော်၊ မဟာနိဒါနသုတ်၌-

"အာနန္ဒာ. . . ထိုပဋိစ္စသမုပ္ပါဒ်တရားတော်ကို လျော်စွာမသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ချည်ခင်ထွေးကဲ့သို့ဖြစ်၍၊ စာပေါင်းသိုက်ကဲ့သို့ဖြစ်၍ ဖြူဆံမြက်၊ ပြိန်းမြက်ကဲ့သို့ဖြစ်၍မကောင်းသော လားရာ၊ ပျက်စီးလျက်ကျရောက်ရာဖြစ်သောအပါယ်သို့လည်းကောင်း၊ သံသရာသို့လည်းကောင်း မလွန်မြောက်နိုင်ဘဲ ရှိလေသည်"

ဟူ၍ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။

လူသားတို့၏ဘဝစက်သည် အလွန်နက်နဲသည်၏ အဖြစ်ကြောင့် ဆောက်တည်ရာမရှိပါ၊ အထူးထူးသောနည်းတို့ဖြင့် တောချုံကဲ့သို့ ထူထပ်သည်၏အဖြစ်ကြောင့် လွန်မြောက်နိုင်ခဲပါသည်။

သမာဓိတည်းဟူသော မြတ်သောကျောက်၌ထက်စွာ သွေးအပ်သောမဂ်ဉာဏ်တည်းဟူသော သန်လျက်ဖြင့် ဤဘဝစက်ကို မဖောက်ခွဲနိုင်သမျှ သံသရာရှည်နေကြရမည်သာ ဖြစ်ပါသည်။

ခန္ဓာအိုးအိမ်တည်းဟူသော ဘဝစက်ကိုအရိယာမဂ်ဖြင့်မပယ်ဖြတ်ရသေးသောပုဂ္ဂိုလ်များသည် သံသရာကို မလွန်မြောက်နိုင်သည့်အတွက်ကြောင့် မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း၊ စီးပွားချမ်းသာခြင်းအကျိုးငှာ၊ချမ်းသာခြင်းအကျိုးငှာ ကျင့်လိုပါက ပြင်ပဗာဟိရကိစ္စများကို လျှော့၍ပဋိစ္စသမုပ္ပါဒ်တရား၌ လုံ့လကြိုးကုတ်အားထုတ်ကြရသည်။

-ပဋိစ္စသမုပ္ပါဒ်တရား၊ မသိဩား၊ ရှည်လျားသံသရာကျင်လည်မှာ

-ပဋိစ္စသမုပ္ပါဒ်တရား၊ သိမြင်ဩား၊ ရှည်လျားသံသရာ၊လွတ်မြောက်မှာ

-ပဋိစ္စသမုပ္ပါဒ်တရား၊ မသိဩား၊ လေးပါးပါယ်ရွာ၊ကျင်လည်မှာ

-ပဋိစ္စသမုပ္ပါဒ်တရား၊ ဉာဏ်တံတား၊ လေးပါးပါယ်ရွာလွတ်မြောက်မှာ

ဟု စာဆိုပညာရှိတို့က ပဋိစ္စသမုပ္ပါဒ်တရားနှင့်ပတ်သက်၍အကျိုးနှင့်အပြစ်လက်ာစပ်၍ ပြဆိုထားခဲ့ကြသည်ကိုလည်းတွေ့ရပါသည်။

ဤကျိုးကြောင်းဆက်နွယ်သော သဘာဝတရားကြီးကို သတ္တဝါများအဖို့ လိပ်ပတ်လည်အောင် သိစေသည်မှာ သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်သာ ဖြစ်ပါသည်။

မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားခဲ့သောဘုရားရှင်၏တရားဦးဓမ္မစကြာတရားတွင် သစ္စာလေးပါးနှင့်မဂ္ဂင်ရှစ်ပါးတို့ ပါဝင်သောမလျော့လွန်းမတင်းလွန်း၊အလယ်အလတ်လမ်းစဉ် မဇ္ဈိမပဋိပဒါကျင့်စဉ်ကိုသာ ဟောတော်မူခဲ့ပါသည်။

သစ္စာလေးပါးတရားသည် ကြောင်းကျိုးဆက်နွယ်ပုံကို ပြသောတရားပင်ဖြစ်သော်လည်းကြောင်းကျိုးဆက်စပ်မှုအပြည့်အစုံပါဝင်သော ပဋိစ္စသမုပ္ပါဒ်တရားတော်မှာ နက်နဲလှသဖြင့် ဘုရားရှင်က ဆက်စပ်ပုံကို ဓမ္မစကြာဒေသနာတော်တွင် ညွှန်ပြခြင်းမပြုခဲ့ပါ။

ဤကြောင်းကျိုးဆက်နွယ်ခြင်း သဘာဝတရားကြီးကို ဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး မဆုတ်မနစ်သော ပါရမီတော်များ၊ ဖြည့်ကျင့်ပြီးမှ ရှာဖွေတွေ့ရှိခဲ့ရပါသည်။

ဘုရားအဖြစ်သို့ရောက်ရှိရန် ဤသဘာဝတရားကြီးကို ဆင်ခြင်ရပါသည်။

ဘုရားရှင်သည် ကြောင်းကျိုးဆက်နွယ်နေသော ဤသဘာဝတရားကြီးကို ရှေ့နောက်ပြောင်းပြန်အပြန်ပြန်အလှန်လှန် အဖန်ဖန်ဆင်ခြင်တော်မူပြီးနောက်မှ သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်းဖြစ်ပါသည်။

ဤသို့ဘုရားအဖြစ်သို့ရောက်ရှိခြင်း၊ ပွင့်တော်မူခြင်း၊ နိုးကြားခြင်းဟူသည်မှာ ပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်ခြင်းကို အစပြု၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်သည် ဘုရားရှင်တို့၏ ဝိပဿနာဟူ၍လည်း ဆိုရပါသည်။

ဘုရားရှင်တို့သည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်တော်မူခြင်းကြောင့် အရိယသစ္စာခေါ် အရိယာတို့သာသိနိုင်သော သစ္စာလေးပါးကို သိမြင်တော်မူလေသည်။



## မသိမှုကြောင့်ပြုပြင်လုပ်မှုတွေ ဖြစ်ရပုံ

## (အဝိဇ္ဇာပစ္စယာသင်္ခါရာ)

အဝိဇ္ဇာဆိုသည်မှာ မသိမှုပင် ဖြစ်ပါသည်။ မသိပုံမှာ-

- ဆင်းရဲမှုကို မသိမှု
- ဆင်းရဲဖြစ်ကြောင်းကို မသိမှု
- ဆင်းရဲချုပ်ရာကို မသိမှု
- ဆင်းရဲငြိမ်းရာရောက်ကြောင်းအကျင့်ကို မသိမှု

တို့ ဖြစ်ပါသည်။

မသိမှုအဝိဇ္ဇာ၏တရားကိုယ်မှာ မောဟစေတသိက်ပင်ဖြစ်ပါသည်။

မောဟသည် ပုထုဇဉ်၏သန္တာန်ဝယ် မရေမတွက်နိုင်သော(အနမတဂ္ဂ)သံသရာဘဝများကတည်းက အမြစ်တွယ်လာခဲ့ခြင်းဖြစ်ရာ မဂ်ဉာဏ်လေးဆင့်ဖြင့် ဖြိုဖျက်နိုင်မှသာ လုံးဝ ကင်းစင်နိုင်ပါသည်။

တိမ်တိုက်ကြီးလေးခုက ရစ်ပတ်လွှမ်းခြုံထားသကဲ့သို့ ရှိပေရာ-

-ပထမတိမ်တိုက်ကြီးကို ပထမမဂ်ဖြင့် ပယ်လွှမ်းလိုက်ရာ ဒုတိယတိမ်တိုက်ဖြစ်သော မောဟက ကျန်ပါသေးသည်။

-ဒုတိယမဂ်ဖြင့် ဒုတိယတိမ်တိုက်ကြီးကို ပယ်လှှင့်လိုက်ရာ တတိယတိမ်တိုက်ဖြစ်သော မောဟကျန်သေးသည်။

-တတိယမဂ်ဖြင့် တတိယတိမ်တိုက်ကြီးကို ပယ်လှှင့်လိုက်ရာ တတိယတိမ်တိုက်ဖြစ်သော မောဟကျန်သေးသည်။

-စတုတ္ထမဂ်ဖြင့် စတုတ္ထတိမ်တိုက်ကြီးကို ပယ်လှှင့်လိုက်သောအခါ မောဟအားလုံးကင်းစင်သွားသည်၊ (မောဟသည် အရဟတ္တမဂ်ရောက်မှ လုံးဝကွာသည်ဟုဆိုလိုပါသည်)

သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ(အဝိဇ္ဇာ)ဟူသောအကြောင်းကြောင့် ကောင်းမှု (ပုညာဘိသင်္ခါ)၊ မကောင်းမှု(အပုညာဘိသင်္ခါ)၊လမ်းလွဲသောကောင်းမှု(အာနေ

ဉာဘိသင်္ခါ)၊အစုံလုပ်တော့သည်။ကာယသင်္ခါရ-ဝစီသင်္ခါရ-စိတ္တသင်္ခါရ တို့ ပြုလုပ်လာပါသည်။

-အဝိဇ္ဇာ(မောဟ)ဦးစီး၍ ဒါန၊ သီလ စသော ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်သူသည် နတ်သမီးကို အလိုရှိ၍ တောင်ထိပ်မှခုန်ချသော လူမိုက်နှင့်တူသည်၊ သန်လျက်သွားမှာလူးနေသောပျားသကာကို လျက်နေသောသူနှင့်တူသည်။

-အပုညာဘိသင်္ခါကို ပြုလုပ်သောသူသည် မစင်ကို ကိုင်၍ ဆော့ကစားနေသော ကလေးမိုက်နှင့်တူသည်၊ အဆိပ်စား၍ သေကြောင်းကြံသူနှင့်တူသည်။

-အာနဉ္စာဘိသင်္ခါရကိုပြုလုပ်သူသည် လမ်းခရီးအမှန်ကိုမသိ၍ ဘီလူးမြို့သို့ ရှေ့ရှုသွားနေသောသူနှင့်တူသည်။

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပညာဘူမိနိဒ္ဒေသ၌ နှိုင်းယှဉ်ဆိုပြထားပါသည်။

"ရဟန်းတို့ . . ပညာမရှိသော အဝိဇ္ဇာနှင့်ပြည့်စုံသောသူသည် ပုညာဘိသင်္ခါရကိုလည်းပြု၏၊ အပုညာဘိသင်္ခါရကိုလည်း ပြု၏၊ အာနဉ္စာဘိသင်္ခါရကိုလည်း ပြု၏"

ရဟန်းတို့ . . ရဟန်းသည် အဝိဇ္ဇာကို ပယ်အပ်ပြီးသည့် အသိဉာဏ်ပညာ၊ ဝိဇ္ဇာဖြစ်ပေါ်သည်ဖြစ်ငြားအံ့၊ ထိုအဝိဇ္ဇာကင်း၍ ဝိဇ္ဇာလင်းသောရဟန်းတို့သည် အဝိဇ္ဇာကင်းခြင်းကြောင့် ဝိဇ္ဇာဖြစ်ခြင်းကြောင့် ပုညာဘိသင်္ခါရစသည်ကို မပြုသည်သာတည်း"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

<u>မှတ်ချက်</u>

-ကာမသုဂတိ(၇)ဘုံ၊ ရူပ(၁၆)ဘုံ၊ စိတ်ညွတ်ပြုသော ပုညကြိယာ(၁၀)ပါး၊(ဝါ)သုစရိုက်(၁၀)ပါး ကုသိုလ်စေတနာသည် ပုညာဘိသင်္ခါရ

-အပါယ်လေးဘုံ အကုသိုလ်စေတနာသည် အပုညာဘိသင်္ခါရ ရုပ်ပြစ်ရှစ်ပါးတွင် ပါဝင်ပြီး ရုပ်သာရှိပြီး နာမ်မရှိသော အရူပပြဟ္မာလေးဘုံသို့ ရောက်စေသော ဈာန်စသောကုသိုလ်စေတနာသည် အာနဉ္စာဘိသင်္ခါရ

-သူ့အသက် သတ်လိုခြင်း စသော ကာယကံစေတနာ သုံးပါးသည် ကာယသင်္ခါရ

-လိမ်ညာပြောဆိုခြင်းစသော ဝစီစေတနာလေးပါး
သည် ဝစီသင်္ခါရ
-သူတစ်ပါးကိုပျက်စီးစေလိုသော မနောကံစေတနာ
သုံးပါးသည် စိတ္တသင်္ခါရ

## သင်္ခါရကြောင့်ဝိညာဏဖြစ်ပါရယ်

## (သင်္ခါရပစ္စယာဝိညာဏ)

သင်္ခါရခြောက်ပါးဟူသော အကြောင်းကြောင့် ပဋိသန္ဓေစိတ် (၁၉)ခုဟူသော ဝိညာဏ(ဝါ)စိတ်(၈၉)ဟု ဆိုသော ဝိညာဉ်တို့သည် ဖြစ်ပေါ်ရသည်။

အဘိသင်္ခါရ ခေါ် ဘဝတစ်ဖန်ဖြစ်စေတတ်သောကံများကြောင့် ဆိုင်ရာဆိုင်ရာကံတို့၏အကျိုး (ဝိပါက)အဖြစ် သေလွန်ပြီးနောက် မလွဲမသေ ပဋိသန္ဓေအသစ်ကို ရ,ရပါသည်။

ဤကဲ့သို့ သုဂတိ၊ ဒုဂ္ဂတိ၊ ရူပ၊ အရူပဗြဟ္မာဘုံများသို့ လာရောက်ရခြင်းကြောင့် ပဋိသန္ဓေဝိညာဉ်သစ်ဖြစ်ရခြင်းကို သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည် ဟုဆိုပါသည်။

## ဝိညာဏကြောင့် နာမ်ရုပ်ဖြစ်ရပုံ

## (ဝိညာဏပစ္စယာနာမရူပံ)

ဝိပါကခေါ် အကျိုးဘက်ဖြစ်သော ပဋိသန္ဓေဝိညာဉ်ကြောင့် ဝိညာဉ်နှင့်တကွဖြစ်သော နာမ်နှင့်ရုပ်တို့သည် ပြိုင်တူပေါ်ပေါက်လာရပါသည်။

နာမ်ဆိုသည်မှာ ဝေဒနာ၊ သညာ၊ သင်္ခါရ ဤသုံးပါးကို ဆိုလိုပါသည်။

ရုပ်ဆိုသည်မှာပဋိသန္ဓေအခိုက်တွင် ပဋိသန္ဓေဝိညာဉ်နှင့် အချင်းချင်းကျေးဇူးပြုကာ ပေါ်ပေါက်လာသောရုပ်၏ အစကနဦးအပိုင်းနှင့် ထိုမှဆက်လက်တိုးပွားပြည့်စုံလာသော ရုပ်များပင် ဖြစ်ပါသည်။

## နာမ်ရုပ်ကြောင့် အာယတနဖြစ်ရပုံ

## (နာမရူပပစ္စယာသဠာယတနာ)

စိတ်၊ စေတသိက်တို့၏မှီခိုရာဖြစ်သော ဌာနခြောက်ပါးဖြစ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် အာယတနခြောက်ပါးဖြစ်သည်။

ယင်းခြောက်ပါးသည် ပဋိသန္ဓေအခိုက်တွင် ဖြစ်သော နာမ်ရုပ်ကြောင့် ဖြစ်ပေါ်လာရသည်။

ယင်းခြောက်ဌာနတို့သည် ပြင်ပရှိသက်ဆိုင်ရာအာရုံ အသီးသီးနှင့်တိုက်ဆိုင်မိသောအခါ ဆိုင်ရာအသိစိတ်ဖြစ်စေသဖြင့် အကြည်ဓာတ်(ပသာဒ)ရုပ် ဟုခေါ်ပါသည်။

ကိုယ်တွင်းမှာရှိသဖြင့် အတွင်းအာယတနဟူ၍လည်း ခေါ်ပါသည်။

## အာယတနကြောင့် ဖဿတိမှုဖြစ်ရပုံ

## (သဠာယတနပစ္စယာဖဿော)

မျက်စိအကြည်ဓာတ်သည် ပြင်ပရုပ်ဆင်းသဏ္ဍာန် တစ်ခုခုနှင့်တိုက်ဆိုင်သောအခါ ဖဿတည်းဟူသော မြင်သိစိတ်နှင့်ယှဉ်သော စေတသိက်ကို ဖြစ်စေ၏။

-နားအကြည်ဓာတ်သည် အသံနှင့်လည်းကောင်း

-နှာခေါင်းအကြည်ဓာတ်သည် အနံ့နှင့်လည်းကောင်း

-လျှာအကြည်ဓာတ်သည် အရသာနှင့်လည်းကောင်း

-ကိုယ်အကြည်ဓာတ်သည် တွေ့ထိမှုနှင့်လည်းကောင်း
-မနောဓာတ်သည် သိဖွယ်၊ ကြံဖွယ်တို့နှင့်
လည်းကောင်း

တိုက်ဆိုင်သောအခါများတွင် သက်ဆိုင်ရာသိစိတ်များနှင့်ယှဉ်သော ဖဿအသီးသီး ဖြစ်ပေါ်လေသည်။

## ဝေဒနာစေတသိက်ဖြစ်ပုံ

## (ဖဿပစ္စယာဝေဒနာ)

မျက်စိနှင့်အရောင်အဆင်းတို့ တိုက်ဆိုင်သောအခါ မျက်စိအတွေ့နှင့်တကွ မြင်သိစိတ်ဖြစ်၏။

ဤသဘာဝတရားကား ထင်ရှားလှပါသည်၊ စိတ်ကြိုက်မြင်တွေ့လျှင် ထိုအတွေ့ကြောင့် ကောင်းသောခံစားချက်ပေါ်ပါသည်။

မနှစ်သက်ဖွယ်မြင်တွေ့လျှင် မကောင်းသောခံစားချက်ပေါ်ပါသည်၊ ကြိုက်သော မကြိုက်သော အထွေအထူးမရှိသောအဆင့်ကိုမြင်တွေ့လျှင် ကောင်းသည်မဟုတ်၊ မကောင်းသည်မဟုတ်သော ခံစားချက်ပေါ်၏။

ကောင်းသောခံစားချက်ကို လူသားသည်သိတတ်သောအရွယ်မှစ၍ သေရာညောင်စောင်းအထိ တရိုက်မက်မက် ရှာဖွေခံစားလေ့ရှိပါသည်။

ဖဿ၏စွမ်းရည်ကား အလွန်ကြီးမားလှပါသည်၊ ဥမ္မာဒန္တီအဆင်းကို တွေ့ရမှုကြောင့် ပုဏ္ဏားများ မူးမေ့သွားရပါမည်၊ ပဥ္စပါပီအတွေ့အထိကြောင့် ကိုင်မိသူ မူးမေ့သွားရသည် ဟူသောသာဓကများက ဖဿအစွမ်းများပင် ဖြစ်ပါသည်။

ဤအသိမျိုးကား သာမန်အသိသာရှိသေးသည်၊ ပညာရှိသိ-သိလျှင် ဖဿ၏စွမ်းရည်သည် အလွန်လွန်ကြီးမားကြောင်း တွေ့ရပါသည်။

ဘုရားရှင်က နိဒါနဝဂ္ဂသုပုတ္တမံသူပမာသုတ်၌-

“ရဟန်းတို့ . . ဖဿဟာရခေါ် ဖဿ၏ စွမ်းဆောင်ချက်ကို ပိုင်းခြား၍သိသည်ရှိသော် ဝေဒနာသုံးပါးကို ပိုင်းခြား၍ သိနိုင်၏၊ ဝေဒနာသုံးပါးကို ပိုင်းခြား၍သိသည်ရှိသော် ဒုက္ခမှ အပြီးတိုင်လွတ်မြောက်တော့၏”

ဟူ၍ ဟောတော်မူခဲ့ပါသည်။

## ခံစားမှုကြောင့် လိုချင်မှုဖြစ်ရပုံ

## (ဝေဒနာပစ္စယာတဏှာ)

ဝေဒနာခြောက်ပါးဟူသောအကြောင်းကြောင့်-

-အဆင်းကြိုက် -ရူပတဏှာ

-အသံကြိုက် -သဒ္ဒတဏှာ

-အနံ့ကြိုက် -ဂန္ဓတဏှာ

-အရသာကြိုက် -ရသတဏှာ

-အတွေ့ကြိုက် -ဖောဋ္ဌဗ္ဗတဏှာ

-အတွေးကြိုက် -ဓမ္မတဏှာ

တို့သည် ဖြစ်ပေါ်လာ၏(၆)တဏှာအစစ်(၁၀၈)ဖြစ်ပေါ်လာရပါသည်။

## လိုချင်မှုကြောင့် စွဲလမ်းရပုံ

## (ဝေဒနာပစ္စယာတဏှာ)

တဏှာသည် တွယ်တာမှု၊ ဥပါဒါန်သည် စွဲလမ်းမှုဤ(၂)မျိုးစလုံးသည် လောဘစေတသိက်ပင် ဖြစ်ပါသည်၊ တဏှာကြောင့် ဥပါဒါန်လေးပါးဖြစ်ရသည်။

ကာမုပါဒါန် -အစွဲအလမ်းအားကြီးသောတဏှာ

သစ်ပင်ပေါက်ကလေးကို ပြောင်းရွှေ့၍ရနိုင်စေကာမူ ရေသောက်မြစ်တွယ်ပြီးသော သစ်ပင်ကြီးပေါ်လာသောအခါ ပြောင်းရွှေ့၍မလွယ်သကဲ့သို့ တဏှာကိုဖျောက်ဖျက်ပစ်၍ ရကောင်းသော်လည်း စွဲစွဲလမ်းလမ်း တွယ်တာပိုသောဥပါဒါန် ကို ဖျောက်ဖျက်ပစ်ရန် ခဲယဉ်းလှပါသည်။

တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဟု ဆိုသော်လည်း အားနည်းသောလောဘ(တဏှာ)ကြောင့် အားကြီးအားကောင်း သော လောဘ(ဥပါဒါန်)ဖြစ်ခြင်းသဘောသာ ဖြစ်ပါသည်။

ဒိဋ္ဌုပါဒါန် -အယူဝါဒတစ်ခုခုကို စွဲစွဲမြဲမြဲယုံကြည်မှု

အယူဝါဒသည် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒကို ဆိုလိုပါသည်၊ ယင်းအနက် နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးသည် အပါယ်သို့မုချရောက်စေတတ်သည်။

ထိုသုံးပါးကား-

(၁) နတ္ထိကဒိဋ္ဌိ -ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲ လုပ်လုပ်၊ ဘာအကျိုးမှ မပေးတတ်ဟူ၍ အကျိုးတရားကို ပစ်ပယ်သော အယူဝါဒ

(၂) အဝေဟတုကဒိဋ္ဌိ -အတိတ်ကံသည် ပစ္စုပ္ပန်အတွက် အကြောင်းတရားဖြစ်သည် ဟူသော ကံ၏အကြောင်းတရားကို ပစ်ပယ်သောအယူဝါဒ

(၃) အကိရိယဒိဋ္ဌိ -ကံတရားကို လုံးလုံးလက်မခံသော အားဖြင့် ပြုသမျှ အမှုတွေသည် ပြုရာမရောက်ခြင်း မမည်ယူသော အယူဝါဒ

ထို့ကြောင့် ဤဒိဋ္ဌိကြီးသုံးပါးသည် ငရဲသို့ရောက်စေတတ်သော အကျိုးပေးစေတတ်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိကြီးဟု ခေါ်ပါသည်။

မိစ္ဆာဒိဋ္ဌိတိုင်းသည် အပါယ်သို့မပို့တတ်ပါ၊ ဥပမာ-သက္ကာယဒိဋ္ဌိသည် နိဗ္ဗာန်သို့ရောက်ကြောင်းမဟုတ်သော်လည်း အပါယ်ကျကြောင်းလည်း မဟုတ်ပါ၊ သက္ကာယဒိဋ္ဌိနှင့် ယှဉ်သောကုသိုလ်သည် သုဂတိအကျိုးကို ပေးတတ်ပါသည်။

**သီလဗ္ဗတုပါဒါန်**

-အကျင့်သီလ၌ စွဲမြဲစွာယူသောအယူဖြစ်သည်၊ကျမ်းစာများ၌ နွားလိုကျင့်သောအကျင့်မျိုး၊ ခွေးလိုကျင့်

သောအကျင့်မျိုး၌ ဟု ဖွင့်ဆိုပြထားပါသည်၊ လူချမ်းသာ၊ နတ်ချမ်းသာကိုရည်မှန်း၍ ကျင့်သောအကျင့်များသည် အကုသိုလ်မဟုတ်သော်လည်း မဂ်လမ်းမှ လွဲမှားသော အကျင့်မျိုးဖြစ်၍ သီလဗ္ဗတုပါဒါန် ဟု ဆိုပါသည်။

တရားကိုယ်မှာ သီလဗ္ဗတပရာမာသသံယောဇဉ်ပင် ဖြစ်ပါသည်။

**အတ္တာဝါဒုပါဒါန်**

မှောက်မှားစွာ ဆွဲယူသောဒိဋ္ဌိဖြစ်ပါသည်။

မိမိကိုယ်ကောင်ကြီးနှင့်ပတ်သက်၍ အစွဲအလမ်းအလွန်ကြီးလှပါသည်၊ ရုပ်နာမ်မျှသာရှိခြင်းအမှန်ဖြစ်ပါလျက် ငါ့ရုပ်-ငါ့စိတ်စသည်ဖြင့် စွဲလမ်းခြင်းကို သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

ငါစွဲနှင့်လုပ်သမျှသောကုသိုလ်တို့သည် နိဗ္ဗာန်လမ်းမှ သွေဖီနေသည့်အတွက် သက္ကာယဒိဋ္ဌိကို အတ္တာဝါဒုပါဒါန် ဟူ၍ ခေါ်ရသည်။

ဤခန္ဓာငါးပါးရုပ်နာမ်တရားတွေဟာ ကံကြောင့်ဖြစ်ရတာပါကလား၊ ကံဆိုတာ စေတနာသင်္ခါရကြောင့် ဖြစ်တာပါ

ကလား၊ သင်္ခါရတွေဟာ အမှန်ကိုမသိတဲ့အဝိဇ္ဇာကြောင့်သာ လုပ်နေတာပါကလား ဟု အကျိုးအကြောင်းသက်သက်မျှ ဖြစ်ပုံကို သဘောပေါက်သောအခါ သက္ကာယဒိဋ္ဌိ ပျောက်ပါတော့သည်။

## ပွဲလမ်းမှုကြောင့် ဘဝဖြစ်ရပုံ

## (ဥပါဒါနပစ္စယာဘဝေါ)

သတ္တဝါတို့သည် သန္တာန်၌ ဥပါဒါန်အစွဲပြင်းထန်လှသောကြောင့် မိမိခန္ဓာကိုယ်၌ အတ္တစွဲ(သက္ကာယဒိဋ္ဌိသတ္တဝါဥပါဒါန်) မြဲသည်ထက် မြဲလာပါသည်။

ထိုဝင်ရိုးခိုင်မြဲလာသောကြောင့် ကိုယ့်တွက်တာ တစ်ခဏမျှအတွက်ရည်မျှော်ပြီး သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာလောကီကုသိုလ်များကို ကြိုးစားအားထုတ်သဖြင့် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်ဟူသော ကုသိုလ်ကမ္မပထတရားများ ဖြစ်ပွားကြပါသည်။

ဤကုသိုလ်-အကုသိုလ်ကမ္မပထတရားနှစ်ပါးကို (ကမ္မဘဝ)ဟု ခေါ်ပါသည်။

ထိုကမ္မဘဝကြောင့် ထိုက်သင့်ရာ အပါယ်လေးဘုံ၊ ကာမဘုံ၊ ရူပဘုံ၊ အရူပလေးဘုံတို့ ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်ပွားလာရသည်။

ထိုဝိပါက်နာမ်ခန္ဓာနှင့်ကမ္မဇရုပ်များကို ဥပပတ္တိဘဝ ဟူ၍ ခေါ်ပါသည်။

လောကီကုသိုလ်၊ အကုသိုလ်ကမ္မပထတရားများ သည် ဥပပတ္တိဘဝကို ဖြစ်စေတတ်သောကြောင့် ဘဝမည်ပါ သည်။

## ဘဝဖြစ်မှုကြောင့် မွေးဖွားရပုံ

## (ဘဝပစ္စယာဇာတိ)

ကုသိုလ်ကမ္မဘဝ၊ အကုသိုလ်ကမ္မဘဝတည်းဟူသော ကံနှစ်ပါးတို့၊ အစွမ်းသတ္တိကြောင့် အလုံးစုံသောသတ္တဝါတို့ သည် ယခုလောလောဆယ်ဖြစ်ရာ ပစ္စုပ္ပန်ဘဝ၌ ကုန်ဆုံး ကွယ်လွန်သွားခဲ့ကြပြီးလျှင် ထိုကံနှစ်ပါးအကျိုးပေးဖြစ်ကြရာ-

-ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံ

-နာမ်ခန္ဓာလေးပါးရှိသော အရူပလေးဘုံ

-ခန္ဓာငါးပါးအပြည့်ရှိသောကာမဘုံ-ရူပဘုံ

တို့၌ ကမ္မနိယာမဓမ္မတာအတိုင်း ပဋိသန္ဓေအခါ-ပဝတ္တိအခါတို့၌ ဝိပါက်နာမ်ခန္ဓာ၊ ကမ္မဇရုပ်တို့ဖြစ်ပွားမှု(ဥပါဒ်)တည်းဟူသော ဇာတိဖြစ်ပေါ်လာရပါသည်။

ဥပပတ္တိဘဝခေါ်သော ဝိပါက်ခန္ဓာ၊ နာမ်ခန္ဓာ၊ ကမ္မဇရုပ်တို့၌ ဖြစ်ဆဲခဏ (ဥပါဒ်)၊ တည်ဆဲခဏ(ဌီ)၊ ပျက်ဆဲခဏ (ဘင်)ဟူ၍ ခဏဝယ် အချိန်ဟု(၃)ပိုင်း ရှိရာတွင်-

ဥပါဒ်ခဏအခိုက်ကို - ဇာတိ

ဌီခဏခိုက်ကို ဇရာ

ဘင်ခဏအခိုက်ကို - မရဏ

ဟူ၍ ခေါ်ဆိုပါသည်။

အကြောင်းကံ(ကမ္မဘဝ)ပါရမီက ဥပပတ္တိဘဝ၊ ဥပါဒ်ခဏဟူသော ဇာတိဖြစ်ပေါ်လာအောင် ကျေးဇူးပြုပါသည်။

ယင်း ဥပပတ္တိဘဝ၊ ဥပါဒ်ခဏအခိုက်တည်းဟူသော ဇာတိတရားသည်လည်း တစ်ဘဝတွင် တစ်ကြိမ်သာဖြစ်သည်မဟုတ်၊ အကြိမ်ကြိမ်ဖြစ်၍ အစဉ်သဖြင့် ကိုယ်ခန္ဓာတဖြည်းဖြည်း ပြည့်ဖြိုးကြီးထွားလာကာ အထည်ဒြပ်သန္တာန်ဖြစ်ပေါ်လာခဲ့ပါသည်။

## မွေးဖွားမှုကြောင့် အို, သေရပုံ

## (ဇာတိပစ္စယာဇရာမရဏာ)

"ဒီ"၏နောက်က ရေသည် ထပ်ကြပ်လိုက်ပါလာသကဲ့သို့ ဇာတိ၏နောက်ဝယ် အိုခြင်း၊ သေခြင်းတရားတို့သည် တရစပ် လိုက်ပါနေတတ်ပါသည်။

ဥပါဒ်ဟူသောဖြစ်ဆဲခဏနောက်ဝယ် ဌီခဏဟူသော ရင့်ရော်မှု(ဇရာ)တရားသည် နေ့ညမစဲ တသဲသဲအမြဲလိုက်ပါနေပါသည်၊ ထိုရင့်ရော်မှုကို ဇရာမီးဟု ခေါ်ပါသည်။

ဇရာမီးသည်-

-ထိုထိုဘဝခန္ဓာတို့ တည်ဆဲခဏ၊ အချိန်ပိုင်းတည်းဟူသော ရင့်ရော်အိုမင်းမှု (ခဏဇရာ)

-အအေးရုပ်သန္တာအစဉ်၊ အပူရုပ်သန္တာအစဉ် စသည်တို့၏ တစ်ချိန်ထက်တစ်ချိန် အစဉ်အားဖြင့် ရင့်ရော်အိုမင်းမှု(သန္တတိဇရာ)

ဟူ၍ နှစ်မျိုးရှိရာ အသက်အရွယ် ငယ်သူ၊ ကြီးသူအားလုံးပင် ထိုဇရာနှစ်ပါးဟူ၍ တဖြည်းဖြည်းကြီးထွားလာကာ ဆံဖြူသွားကျိုး၊ ပါးရေတွန့် စသည်ဖြစ်ရပါတော့သည်။

ဇရာ (ရင့်ရော်မှု)အစစ်တရားကား စိတ်ဖြင့်ကြံဆ၍ သိအပ်ထင်အပ်သောတရားသဘော ဖြစ်နေပါသည်။

ဥပမာ-ရေတိုက်စားများသွားသောလမ်း၊ မီးအကြီးအကျယ်လောင်သွားသောလမ်းတို့၌ ရေဒဏ်၊ မီးဒဏ်ကြောင့် သစ်ပင်မှာ ကျိုးပျက် ဖျက်ဆီး၍ ကျန်ရစ်ခြင်း၊ မီးသွေးပြာ စသည်ကျန်ရစ်ခြင်း စသည်တို့ကို ဖြစ်ရ၍ တိုက်စားသွားသော ရေ၊ လောင်ကျွမ်းသွားသောမီးတို့ကို စိတ်ဖြင့်ကြံဆ၍ သိရသည်။

အလားတူပင် ဇရာတည်းဟူသော ရေကြမ်း၊ ဇရာတည်းဟူသော မီးလောင်ကျွမ်း၍သွားသောလမ်းခရီး ဟုဆိုအပ်သော အပွန့်အလွန် ရင့်ရော်သောရုပ်တရားတို့၌ ဖြစ်ပေါ်နေသော မျက်စိဖြင့် မြင်ကောင်းသောဆံဖြူ၊ သွားကျိုး စသော သဘောတရားများကို ဇရာရေကြမ်း၊ မီးတို့ကို တိုက်စားသွားသော အချက်ဟု သိအပ်သကဲ့သို့ပင် ဖြစ်ပါသည်။

သတ္တဝါတို့သည် ဇရာမီးနှစ်ပါးတညီးညီးတောက်လောင်ခံနေရသောကြောင့် ငယ်သောအရွယ်၊ အရွယ်လတ်၊ ကြီးသောအရွယ် စသည်ဖြင့် အရွယ်များ ခြားနားဖြစ်ပေါ်လာနေရပါသည်။

ဇရာခေါ် သောတည်ဆဲ(ဌီ)ခဏအခြားမဲ့မှာပင် ဘင်ခဏ(ပျက်စီးခြင်း)သို့ ရောက်ရှိကြသောသတ္တဝါတိုင်းသည် ခဏိကမရဏအားဖြင့် အချိန်တိုင်းသေလွန်နေကြရသည်။

ထိုသည်ကို သမ္မုတိမရဏ မရောက်ကြသေး၍ သေမှန်းမသိကြပါချေ။ သေခြင်း(၃)မျိုးရှိပါသည်-

**(၁) ခဏိကမရဏ**

-သတ္တဝါတိုင်း မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ဝယ် ဖြစ်-တည်-ပျက်-ကုဋေတစ်သိန်း ဖြစ်ပျက်ကာ သေကြသည်။

**(၂) သမုစ္ဆေဒမရဏ**

-ဘုရားရဟန္တာတို့၏ ဝဋ်ဆင်းရဲကို အကြွင်းမဲ့ အမြစ်ပြတ်တောက်၍ ပရိနိဗ္ဗာန်ပြုသွားခြင်းမျိုးဖြစ်သည်။

**(၃) သမ္မုတိမရဏ**

-ဘုရားရဟန္တာမှကြွင်းသောသတ္တဝါတို့၏ တစ်ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေပြတ်ဆဲ သေဆုံးခြင်းမျိုး ဖြစ်သည်။ ယင်းသေဆုံးခြင်းသည်-

(က) သက်တမ်းကုန်၍သေခြင်း

(ခ) ကံကုန်၍သေခြင်း

(ဂ) အသက်ကံနှစ်ပါးစုံကုန်၍သေခြင်း
(ဃ) ကံဆိုးဖြတ်၍ရုတ်တရက်သေခြင်း
ဟူ၍ လေးမျိုးရှိသည်။

ဤသေခြင်းလေးမျိုးဖြင့် သတ္တဝါတို့သည် တစ်ဘဝပြီး တစ်ဘဝသေနေကြရသည်။

## မိုးရိပ်မရခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ နှလုံးပူခြင်းများ ဖြစ်ရပုံ

ပဉ္စမသန္တေလေးမျိုးဖြင့် ခန္ဓာထွေပြားရှိခဲ့သော် ဘဝ မမှတာအတိုင်း-

- ဆွေမျိုးပျက်စီးခြင်း
- စီးပွားဥစ္စာပျက်စီးခြင်း
- အနာရောဂါစွဲကပ်နှိပ်စက်ခြင်း
- ကိုယ်ကျင့်သီလပျက်စီးခြင်း
- အယူဖောက်ပြန်ပျက်စီးခြင်း

ငါးမျိုးတို့နှင့် တွေ့ကြုံလာရတတ်ပါသည်၊ ထိုသို့ကြုံကြိုက်ခဲ့ သည်ရှိသော်-

-နှလုံးပူပန်စိုးရိမ်ရခြင်းဟူသော သောကတရားများ
-ငိုကြွေးမြည်တမ်းရခြင်းဟူသော ပရိဒေဝတရားများ
-ကိုယ်ဆင်းရဲခြင်းဟူသော ဒုက္ခတရား
-စိတ်ဆင်းရခြင်းဟူသော ဒေါမနဿတရား
-နှလုံးပြင်းစွာပူပန်ရခြင်း ဟူသော ဉပါယာသတရား

တို့သည် မပြတ်ဖြစ်ပေါ်နေရပါသည်။

မိမိတို့၏ဘဝသည် အတိတ်ဘဝက မသိမှု(အဝိဇ္ဇာ) ကြောင့် ကုသိုလ်-အကုသိုလ်တွေပြုခဲ့ကြရာမှာ ဤဘဝတွင် ရုပ်-နာမ်ရှိ သတ္တဝါအမျိုးမျိုး လာဖြစ်နေရသည်။

ဤခန္ဓာကိုယ်ဘဝတွင် တဏှာတည်းဟူသောလောဘ ကြောင့် စွဲလမ်းမှုတွေဖြစ်ကာ ဘဝသစ်ဖြစ်ရဦးမည်။

ထို့ကြောင့် သတ္တဝါတိုင်းအဖို့ အဝိဇ္ဇာ၊တဏှာတည်း ဟူသော အရင်းအမြစ်နှစ်ပါးကို သိရှိကြပြီး ထိုနှစ်ပါးကို အမြစ် ကနေ ပယ်ဖြတ်နိုင်အောင် ကြိုးစားအားထုတ်ရမည်သာ ဖြစ်ပါ သည်။



## ဝဋ်သုံးသွယ်လည်၍ ဖြစ်ရသည်မှာ

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြောင့် ဝဋ်သုံးပါးသံသရာ လည်ရပါသည်၊ ဝဋ်သုံးသွယ်သည်-

၁။ ကိလေသာဝဋ် -အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန

၂။ ကမ္မဝဋ် -သင်္ခါရဘဝ (ကမ္မဘဝ)

၃။ ဝိပါကဝဋ် -ဝိညာဏ၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဇာတိ၊ ဇရာ၊ မရဏ

အကြင်ပုဂ္ဂိုလ်ကား သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာသည် ရှိနေ၏၊ ထိုပုဂ္ဂိုလ်တို့သည် အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံ၌ ဘဝပေါင်း အသင်္ချေအနန္တတိုင်အောင် အဖန်ဖန်ရောက်ကုန်ရ သော်လည်း တံငါ၊ မုဆိုး၊ သူခိုး၊ ဓားပြစသောအကုသိုလ်ကမ္မ ပထအတွင်းသို့ အဖန်တလဲလဲကျရောက်တတ်ကြရပါသည်။

ထိုအကုသိုလ် ကမ္မပထအတွင်းသို့ကျရောက်သဖြင့် အပါယ်ခန္ဓာအတွင်းသို့ တစ်ဝဲလည်လည်ကျရောက်ကြရပါသည်။

ကုသိုလ်ကမ္မပထအတွင်းကျရောက်၍လည်း နတ်ခန္ဓာ၊ ဗြဟ္မခန္ဓာအတွင်း ကျရောက်ကာ တဝဲလည်လည် ကျရောက်ကြရသည်။

သို့အတွက် (၃၁)ဘုံက မကျွတ်လွတ်နိုင်ဘဲ တဝဲလည်ယည် ပြန်လှန်၍နေရသည်ကို ဝဋ် ဟူ၍ ဆိုပါသည်။
ထိုဝဋ်သည်လည်း-

-အပါယ်သံသရာနှင့်ဆိုင်ရာဝဋ်သုံးပါး
-ကာမသုဂတိသံသရာနှင့်ဆိုင်ရာဝဋ်သုံးပါး
-ရူပသံသရာနှင့်ဆိုင်ရာဝဋ်သုံးပါး
-အရူပသံသရာနှင့်ဆိုင်ရာဝဋ်သုံးပါး

ဟူ၍ သုံးမျိုးလေးလီ ရှိနေပါသည်။
အပါယ်သံသရာနှင့်ဆိုင်သော ဝဋ်သုံးပါးမှာ-

-သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဤနှစ်ပါးသည် ကိလေသာဝဋ်
-သူ့အသက်ခြင်းအစ-အယူမှားခြင်းအစရှိသော အကုသလကမ္မပထ(၁၀)ပါး လွန်ကျူးကျင့်ခြင်းသည် ကမ္မဝဋ်

-ထိုသို့ ကျူးလွန်ကျင့်သဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံ၌ ခန္ဓာငါးပါးဖြစ်ရခြင်းသည် ဝိပါကဝဋ်

ကာမသုဂတိသံသရာနှင့်ဆိုင်ရာဝဋ်သုံးပါးမှာ-

-ကောင်းသောအဆင်းစသောအာရုံငါးပါး၌ နှစ်သက်တွယ်တာသော ကာမတဏှာသည်(ကိလေသာဝဋ်)

-ထိုသို့တွယ်တာ၍ ကာမာဝစရ၊ ပုညကြိယာဝတ္ထု (၁၀)ပါးပြုလုပ်ခြင်းသည် (ကမ္မဝဋ်)

-ထိုသို့ပြုလုပ်သဖြင့် လူ့ဘဝ၊ နတ်ဘဝ၊ ခန္ဓာရခြင်းသည် (ဝိပါကဝဋ်)

ရူပ-အရူပသံသရာနှင့်ဆိုင်ရာဝဋ်(၃)ပါးမှာ-

-ရူပဘဝ၊ အရူပဘဝတို့၌ သာယာတွယ်တာသော ရူပတဏှာ၊ အရူပတဏှာများသည်(ကိလေသာဝဋ်)

-ရူပဈာန်ကုသိုလ်ငါးပါး၊အရူပဈာန်ကုသိုလ်လေးပါးကို အားထုတ်ဆောင်ရွက်ခြင်းသည် (ကမ္မဝဋ်)

-ရူပဗြဟ္မာ၊ ခန္ဓာငါးပါး၊ အရူပဗြဟ္မာဟူသော နာမ်ခန္ဓာရခြင်းသည် (ဝိပါကဝဋ်)

ဝဋ်သုံးပါးလေးလီရှိရာတွင် အပါယ်ဝဋ်သုံးပါးသည် အဓိကလိုရင်းဖြစ်ပါသည်။

ဦးခေါင်း၌ မီးလောင်နေသောအခါ၌ ထိုမီးကိုသတ်ရန် အရေးသည် တစ်စက္ကန့်၊ တစ်မိနစ်မျှ ဖင့်နွှေးနှောင့်နွှေး၍ မရသောအရာဖြစ်သကဲ့သို့ သက္ကာယဒိဋ္ဌိသတ်ရန်အရေးသည် အလွန်အရေးကြီးလှပါသည်။

သက္ကာယဒိဋ္ဌိချုပ်လျှင် ဝိစိကိစ္ဆာအကြွင်းမဲ့ချုပ်ပါတော့သည်-

| | |
|---|---|
| -ပထမအနုသယဘုံ | -အမြစ်မူလ |
| -ဒုတိယပရိယုဋ္ဌာနဘုံ | -မနောကံ |
| -တတိယဝိတိက္ကမဘုံ | -ကာယကံသုံးပါး၊ ဝစီကံလေးပါး |

ကံသုံးပါးမရောက်သေး၍ ကံသုံးပါး၏အဖြစ်မူလ၊ ဗီဇမျိုးစေ့အနေနှင့်ကိုယ်ခန္ဓာတစ်ခုလုံး၌ ထိုဒိဋ္ဌိ၏အပွားအစီးဖြစ်သော အကုသိုလ်စုသည် အနုသယဘုံမှထကြွ၍ ပရိယုဋ္ဌာနဘုံကို ပြည့်စေတည်စေ၏။(မနောကံအဖြစ်သို့ရောက်၍ တည်လေသည်)

မနောကံအဖြစ်တွင် မငြိမ်းနိုင်ပြန်သော် ထိုပရိယုဋ္ဌာနဘုံမှ ဝိတိက္ကမဘုံကိုပြည့်၍ တည်လေသည်။(ကာယကံ၊ ဝစီကံအဖြစ်သို့ရောက်၍ တည်လေသည်)

လောကဥပမာဖြင့်ကြည့်လျှင်-

-ဒိဋ္ဌိအနုသယဘုံသည် မီးခြစ်ဆံ ယမ်းခဲအတွင်း၌ ကိန်းဝပ်နေသော ဓာတ်နှင့်တူသည်

-ပရိယုဋ္ဌာနဘုံသည် ကော်ပတ်နှင့် တိုက်ခြစ်သော အခါမှပေါ် ထွက်လာသော မီးတောက်နှင့်တူသည်

-ဝီတိက္ကမဘုံသည် အမှိုက်ပုံကိုမီးလောင်နေသည်နှင့် တူပါသည်

-အာရုံခြောက်ပါးက ယမ်းပြားနှင့်တူပါသည်

အကြွင်မျှလောက် တရားအလုပ်အားမထုတ်၍ မဂ်ဖိုလ်မရ၊ နိဗ္ဗာန်မဝင်စံရသေး။

ထိုမျှလောက် သည်ဘုံဘဝမှာ မည်သည့်သတ္တဝါ ကောင်ပဲဖြစ်ဖြစ်၊ဖြစ်ချင်တိုင်းဖြစ်၊ ကမ္ဘာတည်စ၊ နှစ်,လ,ရက်က၊ ကမ္ဘာပျက်သည်တိုင်အောင် တစ်ကမ္ဘာပတ်လုံး နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလည်သလို မဆုံးနိုင် သံသရာလည်ကြရ မည်သာ ဖြစ်ပါသည်။

ကိလေသာဝဋ်ကြောင့် ကိလေသာဝဋ်ထပ်၍ ဖြစ် သောကြောင့် ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသာဝဋ်၊ အဆုံးမရှိနိုင် တော့ဘဲ ထပ်တလဲလဲ လွတ်ကင်းပျောက်မပြတ် ချားရဟတ် ပမာ ရုပ်နာမ်ခန္ဓာဖြစ်ပျက် မွေးသေ၊ သံသရာရှည်၍ နေရပါ တော့သည်။

ခန္ဓာ၊ အာယတန၊ ဓာတ်တို့မပြတ်ဖြစ်နေရာ သံသရာသည်-

-အောက်တန်းစား - အပါယ်လေးပါးသံသရာ

-အလယ်တန်းစား - လူ၊ နတ်သံသရာ

-အထက်တန်းစား - ဗြဟ္မာသံသရာ

ဟူ၍ သုံးမျိုးသုံးစားရှိလေရာ အောက်တန်းစား အပါယ်လေးပါးသံသရာ၌ ဒိဋ္ဌိကလေသဝဋ်ကြောင့် ဒုစရိုက်ကမ္မဝဋ်ဖြစ်၊ ယင်းကမ္မဝဋ်ကြောင့် အပါယ်လေးဘုံ၌ အပါယ်လေးဘုံသား ရုပ်နာမ်ခန္ဓာဟုခေါ်သော ဝိပါကဝဋ် ဖြစ်လေသည်။

တစ်ဖန်ပြန်၍ ကိလေသာဝဋ်ဖြစ်၊ ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်၊ ဤသို့ဖြင့် နိဗ္ဗာန်မရောက်သေးသမျှ အဆုံးမသတ်လည်ရတော့သည်။

ထို့အတူ အလတ်တန်းစား လူ၊ နတ်သံသရာ၌ ကာမတဏှာကိလေသာဝဋ်ကြောင့် အထက်တန်းစားဗြဟ္မသံသရာ၌ ရူပ-အရူပတဏှာကိလေသာဝဋ်ကြောင့် ကမ္မဝဋ်၊ ဝိပါကဝဋ်များ ဖြစ်ကြကာ သံသရာလည်နေကြရသည်။

ဤသို့ဖြင့် ဝဋ်သုံးပါးသည် နိဗ္ဗာန်မရောက်မချင်း သံသရာလည်နေရတော့သည်သာ။



## သေဘေးသည် ကြောက်စရာမဟုတ်ပါ

မိမိသည် ပထမအရွယ်၊ ဒုတိယအရွယ်တို့တွင် သေဘေးကင်း၍ ယခု တတိယအရွယ်ရောက်လာခဲ့ပြီ။

လောကသည် မမြဲ၊သက်ရှိသတ္တဝါအားလုံးသည်မမြဲ၊ သေရမည်သာ ဓမ္မတာဖြစ်ပါသည်။

သကြားး၌ အချိုဓာတ်ပါသလို၊ သံပုရာသီး၌ အချဉ် ဓာတ်ပါသလို၊ ငရုတ်သီး၌ အစပ်ဓာတ်ပါသလို၊ ကြက်ဟင်းခါး သီး၌ အခါးဓာတ်ပါသလို၊ သက်ရှိသတ္တဝါတို့၌ အိုခြင်း၊ နာခြင်း၊ သေခြင်း ဓာတ်ကြီးများက မွေးကတည်းက ပါလာပါသည်။

ယခုအိုဓာတ်ထဲသို့ရောက်နေပြီး နာဓာတ်ကလည်း ဝင်နေသည်၊မုချအသေဓာတ်သို့ရောက်ရမည်၊ ရာဇဝတ်ဘေး ပြေးမလွတ်သကဲ့သို့ အသေဘေးကြီးက ပြေးမလွတ်ပါ။

ပြေးမလွတ်သောအသေဘေးကြီးကို မိမိသည် ဝိဇ္ဇာ (အသိ)မရှိက ကြောက်နေရမည်သာ ဖြစ်ပါသည်၊ ဝိဇ္ဇာ(အသိ) ရှိထားပါက ကြောက်စရာမဟုတ်ပါ၊ ဘုရားရှင်က ထိုအသေဘေးကြီးကို ကြောက်သူလေးယောက်၊ မကြောက်သူလေးယောက် ဟူ၍ ဟောကြားခဲ့ပါသည်။

သေဘေးကြောက်သူ(၄)ယောက်မှာ-

(၁) သားမယား၊ အိုးအိမ်တိုက်တာ၊ ရွှေ၊ ငွေ၊ လယ်ယာစသည်တို့ကို စွဲလမ်းမှုအားကြီးလျှင် သေခါနီး၌ ထိုအာရုံ ကာမဂုဏ်များနှင့် ခွဲခွာရတော့မည် ဟု ပူပန်ကြောင့်ကြနေသူသည် သေရမည်ကိုကြောက်ပါသည်

(၂) မိမိကိုယ်ကိုစွဲလမ်းနေသူသည် သေရမည်ကို ကြောက်ပါသည်

(၃) အကုသိုလ်များနေသူသည် သေရမည်ကို ကြောက်ပါသည်

(၄) တရားကို မယုံကြည်သောသူသည် သေရမည်ကို ကြောက်ပါသည်

သေဘေးမကြောက်သူ(၄)ယောက်မှာ-

(၁) ကာမဂုဏ်အာရုံတို့ကို တရားနှင့်ဆင်ခြင်၍ နေသော သူသည် သေရမည်ကို မကြောက်ပါ

(၂) မိမိကိုယ်ကိုမစွဲလမ်းသူသည် သေရမည်ကို မကြောက် ပါ

(၃) အကုသိုလ်မများသူသည် သေရမည်ကိုမကြောက်ပါ

(၄) တရားကို ယုံကြည်သောသူသည် သေရမည်ကို မကြောက်ပါ



## သေသောအခါမကြောက်ရန်

## တရားမှန်ရအောင်ကျင့်ပါ

သတ္တဝါမှန်သမျှသည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သေပြီးသည်နှင့်တစ်ပြိုင်နက်တည်း နိဗ္ဗာန်မရောက်သေးသမျှ ကာလပတ်လုံး (၃၁) ဘုံ၌ အဖန်ဖန်အပြန်ပြန် ကျင်လည်နေကြရမည်သာ ဖြစ်ပါသည်။

ထိုသို့ဖြစ်ကြရာတွင် သာမန်ကြည့်လျှင်-

-တိရစ္ဆာန်ဘဝထက်စာသော် လူ့ဘဝကပို၍အရတော်သည်

-လူ့ဘဝထက်စာသော် နတ်ဘဝက ပို၍အရတော်သည်

-နတ်ဘဝထက်စာသော် ဗြဟ္မာဘဝက ပို၍အရတော်သည်

ဟု ထင်မှတ်ကြမည်။

သို့သော် ဤပုဂ္ဂိုလ်သတ္တဝါအားလုံးသည် အိုရမည့်ဘေး၊ နာရမည့်ဘေး၊ သေရမည့်ဘေး၊ ချစ်ခင်သူနှင့်ကွေကွင်းရသည့်ဘေး၊ မချစ်မနှစ်သက်သူနှင့် ပေါင်းဖက်ရသည့်ဘေး၊ ရတာမလို၊ လိုတာမရ ဟူသော ဘေးဆိုးကြီးများနှင့် မလွတ်ကင်းနိုင်ကြပါ။

ဤဘေးကလွတ်ကင်းအောင် မိမိကိုယ်ကို အသိဉာဏ်ရရှိအောင် တရားကိုသိရှိကြသော ရဟန်းသံဃာတော်များထံ တရားနာခြင်း၊ တရားစာပေဖတ်ကြားခြင်းဖြင့် အသိဉာဏ်ရအောင်လုပ်ပြီးလျှင် မိမိဘဝကို(၃၁)ဘုံ၌ ကျင်လည်အောင် လှုံ့ဆော်ပေးနေသော တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့ကို ပယ်သတ်နိုင်အောင် ကြိုးစားအားထုတ်နိုင်ကြရမည်သာ ဖြစ်ပါသည်။

ထိုသို့အားထုတ်နိုင်ရန်အတွက် မိမိစိတ်ကို ထိန်းသိမ်း၍ ထိုက်သင့်သောသမာဓိကိုရအောင် ဆောင်ရွက်ရန်မှာ အဓိကပဓာနကျပါသည်။

မိမိစိတ်ကိုနိုင်အောင် ထိန်းသိမ်းရန်မှာကလည်း ရှင်သာရိပုတ္တရာမိန့်ကြားသကဲ့သို့ သူတစ်ပါး၏စိတ်ကို အကဲခတ်ရသည်မှာ မှားသော်ရှိ မှန်သော်ရှိမည်၊ မိမိ၏စိတ်ကို အကဲခတ်ရသည်မှာ အမှန်ဆုံးဖြစ်သည်၊ မိမိ၏စိတ်ကို မိမိအကဲခတ်ရာ

တွင်လည်း ပုထုဇဉ်ပုဂ္ဂိုလ်၏သန္တာန်၌ အရိယာမဟုတ်သေး၍ ပုထုဇဉ်စိတ်သာ ခေါ်ပါမည်၊ ပေါ်ချင်ရာပေါ် ရှေ့စိတ်ပေါ်ရာကို နောက်ဉာဏ်နှင့်ရှုရပါမည်။

ထိုကဲ့သို့ရှုလျှင် ရှေ့စိတ်က ပျက်ပျက်သွားတာကို တွေ့ရမည်။

-ပျက်သွားသည်က အနိစ္စ

-နောက်ကိုမရှိမှန်သိလိုက်သောဉာဏ်က မဂ်ဖြစ်ပျက်နှင့်မဂ်ဆိုက်သွားအောင် ရှုပေးရပါမည်။

ဤကဲ့သို့ ဆက်လက်ရှုသွားလျှင် စိတ်ကိုမတွေ့ရတော့ဘဲ စိတ်၏မရှိမှုတွေကိုသာတွေ့ရပြီး သမာဓိရလာပါလိမ့်မည်။

ထိုသမာဓိရရန်နည်းလမ်းသည် အဓိကကျသောလမ်းဖြစ်ပါသည်၊ ထိုသမာဓိရနိုင်ရန်အတွက် "သမထ"ဝိပဿနာရှုနည်းကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။



## ကျွတ်ထိုက်သ, သူ့ နတ်ပြဟော

## သင်ပါ–မပါ ဆန်းစစ်ပါ

ကျွတ်ထိုက်သောသူကို "ဝေနေယျ"ဟုခေါ်၍ မကျွတ်ထိုက်သူကို "အဝေနေယျ(သတ္တဝါ)" ဟုခေါ်ပါသည်။

စတုကင်္ဂုတ္တိုရ်ပါဠိတော်ပုဂ္ဂလဝဂ်ဥဃ္ဃဋိတညူသုတ်နှင့်ပုဂ္ဂလပညတ်ပါဠိတော်၌ ပုဂ္ဂိုလ်လေးမျိုး ဟောကြားထားတော်မူခဲ့ပါသည်။

(၁) အကျဉ်းပြကာမျှဖြင့်တရားကိုသိသူ (ဥဃ္ဃဋိတညူပုဂ္ဂိုလ်)

(၂) အကျယ်ပြမှတရားကိုသိသူ (ဝိပဉ္စိတညူပုဂ္ဂိုလ်)

(၃) အကျဉ်း၊ အကျယ်နှစ်မျိုးလုံးပြမှတရားသိသူ(နေယျပုဂ္ဂိုလ်)

(၄) တရားနာယူရုံမျှသာဖြစ်၍ ဘဝတွက်မင်္ဂဖိုလ်မရထိုက်သောပုဂ္ဂိုလ် (ပဒပရမပုဂ္ဂိုလ်)

ထိုပုဂ္ဂိုလ်လေးမျိုးကို ဘုရားရှင်က ကြာလေးမျိုးနှင့်နှိုင်းယှဉ်၍ ဟောပြောပြခဲ့ပါသည်-

-ရေပေါ်တက်နေ၍ ယနေ့ပွင့်မည့်ကြာ

-ရေနှင့်ညီနေ၍ နက်ဖြန်ပွင့်မည့်ကြာ

-ရေအောက်မှာနေ၍တက်လာကာ သန်ဘက်ခါကျ မှပွင့်မည့်ကြာ

-ရေအောက်မှာနစ်နေ၍ပေါ်မလာတော့ဘဲ ရေထဲမှာ ပင် ပုပ်ဆွေးသွားမည့်ကြာ

ဥပမာ-ဥပမေယျနှိုင်းယှဉ်ပြသည်မှာ-

-ယနေ့ပွင့်မည့်ကြာနှင့် -ဥဂ္ဃဋိတညူပုဂ္ဂိုလ်တူသည်

-နက်ဖြန်ပွင့်မည့်ကြာနှင့် -ဝိပဉ္စိတညူပုဂ္ဂိုလ်တူသည်

-သန်ဘက်ခါပွင့်မည့်ကြာနှင့်-နေယျပုဂ္ဂိုလ်တူသည်

-ရေထဲမှာပုပ်မည့်ကြာနှင့်-ပဒပရမပုဂ္ဂိုလ်တူသည်

ထိုပုဂ္ဂိုလ်လေးမျိုးနှင့်ပတ်သက်၍ လယ်တီဆရာတော် ဘုရားကြီးက ဗောဓိပက္ခိယကျမ်းပုဂ္ဂိုလ်ခွဲခန်း၌-

-ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဆိုသည်ကား သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံ ရ၍ တစ်ခုသောတရားဓမ္မကို ဟောတော်မူရာ အကျဉ်းသခေ်ပဥဒ္ဒေသစကား၏အဆုံး၌ မဂ်ဖိုလ်ရနိုင် သော ပုဂ္ဂိုလ်မျိုးကိုခေါ်၏။

-ဝိပဥ္စိတညူပုဂ္ဂိုလ်သည်ကား အကျယ်ဝိတ္ထာရအားဖြင့် ဖွင့်ပြဝေဖန်၍ ဟောတော်မူမှသာ မဂ်ဖိုလ်ရနိုင်သော ပုဂ္ဂိုလ်မျိုး

-နေယျပုဂ္ဂိုလ်မျိုးဆိုသည်ကား ဥဒ္ဒေသ-နိဒ္ဒေသ အကျဉ်းအကျယ်အားဖြင့်ဟောသော်လည်း ဒေသနာ အဆုံး၌ မဂ်-ဖိုလ်ကိုမရနိုင်ဟူ၍ ထိုဒေသနာကိုကြား နာဆောင်ရွက်လေ့ကျက်မှတ်သား၍ထားပြီးလျှင် ထို ဒေသနာ နာလည်း ရှိတိုင်းသော တရားကို များစွာ သော နေ့၊ ရက်၊ လ၊ နှစ်တို့ဖြင့် ကျင့်ကြံပွားများ အား ထုတ်မှသာ မဂ်ဖိုလ်ရနိုင်သော ပုဂ္ဂိုလ်မျိုး

ဤနေယျပုဂ္ဂိုလ်မျိုးသည်လည်း မိမိသန္တာန်၌ပါရှိသော ပါရမီအနုအရင့်အဆင့်ဆင့်သို့လိုက်၍လည်းကောင်း၊ ကိလေ သာ-အထက်၊ အနုံ့-အဆင့်ဆင့်သို့လိုက်၍လည်းကောင်း၊ ကျင့်ကြံအားထုတ်ရသော ကာလအတိုအရှည်အားဖြင့် အများ ရှိကြသည်။

ခုနစ်ရက်ကျင့်ရသောပုဂ္ဂိုလ်များမှစ၍ အနှစ်သုံးဆယ် ကျင့်ရသောပုဂ္ဂိုလ်မျိုး၊ အနှစ်ခြောက်ဆယ်ကျင့်ရသောပုဂ္ဂိုလ် မျိုးကို ဆိုလိုပါသည်။

ထိုတွင် ခုနစ်ရက်ကျင့်မှုရမည့်ပုဂ္ဂိုလ်သည် ထိုခုနစ်ရက်ကို ပထမအရွယ်၊ ဒုတိယအရွယ်တို့၌ ကျင့်မည်ဖြစ်အံ့၊ ရဟန္တာတိုင်အောင်ဖြစ်နိုင်၏။

ခုနစ်ရက်ကျင့်မှုဆိုသည်ကား အင်အားရှိသလောက် အစွမ်းကုန်ကျင့်မှုကို ဆိုသတည်း။

ဝီရိယယုတ်လျော့၍ နေပြန်လျှင်လည်း ခုနစ်ရက်၊ ခုနှစ်နှစ် စသည်ဖြင့် ရှည်လျားသွားတတ်သည်။

ယခုဘဝ၌ မဂ်ဖိုလ်ကိုရလောက်အောင် ဝီရိယထုတ်မှုမရှိပြန်လျှင် ဤသာသနာမှာအကျွတ်ရပြီး နောက်နောင်ဘုရားသာသနာမှာလည်း ကြုံကြိုက်မှကျွတ်နိုင်မည်။

နိယတဗျာဒိတ်ရပုဂ္ဂိုလ်မှာ သေချာပေါက်ကျွတ်နိုင်၍ ဗျာဒိတ်ရပုဂ္ဂိုလ်မျိုးမဟုတ်လျှင် စိတ်မချရ။

"ပဒပရမပုဂ္ဂိုလ်မျိုးဆိုသည်ကား ဘုရားသာသနာနှင့်ကြုံ၍ ပဋိပတ်တရားကို ဘယ်လိုပင်အားထုတ်သော်လည်း ယခုဘဝမဂ်ဖိုလ်ကိုမရထိုက်မူ၍ ဝါသနာ၊ ဘာဂီပါရမီမျှကိုသာ ရထိုက်သောပုဂ္ဂိုလ်သည် ပဒပရမပုဂ္ဂိုလ်မည်၏၊ ဤပုဂ္ဂိုလ်ကား ယခုဘဝ၌ မကျွတ်နိုင်၊ သမထအလုပ်၊ ဝိပဿနာအလုပ်၊ လက်ရှိနှင့်သေလွန်၍ လူ့ဘဝ၊ နတ်ဘဝ၌ ဖြစ်သည်ရှိသော်

နောက်ဘဝ၌ ဤဘုရားသာသနာ၌ပင် အကျွတ်ရနိုင်သည်” ဟူ၍ ဖွင့်ဆိုရေးပြထားပါသည်။

“ထိုပုဂ္ဂိုလ်လေးမျိုးတွင် ဥဃ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များကတော့ ယခုခေတ်မှာ ခပ်ရှားရှားပင် ဖြစ်ပါသည်၊ နေယျပုဂ္ဂိုလ်မျိုးကတော့ ခပ်များများရှိပါမည်၊ ထို့ကြောင့် ရောက်ဆဲဖြစ်နေတဲ့ နေယျခေတ်အားလျော်စွာ မိတ်ဆွေကောင်း၊ ဆရာများကိုရှာကြံ၍ နည်းနာခံယူကာ ကျင့်ပွားနိုင်ကြဖို့လိုအပ်ကြောင်း”

ဆိုဆုံးမထားသည်ကို တွေ့ရပါသည်။

ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်အနှစ်(၁၀၀၀)မှ နောက်ကာလ၌ ဤသာသနာတော်သည် နေယျပုဂ္ဂိုလ်နှင့် မဒပရမပုဂ္ဂိုလ်တို့၏ ခေတ်သမယသာ ဖြစ်သည်။

ယခုအခါ သာသနာတွင်း၌ ထိုပုဂ္ဂိုလ်နှစ်မျိုးသာရှိသည်မှန်သော်လည်း သာသနာငါးထောင်သည် ပိဋကတ်သုံးပုံ ဟူသော ပရိယတ္တိသာသနာရှိနေသေး၍ အရိယာခေတ်ရှိနေသည်ဟု မှတ်ရပါမည်။

ပဒပရမပုဂ္ဂိုလ်မျိုးတို့သည်ကား ယခုဘဝ ဘုရားသာသနာအတွင်း ကြုံကြိုက်ဆဲအခါမှာ ဝါသနာဘာဂီ၊ ပါရမီသမ္ဘာရတို့ကို အစွမ်းရှိသမျှ အရအမိဆည်းပူးကြရပါမည်။

သီလ၊ သမာဓိတို့သည်ကား သူညကမ္ဘာ၌လည်း ကမ္ဘာ့တန်ဆာကဲ့သို့ အမြဲရှိနေကြပါသည်၊ ဘယ်အခါမဆို ယူလိုလျှင် ရနိုင်ပါသည်။

ပညာသည်ကား သာသနာအတွင်းမှသာ ရနိုင်ပါသည်၊ ဒါန၊ သီလ၊ သမာဓိတို့သည် စရဏအမျိုးဖြစ်၍ ပညာမှာ ဝိဇ္ဇာမျိုးဖြစ်သည်-

-ဝိဇ္ဇာကား မျက်စိနှင့်တူသည်

-စရဏကား ခြေလက်နှင့်တူသည်

စရဏနည်းပါးလျှင် နောက်ဘုရားတွေ့ခွင့်မရှိသလို ပညာချို့တဲ့လျှင် ကျွတ်နိုင်ခွင့်မရှိတော့ပါ။



## အသိဉာဏ်ကလေးဖြင့်ကြည့်ပါ

မိမိဘဝသည် ပဌမအရွယ်ပညာသည်ဘဝတုန်းက လူကြီးဘဝ(ဝါ)အိမ်ထောင်သည်ဘဝအတွက် ကြီးပွားချမ်းသာမှုရနိုင်ရေးအတွက် အတတ်ပညာတို့ကို အပတ်တကုတ်ကြိုးစားနေရ၍ မိမိ၏ဘဝ၊ မိမိခန္ဓာကိုမစဉ်းစားနိုင်၊ ရုပ်-နာမ်က တရစပ်ဖြစ်-ပျက်ပြီး တိုးကာက်ယိုယွင်း အိုမင်းလာသည်ကို အမှတ်တမဲ့နေမိသည်၊ အမှတ်မှား၍ မိမိကိုယ်ကို ပို၍လှလာသည်ဟူ၍ပင် ထင်မြင်နေမိသည်။

ဒုတိယအရွယ်တွင် သားကျွေးမှု၊ မယားကျွေးမှုများနိုင်ငံ့အကျိုးသည်ပိုးမှုများ၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးလုပ်ငန်းများဖြင့် မပြတ်တရစပ် စဉ်းစားဆင်ခြင် လုပ်ကိုင်နေရပြန်သဖြင့် မိမိ၏ရုပ်နာမ်ခန္ဓာကြီး တစ်စစယိုယွင်း ချို့ယွင်းပျက်စီးလာသည်ကို သတိမပြုမိပါ။

အခါအားလျော်စွာ အသိပညာမပါသော ကုသိုလ်မှု များပြုမိသည်လည်း ရှိခဲ့ပါ၏၊ ကြီးပွားရေး၊ စီးပွားရေး၊ ရာထူး အာဏာရရေးတို့အတွက် လောဘ၊ ဒေါသ၊ မာန၊ ဣဿ၊ မစ္ဆရိယတရားတို့ခြံရံကာ အကုသိုလ်တရားများ ကြိုးစားပြီး လုပ်ကိုင်ခဲ့သည်များလည်း ရှိခဲ့ပါသည်။

အသိဉာဏ်မဲ့လုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်များ သည်လည်း များစွာရှိပေလိမ့်မည်။

ဒါန၊ သီလ၊ ကုသိုလ်လုပ်ရာ၌လည်း မသိမှုကြောင့် ဤခန္ဓာကိုယ်မှ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာဖြစ်ရလေအောင် ဆု တောင်းမှုများလည်း ရှိခဲ့ပေလိမ့်မည်။

ခန္ဓာတွေရက မမြဲသောတရား၊ ဆင်းရဲသောတရား ဖြစ်၍ မုချအိုနာသေရမည့် ဒုက္ခသစ္စာတရားက လွတ်မည် မဟုတ်သည်ကို သတိမထားမိကြ။

ဤသို့ဖြင့် ပထမအရွယ်တွေ၊ ဒုတိယအရွယ်တွေ ကုန် ခဲ့ရပြီး ယခုတတိယအရွယ်တွင် မိမိဘဝသည် အိုခြင်းတရား သို့ ရောက်ခဲ့ပြီး၊ နာခြင်းတရားကား နှိပ်စက်ခံနေရပြီး သေခြင်း တရားကား မုချဆက်ဆက်လာပေတော့မည်။

ဤတတိယအရွယ်တွင် မိမိသည် ဘာလုပ်သင့်ပါ သနည်း။

ကြုံတောင့်ကြုံခဲလှသော သာသနာခေတ်ကြီးနှင့်တွေ့ဆုံနေသောကာလဝယ် မိမိသည် အလင်းတန်း(ဝိဇ္ဇာဉာဏ်) ရအောင်လုပ်ရန် စိတ်ကိုဆုံးဖြတ်ထားရန် လိုအပ်ပါသည်။

ထို့နောက် ယခုဘဝတွင်ပင် မဂ်၊ဖိုလ်ရအောင် အားထုတ်အံ့-ဟု သန္နိဋ္ဌာန်ချထားရန် လိုအပ်ပါမည်။

ဤသို့ သန္နိဋ္ဌာန်ချပြီးလျှင်-

-အာဇီဝဋ္ဌမကသီလကို ဆောက်တည်နိုင်ရန် ကြိုးစားပါ

-ဣန္ဒြေခြောက်ပါးကိုစောင့်စည်းသော ဣန္ဒြိယသံဝရသီလကို စောင့်ပါ

-အစားအသောက်ကို မျှတရုံစားသောက်ပါ

-နေ့အခါ အိပ်ခြင်းမရှိဘဲ ညဉ့်သုံးယံတွင် တစ်ယံမျှသာအိပ်ပြီး ဘာဝနာအားထုတ်နိုင်ရန် ကြိုးစားပါ

-သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာဟူသော သူတော်စင်တရားခုနစ်ပါးနှင့်ပြည့်စုံနိုင်ပါစေ

ဤစရဏ(၁၁)ပါးကို ပြည့်စုံအောင် တည်ဆောက်ရပါမည်။

သမထ၊ ဝိပဿနာလုပ်ငန်းကို လုပ်ကြရာတွင်-

-ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ယုံကြည်သက်ဝင်ခြင်း

-ကျန်းမာသန်စွမ်းခြင်း
-စိတ်ထားဖြောင့်မှန်ခြင်း
-အပတ်တကုတ်အားထုတ်ခြင်း
-ရုပ်နာမ်တို့၏ဖြစ်ပျက်မှုကို သိမြင်နိုင်လောက်သော ဉာဏ်ပညာပြည့်စုံမှုကို ရ,အောင် ကြိုးစားပါ

ဤငါးမျိုးပြည့်စုံရန်လည်း အထူးလိုအပ်ပါသည်။

သမထ၊ ဝိပဿနာ၊ ဘာဝနာပွားများမှုကိစ္စသည် အဓိကအားဖြင့် စိတ်ကိုလေ့ကျင့်ပျိုးထောင်မှုပင် ဖြစ်ပါသည်။

စိတ်၏တည်မှီရာ ရုပ်၏ကြံ့ခိုင်မှုမရှိခဲ့လျှင် စိတ်၏စွမ်းအားသည်လည်း ထက်မြက်ရန်ခဲယဉ်းမည်သာဖြစ်ပါသည်။

ဤအချက်ကိုထောက်မျှော်၍ ဘာဝနာလုပ်ငန်းကို ကိုယ်၏ခွန်အားယုတ်လျော့သောအရွယ်တိုင်အောင် နေ့ရွှေ့ ညရွှေ့၊ ရက်ရွှေ့၊ လရွှေ့လုပ်မနေဘဲ သားသမီးသံယောဇဉ်၊ မြေးသံယောဇဉ်၊ ဥစ္စာစီးပွားသံယောဇဉ်တို့ကို ငါ၏ဘဝနိဂုံးသည် နီးနေပြီဆိုသည်ကို သဘောပေါက်ပြီး အပြီးအပိုင်ဖြတ်တောက်ကာ ကြိုးစားအားထုတ်ကြရန် လိုအပ်နေပါသည်။

ဝိပဿနာရှုမှတ်သော အကျိုးသည် လက်ငင်းအကျိုးပေးပါသည်၊ ဤအကျင့်မြတ်ကိုရရှိထားသောသူသည် သေရမည်ကို မကြောက်တော့ပါ။

ရုပ်နာမ်တို့၏ ခဏမစဲ တဖွဲဖွဲဖြစ်ပြီးပျက်၊ သေနေသော သဘောကို ပရမတ္ထအမြင်ဖြင့် ယထာဘူတကျကျ ဖြစ်နေခြင်းကြောင့် သေခြင်းကိုမကြောက်ခြင်း ဖြစ်ပါသည်။

သေမင်းနှင့်ရင်ဆိုင်ရသောအခါတွင်လည်း သတိနှင့် မကွာရှိနေသောအကျင့်က နောက်ဆုံးဖြစ်သော ဇောစိတ်ကို အသင့်အတင့်နှလုံးသွင်းမှုအဖြစ် စောင့်ရှောက်ထားသောကြောင့် ကြောက်စိတ်၊ စိုးရိမ်စိတ်ဘဝကို တွယ်တာသောစိတ်များ မဖြစ်တော့ပါ။

ဤသို့သော ဇောစိတ်ရှိနေသောပုဂ္ဂိုလ်သည် မဂ်ကို ရစေဦး သုဂတိသို့ရောက်ရမည်ကား သေချာလှပါသည်။

ဤဘဝ၏ ဝိပဿနာဉာဏ်မျိုးစေ့ ထက်သန်နေပြီး ဖြစ်၍ နောက်ဘဝတွင် လူအဖြစ်သော်လည်းကောင်း၊ နတ်အဖြစ်သော်လည်းကောင်း ရရှိပြီး မဂ်ဉာဏ်အထုံ ပါရမီပါပြီး ဖြစ်နေပါတော့သည်။



## မဂ်ရဖို့ဈာဏ် နီးစွာနှင့်ဖြစ်ပေါ်စေမျာ

တတိယအရွယ်သို့ ရောက်နေသောသူတို့သည် စတုတ္ထအရွယ်သေရာညောင်စောင်းလျှောင်းရမည်မှာ အမှန်ဖြစ်သည်။

သေရာညောင်စောင်းမလျှောင်းခင် အသိဉာဏ်ဝင်၍ သမထဝိပဿနာအကျင့်များကို ကျင့်ကြံအားထုတ်ရန် ဖြစ်ပါသည်။

သမထဆိုသည်မှာ "သမေတီတိသမထော"နှင့်အညီ လောဘ၊ ဒေါသ၊ မောဟစသော ကိုယ်တွင်းရန်သူကိလေသာတို့ကို တဒင်္ဂ၊ တစ်ခဏစသည်ဖြင့် ငြိမ်ဝပ်စေတတ်သောကြောင့်"သမထ"ခေါ် ဆိုရသည်၊ တစ်ခုတည်းသောအာရုံ၌ စူးစိုက်တည်ငြိမ်မှု "ဧကဂ္ဂတာစေတသိက်"ခေါ်သော"သမာဓိ"ကိုရ၏၊ စိတ်တည်ငြိမ်နေမှုကို "သမာဓိ"ဟုဆိုသည်။

စိတ်တည်ငြိမ်နေ၍ ကိလေသာ(နီဝရဏ)ငြိမ်ဝပ်နေမှုကို သမထဆိုသည်မှာ "သမာဓိနှင့်သမထ"အရ အတူတူပင် ယာဂုနှင့်ထမနဲကဲ့သို့တည်း။

ဝိပဿနာဆိုသည်မှာ "ဝိသေသနပဿတီတိ ဝိပဿ နာ"နှင့်အညီ သူငါမဟုတ်၊ နာမ်နှင့်ရုပ်၊ ဒုက္ခသစ္စာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသညာဟု သိမြင်သောအသိထူး၊ ဉာဏ်ထူးကို ဝိပဿနာဟု ဆိုသည်။

ပညိန္ဒြေခေါ်သော "အမောဟ"စေတသိက်ကို ရ၍၊ သိသည်ကို ပညာဆိုသည်။

အထူးသိသည်ကို "ဝိပဿနာ" ဆိုသည်။

"ပညာနှင့်ဝိပဿနာ"အရ အတူတူပင် ယာဂုနှင့်ထမနဲ၏ ဉာဏ်လိုက်ဉာဏ်ပုံ သမထနှင့်ဝိပဿနာကို ခွဲခြား၍သိထားပါလေ။

ထိုသို့သမထဝိပဿနာကို အချိန်ရသ၍ အားထုတ်နိုင်ရန်ကြိုးစားသောပုဂ္ဂိုလ်သည် မဂ်ရဖိုလ်ဝင်နိဗ္ဗာန်မြင်ပုဂ္ဂိုလ်ဖြစ်လိမ့်မည်။

ထိုမဂ်ရဖိုလ်ဝင်နိဗ္ဗာန်မြင် ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ရန်နည်းလမ်းများကို မြတ်စွာဘုရားရှင်က မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သောတာပတ္တိဖလသုတ်၌-

"ရဟန်းတို့ . . ဤတရားလေးပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏၊ ပညာရခြင်းငှာ၊ ပညာတိုးပွားခြင်းငှာ၊ ပညာပြန့်ပြောခြင်းငှာ၊ပညာကြီးခြင်းငှာ၊ ပညာများခြင်းငှာ၊ ပညာနက်နဲခြင်းငှာ၊ ပညာအတိုင်းအရှည်မရှိခြင်းငှာ၊ မြေအထုနှင့်တူသောပညာရှိခြင်းငှာ၊ ပညာပေါများခြင်းငှာ၊ ပညာရွှင်ခြင်းငှာ၊ ပညာလျင်မြန်ခြင်းငှာ၊ ပညာပေါ့ပါးခြင်းငှာ၊ ပညာထက်ခြင်းငှာ၊ ထွင်းဖောက်၍သိနိုင်သော ပညာရှိခြင်းငှာ တို့လည်း ဖြစ်ကုန်၏"

အဘယ်လေးပါးတို့နည်းဟူမူ-

-သူတော်ကောင်းဆရာစစ်-ဆရာမှန်ကိုမှီဝဲရခြင်း

-သူတော်ကောင်းထံမှတရားစစ်တရားမှန် နာကြားရခြင်း

-တရားစစ်-တရားမှန်ကိုနာကြားပြီး ဆင်ခြင်နှလုံးသွင်းရခြင်း

-မဂ်ဖိုလ်ပေါက်ရောက်သည်အထိ ဝိပဿနာတရားအားထုတ်ခြင်း ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဤအင်္ဂါလေးချက်ပြည့်လျှင် ဤဘဝမှာပင် တစ်မင်္ဂ တစ်ဖိုလ်ရပြီး နိဗ္ဗာန်နန်းဝင်နိုင်ပါသည်။

ဝိပဿနာတရားဟောကြားမည့်ဆရာများက ဤနိုင်ငံ ဤသာသနာတော်ဝယ် နေရာအနှံ့၊ ဒေသအနှံ့ရှိနေပါသည်။

တရားစစ်တရားမှန်များကလည်း ပိဋကတ်သုံးပုံရှိနေ ၍ နေရာဒေသအနှံ့ စာအုပ်အဖြစ်လည်းကောင်း၊ အသံသွင်း ခွေအဖြစ်လည်းကောင်း၊ တည်ရှိနေ၍ ဖတ်ကြားခြင်းဖြင့် လည်း ကောင်း၊ နာယူခြင်းဖြင့်လည်းကောင်း၊ နည်းစနစ်ကို အိမ်မှာ နေရင်းသိအောင် လုပ်နိုင်သည်၊ ကျင့်ကြံအားထုတ်နိုင်ပါသည်။

ဤမျှအခွင့်အခါကောင်း ကြုံကြိုက်နေသောကာလ ဝယ် သင်သည် အနည်းဆုံးတော့ အပါယ်လေးပါးလွတ် လူသားဖြစ်အောင် ကြိုးစားအားထုတ်ရန် လိုအပ်နေပါသည်။

ဤနေရာတွင် သမထ-ဝိပဿနာ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှုနှင့်ပတ်သက်၍ သတိထားရန် လိုအပ်သည်တို့ကို ပြောပြလိုပါသည်။

ဝိပဿနာတရားအားထုတ်မှုသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့နှင့် ပင်ပန်းကြီးစွာ အားထုတ်ရသောအမှုမျိုး မဟုတ်ပါ။

မိမိသန္တာန်၊ သူတစ်ပါး၏သန္တာန်၌ ဖြစ်ပျက်နေသော နာမ်ရုပ်တို့၏မမြဲမှု(အနိစ္စ)၊ ဆင်းရဲမှု(ဒုက္ခ)၊ အစိုးမရမှု(အနတ္တ)၊ လက္ခဏာကို ထင်မြင်အောင်ရှုကြည့်ရသော ဉာဏ်ဝီရိယတို့၏ အလုပ်ဖြစ်ပါသည်။

ထို့ကြောင့် သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်းနှင့်ပင် ဖြစ်နိုင်ပါသည်။

အမှုသွားကို နားမလည်ခဲ့လျှင် ဝိပဿနာအားထုတ်သောအမှုကို ငါနှင့်မထိုက်တန် ကြီးကျယ်သောအလုပ်ဟု ထင်တတ်ပါသည်။

ဝိပဿနာအလုပ်နှင့်ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးက-

"ဤဝိပဿနာအလုပ်သည် သမထအလုပ်ကဲ့သို့ ပလိဗောဓ၊ စိတ်ငြိမ်ရာကြီးကိုရမှသာ ပြီးစီးနိုင်သည်မဟုတ်၊ ပါရမီဉာဏ်သည်သာ ပဓာနဖြစ်ပါသည်၊ ပါရမီဉာဏ်ရှိခဲ့ပါမူ ရင့်ခဲ့ပါမူ တရားနာရင်းနှင့်ပင် ပေါက်ရောက်၍ သွားတတ်ပါသည်"

ယရာဝါပကိစ္စအတွင်းမှာပင် ပေါက်ရောက်နိုင်ပါသည်၊ ပါရမီဉာဏ် မရင့်သန်သူများမှာမူကား သမထအလုပ်ကဲ့သို့ပင် အထူးအားထုတ်မှ ပေါက်ရောက်နိုင်ပါသည်။

"ဝိပဿနာကမ္မဋ္ဌာန်းသည်မှုကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းလည်း ဖြစ်နိုင်၏၊ ယာလုပ်ရင်းလည်း ဖြစ်နိုင်၊ လှေသွားရင်း၊ လှည်းသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းရင်း၊ ဝယ်ရင်း အစရှိသဖြင့် အိမ်အလုပ်၊ အိမ်စီးပွားနှင့် လက်တွဲလုပ်နိုင်ပါသည်"

ဟူ၍ ဝိပဿနာဒီပနီပရိညာတကထာ၌ လမ်းညွှန်ဟောထားပါသည်။

ဒါန၊ သီလ၊ သမထတို့သည် နိဗ္ဗာန်သို့ရောက်စေနိုင်သည်မှန်သော်လည်း ဝိပဿနာအလုပ်သည် အဓိကကျသော အလုပ် ဖြစ်နေပါသည်။

ဥပမာပြောရလျှင် ပင်လယ်တစ်ဖက်ကမ်းသို့ သင်္ဘောဖြင့် ခရီးသွားရာတွင်-

- စီးသွားသောသင်္ဘောက ရေမလုံလျှင် မရောက်နိုင်။
- သင်္ဘောရေလုံသော်လည်း ပဲ့ကိုင်မပါက လိုရာသို့ မရောက်နိုင်
- ပဲ့ကိုင်ပါသော်လည်း ရေနွေးအိုး(စက်ဆီ)မပါက စက်မခုတ်နိုင်။
- မမောင်းနိုင်၍ မရောက်နိုင်

-ရေနွေးအိုး (စက်ဆီ) ပါရှိသော်လည်း စက်မရှိက မရောက်နိုင်

ထို့ကြောင့် တစ်ဖက်ကမ်းသို့ရောက်ရာ၌ သင်္ဘောကြောင့်၊ ပဲ့ကြောင့်၊ ရေနွေးအိုးကြောင့်၊ စက်ကြောင့် ရောက်ရသည်ဟု ဆိုရပါမည်။

ဤရောက်ခြင်းအကြောင်းလေးပါးတွင် စက်သည် အဓိကရောက်ကြောင်း အကြောင်းရင်းအစစ်ဖြစ်ပါသည်။

ကြွင်းသောအကြောင်းတို့က အခြံအရံနောက်လိုက်များသာ ဖြစ်ကြပါသည်။

ဤဥပမာ၌ ဒါနသည် သင်္ဘောကြီးနှင့်တူပါသည်-

-သီလသည် ပဲ့နှင့်တူပါသည်

-သမထသည် ရေနွေးအိုးနှင့်တူပါသည်

-ဝိပဿနာသည် စက်နှင့်တူပါသည်

ထိုသင်္ဘောကြီးသည် စက်မြန်မြန်ခုတ်ပါလျှင် မြန်မြန်ရောက်နိုင်ပါသည်၊ နှေးနှေးခုတ်လျှင် ဖြေးဖြေးရောက်မည်သာ ဖြစ်ပါသည်။

ထိုနည်းတူ ဝိပဿနာအလုပ်ကို တွင်တွင်အားထုတ်လျှင် နိဗ္ဗာန်သို့မြန်မြန်ရောက်မည်၊ တွင်တွင်အားမထုတ်လျှင် ဖြေးဖြေးရောက်မည်သာ ဖြစ်သည်။

"ဝိပဿနာကမ္မဋ္ဌာန်းသည့်မှုကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းလည်း ဖြစ်နိုင်၏၊ ယာလုပ်ရင်းလည်း ဖြစ်နိုင်၊ လှေသွားရင်း၊ လှည်းသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းရင်း၊ ဝယ်ရင်း အစရှိသဖြင့် အိမ်အလုပ်၊ အိမ်စီးပွားနှင့် လက်တွဲလုပ်နိုင်ပါသည်"

ဟူ၍ ဝိပဿနာဒီပနီပရိညာတကထာ၌ လမ်းညွှန်ဟောထားပါသည်။

ဒါန၊ သီလ၊ သမထတို့သည် နိဗ္ဗာန်သို့ရောက်စေနိုင်သည်မှန်သော်လည်း ဝိပဿနာအလုပ်သည် အဓိကကျသောအလုပ် ဖြစ်နေပါသည်။

ဥပမာပြောရလျှင် ပင်လယ်တစ်ဖက်ကမ်းသို့ သင်္ဘောဖြင့် ခရီးသွားရာတွင်-

- စီးသွားသောသင်္ဘောက ရေမလုံလျှင် မရောက်နိုင်။
-သင်္ဘောရေလုံသော်လည်း ပဲ့ကိုင်မပါက လိုရာသို့ မရောက်နိုင်
-ပဲ့ကိုင်ပါသော်လည်း ရေနွေးအိုး(စက်ဆီ)မပါက စက်မခုတ်နိုင်။
-မမောင်းနိုင်၍ မရောက်နိုင်

-ရေနွေးအိုး (စက်ဆီ) ပါရှိသော်လည်း စက်မရှိက မရောက်နိုင်

ထို့ကြောင့် တစ်ဖက်ကမ်းသို့ရောက်ရာ၌ သင်္ဘောကြောင့်၊ ပဲ့ကြောင့်၊ ရေနွေးအိုးကြောင့်၊ စက်ကြောင့် ရောက်ရသည်ဟု ဆိုရပါမည်။

ဤရောက်ခြင်းအကြောင်းလေးပါးတွင် စက်သည် အဓိကရောက်ကြောင်း အကြောင်းရင်းအစစ်ဖြစ်ပါသည်။

ကြွင်းသောအကြောင်းတို့က အခြံအရံနောက်လိုက်များသာ ဖြစ်ကြပါသည်။

ဤဥပမာ၌ ဒါနသည် သင်္ဘောကြီးနှင့်တူပါသည်-

-သီလသည် ပဲ့နှင့်တူပါသည်

-သမထသည် ရေနွေးအိုးနှင့်တူပါသည်

-ဝိပဿနာသည် စက်နှင့်တူပါသည်

ထိုသင်္ဘောကြီးသည် စက်မြန်မြန်ခုတ်ပါလျှင် မြန်မြန်ရောက်နိုင်ပါသည်၊ နှေးနှေးခုတ်လျှင် ဖြေးဖြေးရောက်မည်သာ ဖြစ်ပါသည်။

ထိုနည်းတူ ဝိပဿနာအလုပ်ကို တွင်တွင်အားထုတ်လျှင် နိဗ္ဗာန်သို့မြန်မြန်ရောက်မည်၊ တွင်တွင်အားမထုတ်လျှင် ဖြေးဖြေးရောက်မည်သာ ဖြစ်သည်။

ဤနေရာ၌ သာမန်လူတို့သိသာနိုင်ရန် ကမ္မဋ္ဌာန်း၊ သမထ၊ ဝိပဿနာ၊ ဘာဝနာဟူသော သဘောကို ရှင်းပြလိုပါသည်။

**ကမ္မဋ္ဌာန၊ သမထ၊ ဝိပဿနာ ဟူသည်**

ကမ္မဋ္ဌာန = ကမ္မဿဋ္ဌာနံ ကမ္မဋ္ဌာနံ

ကမ္မဿ- ဝေဖန်စဉ်းစားအားထုတ်မှုပြုအပ်သော အလုပ်၏

ဋ္ဌာနံ - တည်ရာအာရုံ

(ဝေဖန်စဉ်းစားအားထုတ်မှုပြုအပ်သော အလုပ်၏ တည်ရာအာရုံကို ကမ္မဋ္ဌာနံ ဟုခေါ်ပါသည်)

သမထ -ပစ္စနီကဓမ္မေသမေတီတိသမထောဈာန် စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏ စသည်တို့ကို ငြိမ်းစေတတ်သော ကြောင့် သမထ

ဧကဂ္ဂတာ စေတသိက်တို့ဖြစ်သော သမာဓိကိုယူရပါသည်။

ထိုသမထကမ္မဋ္ဌာန်းမျိုးများမှာ ရာဂစရိုက်စသော စရိုက်ခြောက်ပါးတွင် မိမိစရိုက်နှင့်လျော်သောကမ္မဋ္ဌာန်းကို ယူ၍ပြုလုပ်အပ်သောပရိကံကိုပြုပြီးလျှင် နိဗ္ဗာန်တရားတို့ ငြိမ်းအေးပြတ်စဲသည်မှစ၍ အစဉ်အတိုင်း လောကီစျာန်ကိုးပါး ပြီးဆုံးသည်တိုင်အောင် အားထုတ်ရသော ကမ္မဋ္ဌာန်းမျိုးဖြစ်၍ စျာန်လမ်းမျှသာ ဖြစ်သည်။

ဤစျာန်လမ်းကမ္မဋ္ဌာန်းမျိုးများမှာ ယခုလိုသာသနာတွင်သာမက သာသနာပကာလအခါကာလ၌ပင် တောမှီ ပျော်မွေ့ရှင်ရသေ့တို့ လေ့လာအားထုတ်က ပေါက်ရောက်နိုင်ပါသည်။

ဤသမထသည် နတ်ပြည်-ဗြဟ္မာပြည်သို့ သွားနိုင်သောလမ်း ဖြစ်ပါသည်။

**သမထနိမိတ် (၃) မျိုး**

-ကမ္မဋ္ဌာန်းကို ဦးစွာ ပွားများလိုသောပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်းစသည်တို့၌ ကြည့်၍ မြေကြီး- မြေကြီး ဟူ၍ စီးဖြန်းမည်၊ ထိုမြေကြီးကသိုဏ်းဝန်း စသောအာရုံကို ပရိကမ္မနိမိတ် ဟု ခေါ်ပါသည်။

-ထိုပရိကမ္မနိမိတ်ကို စီးဖြန်းဖန်များသောအခါ မျက်စိဖြင့် မြင်ရဘိသကဲ့သို့ မနောဒွါရ၌ ထင်နေသော အာရုံကို ဥဂ္ဂဟနိမိတ် ဟု ခေါ်သည်။

-ထိုဥဂ္ဂဟနိမိတ်၌ သမာဓိလွန်စွာခိုင်မြဲသော ယောဂီအား အာရုံတစ်ခုသည် စိတ်၌ကောင်းစွာတည်သည်၊ သက်ဝင်လာသည်၊ ကသိုဏ်းအဖြစ်မှလွတ်၏၊ ထိုအာရုံကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။

**ဝိပဿနာ**

-အနိစ္စာဒိဝသေနအာကာရေနပဿတီတိဝိပဿနာ အနိစ္စရှိသောအစွမ်းဖြင့် လက္ခဏာရေးသုံးပါးသို့တင်၍ ဆင်ခြင်ပွားများအားထုတ်ရသော တေဘူမကသင်္ခါရဓမ္မကို ဝိပဿနာကမ္မဋ္ဌာန်းဟု ခေါ်ပါသည်။ (ပညိန္ဒြေစေတသိက်ဖြစ်သော (ပညာ)ကိုရပါသည်)

ဝိပဿနာကမ္မဋ္ဌာန်းမှာ စရိုက်ရွေးရန်မလို၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်ပြီး တေဘူမကသင်္ခါရတရားတစ်ပါးပါးကို လက္ခဏာရေးဆိုက် သစ္စာလေးပါးဆိုက်အောင် ဆင်ခြင်ပွားများ၍ အစဉ်အတိုင်းမဂ်လေးပါး၊ ဖိုလ်လေးပါးပြီးဆုံးနိုင်အောင် အားထုတ်ရသော ကမ္မဋ္ဌာန်းဖြစ်ပါသည်။

ဤမဂ်လမ်း၊ ဖိုလ်လမ်း ကမ္မဋ္ဌာန်းမျိုးမှာ သာသနာတွင် အခါမှသာရနိုင်သည်၊ သာသနာပကာလမှာ လုံးဝမရှိပေ။

သမထဝိပဿနာကိုတွဲ၍ လုပ်ရမည်ဟု ဆိုသည်မှာ သမထလုပ်၍ စိတ်ငြိမ်သမာဓိရလာသောအခါ၌ ဝိပဿနာသို့ ပြောင်းလဲကူးသွားရမည် ဖြစ်ပါသည်။

ထို့ကြောင့်-

- နီဝရဏတို့ကို ငြိမ်းအောင်ပြုခြင်းသည် သမာဓိ (သမထ)
- အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါး ရှုခြင်းသည် (ဝိပဿနာ)
- တိုးပွားအောင်ပွားများခြင်းသည် (ဘာဝနာ)
- သမာဓိကိုပွားများလျှင် (သမထဘာဝနာ)
- ပညာကိုပွားများလျှင် (ဝိပဿနာဘာဝနာ)



## ဝိပဿနာရှုနည်း

ဝိပဿနာရှုနည်းဆိုသည်မှာ မိမိကိုယ်အတွင်းမှာ ရှိသောရုပ်နှင့်စိတ်တို့၏ ပကတိသဘောကို ဉာဏ်ဖြင့်သုံးသပ်လာနိုင်အောင် စိတ်ကိုစနစ်တကျလေ့ကျင့်ပေးခြင်းပင် ဖြစ်ပါသည်။

ရုပ်နှင့်စိတ်တို့သည် ခန္ဓာငါးပါး အစုအဝေးကြီးထဲတွင် အစဉ်တွဲလျက်ရှိနေသည်ဖြစ်ရာ ထိုရုပ်နှင့်စိတ်ကို တခြားစီကွဲပြားစွာ ရှုဖြစ်နိုင်လျှင် ဝိပဿနာ၏အခြေခံဉာဏ်ကို ရရှိနိုင်ပါသည်။

ဤကဲ့သို့ အခြေခံဉာဏ်ရရှိစေရန် ဦးစွာပထမသီလစင်ကြယ် (သီလဝိသုဒ္ဓိ) စေသော အာဇီဝဋ္ဌမကသီလကိုဆောက်တည်၍ စိတ်စင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ)ကို ထူထောင်ရပါမည်။

အာဇီဝဋ္ဌမကသီလဆိုသည်မှာလည်း အသက်မွေး ဝမ်းကြောင်းအတွက် ပစ္စည်းဥစ္စာရှာဖွေရသောအလုပ်အကိုင်၊ အရောင်းအဝယ်ဟူသမျှကို "အာဇီဝ" ဟု ခေါ်ပါသည်။

မတရားသောပစ္စည်းရှာမှုမှ ရှောင်ကြဉ်၍ တရား သဖြင့် ပစ္စည်းရအောင် ရှာလျှင် အာဇီဝစင်ကြယ်၏၊ ကောင်း သောအသက်မွေးခြင်း မည်ပါသည်။ .

အာဇီဝဋ္ဌမကသီလမှာ-

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏

(၂) အရှင်မပေးသော သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏

(၃) သူ့သားအိမ်ရာပြစ်မှားခြင်းမှ ရှောင်ကြဉ်ပါ၏

(၄) လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏

(၅) ချောပစ်ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏

(၆) ကြမ်းတမ်းစွာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏

(၇) အကျိုးမရှိ သိမ်ဖျင်းသောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏

(၈) ဥပါသကာတို့မပြုကောင်းသောအသက်မွေးမှု(၅)မျိုး-

(၁) ဓား၊ လှံ၊ လက်နက်ရောင်းဝယ်မှု

(၂) ကျွန်းရောင်းဝယ်မှု
(၃) ပြည်တန်ဆာရောင်းဝယ်မှု
(၄) တိရစ္ဆာန်မွေး၍ သတ်ဖြတ်ရောင်းချမှု
(၅) သေရည်မူးယစ်ဆေးဝါးရောင်းဝယ်မှု တို့မှ ရှောင်ကြဉ်ခြင်း

စိတ္တဝိသုဒ္ဓိ (စိတ်စင်ကြယ်မှု)ဆိုသည်မှာ ကာယဂတာ သတိတည်ထောင်မှုပင် ဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးက စိတ္တဝိသုဒ္ဓိ တည်ထောင်ရန်နည်းလမ်း(၅)မျိုးကို ညွှန်ပြထားပါသည်။

(၁) ထွက်သက်၊ ဝင်သက်အလုပ်နှင့်လည်းတည်ထောင်နိုင်၏၊ ဣရိယာပုတ်လေးပါးလုံးမှာ ထွက်သက် ဝင်သက်၌ စိတ်ထားတိုင်းနေလျှင်ပင် ကာယဂတာ သတိသာမညတည်ပြီး။

မှတ်ချက်။ ကာယဂတာသတိသာမညဆိုသည်မှာ-ဝိပဿနာကျင့်စဉ်အတွက်လိုအပ်သော စိတ္တဝိသုဒ္ဓိသာမညကို ဆိုလို၏၊ ဈာန်လမ်းကို ကျင့်လိုသူမှာ စိတ္တဝိသုဒ္ဓိအထူးကို တည်ထောင်ရ၏။

(၂) ကြီရိယာပုတ်လေးပါး၊ ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌ သတိသမ္ပဇဉ်အလုပ်နှင့်လည်း တည်ထောင်ရ၏၊ အဆင်အခြင်ဉာဏ်ကို သမ္ပဇဉ် ဟုခေါ်သည်။

(၃) (၃၂)ကောဋ္ဌာသဟူသော ခန္ဓာကိုယ်၏ (၃၂)ခုသော စိတ်အပိုင်းများအနက် ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ အရေဟု ဆိုအပ်သော တစပဉ္စက (အရေလျှင်ငါးခု) မြောက်ပါဝင်သော ခန္ဓာကိုယ်၏ ထင်လွယ်, မြင်လွယ်သော အစိတ်အပိုင်း ငါးမျိုးကို ရှုမှတ်ခြင်းဖြင့်လည်း ထူထောင်ရ၏၊ ဣရိယာပုတ် (၄)ပါးစလုံးမှာ ဤ(၅)ခုတို့၌ စိတ်ကိုမြဲစေရန် ဆင်ခြင်ရှုမှတ်ရ၏။

(၄) မိမိ၏ကိုယ်တွင်းရှိ အရိုး(အဋ္ဌိ)နှင့်လည်း တည်ထောင်ရ၏၊ မိမိဦးခေါင်းရိုး၌ မိမိစိတ်ကို ထားလိုတိုင်း ထားနိုင်လျှင် တည်ထောင်မိပြီး။

(၅) အစမှစ၍ ခန္ဓာကိုယ်တွင် ရုပ်နာမ်နှစ်ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ရှုမှု စွဲမြဲနေမှုနေရာကျလျှင်လည်း ကာယဂတာသတိကိစ္စ ပြီးတော့သည်။

ဤဖော်ပြပါနည်းအားလုံးသည် မိမိရှုမှတ်လိုရာ အာရုံ တစ်ခုတည်းတွင် စိတ်ကိုစွဲမြဲစွာရှိနေစေရန် လေ့ကျင့်ခန်းများ ပင် ဖြစ်ပါသည်။

စိတ်ကိုအသင့်အတင့်တည်ငြိမ်အောင် ပြုလုပ်နိုင် သောအခါ ဉာဏ်ကို ပိုမိုစိုက်ထုတ်၍ အာရုံကို ဆက်လက် ရှုမှတ်ရပါသည်။

ထိတိုင်းသိ၍နေသော စိတ်မှတ်မှုမျိုးရရှိသောအခါ ဉာဏ်သည်လည်း ပွင့်လင်းလာပါသည်။

ပျက်စီးမှုစသောဒွါရခြောက်ပါးတို့တွင် ဆိုင်ရာအာရုံ များသည် မပြတ်ပင်ထိခိုက်မှုရှိနေကြောင်း သိရပါမည်။

အကြမ်းဖျင်းသိရမည်မှာ နှာခေါင်းဝ၌လေတိုးဝင်ခြင်း၊ တိုးထွက်ခြင်းကိုလည်းကောင်း၊ ထိုင်ရာကြမ်းပြင်နှင့်ကိုယ်ထိ နေခြင်းကိုလည်းကောင်း သိနေရမည်ဖြစ်ပါသည်။

အတန်ကြာထိုင်၍ ညောင်းညာနာကျင်ကိုက်ခဲ တောင့်တင်းမှုများဖြစ်လာလျှင် ဝေဒနာ၏သဘောကို ရှုမှတ် ရပါမည်။

တရားထိုင်နေ၍ သက်တောင့်သက်သာရှိနေခိုက်တွင် ချမ်းလာသလို ထင်ရပါသည်၊ ယင်းမှာ သုခဝေဒနာသဘော ဖြစ်ပါသည်။

မခံသာအောင် နာကျင်ကိုက်ခဲလာသည့်အခါ ဒုက္ခဝေဒနာသဘောဖြစ်ပါသည်။

ဤဝေဒနာအားလုံးသည် ဆန္ဒမပါ၊ သူ့သဘောသူ ဆောင်ကာ ဖြစ်-တည်-ပျက်-နေသည်ကို ဆင်ခြင်ရပါမည်၊ ယင်းမှာ အနတ္တလက္ခဏာ ရှုမှတ်ခြင်းသဘော ဖြစ်ပါသည်။

ဖြစ်ပြီးတည်တံ့သည့်သဘောမရှိ၊ ပျောက်ပျက်တတ်သွားပုံကိုသတိပြုရှုမှတ်လျှင် ဤခန္ဓာနှင့်ဝေဒနာမမြဲသော အနိစ္စသဘောကို ဖြစ်ပါမည်။

ရုပ်တရားသည်လည်း ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်သဘော ရှိနေပုံ၊ နာမ်တရားသည်လည်း ဖြစ်လိုက်၊ ပျက်လိုက်သာရှိနေပုံ၊ ဖြစ်ပျက်သာလွှဲ၍ ခန္ဓာတွင်မည်သည့်အထည်ဒြပ်မှာ စင်စစ်မရှိပုံကို ဝိပဿနာဉာဏ် ရင့်သန်ထက်မြက်လာသည်နှင့်အမျှ ကိုယ်တွေ့သိလာပါမည်။

မမြဲခြင်းသည်ပင်လျှင် ဆင်းရဲခြင်းအမှန်ဟု ဉာဏ်က တစ်စတစ်စရိပ်မိလာပါသည်၊ ဒုက္ခစစ်စစ်ဖြစ်သည်ဟု စွဲမြဲသောအမြင်ရလာသောအခါ ခန္ဓာ၌ ငါဟု တွယ်တာမှု ကင်းပြတ်လာပါတော့သည်။

ရုပ်နှင့်နာမ်တို့၏ ဖောက်ပြန်ပြောင်းလဲသောသဘော (အနိစ္စ)ကြောင့် ဆင်းရဲ(ဒုက္ခ)ပါတကား၊ မိမိအလိုမလိုက် သူ့သဘောသူဆောင်နေခြင်း မိမိက ဖန်တီး၍မရ(အနတ္တ) သဘောကြောင့် ဆင်းရဲ(ဒုက္ခ)ပါတကား ဟု မြင်နိုင်သော အသိဉာဏ်သည် "မဂ်ဉာဏ်" ဖြစ်ပါသည်။

ဆင်းရဲ (ဒုက္ခ)ကို ဆင်းရဲအမှန်သိခြင်းသည်ပင် ဝိဇ္ဇာ ဉာဏ် ဖြစ်ပါသည်။

ဝိဇ္ဇာဉာဏ်ရောက်က အဝိဇ္ဇာပျောက်မြဖြစ်ပါသည်၊ ဝိဇ္ဇာဉာဏ်သည် သက္ကာယဒိဋ္ဌိကို တချိုတည်း အပြီးအပြတ် ပယ်သတ်၍ ပုထုဇဉ်ဇာတ်သိမ်း၍ အရိယာအနွယ်ဝင် ဖြစ်စေ ပါသည်။

ပုထုဇဉ်သတ္တဝါတို့သည် ဒုက္ခကို သုခချမ်းသာထင် သောအစွဲကြီးမဖျောက်နိုင်ကြသဖြင့် သေမင်းအစာ ဉာဉ်ခန္ဓာ ကြီးကို နေ့ညဉ့်ရိက္ခာဖြည့်တင်းခြင်းမှစ၍ အနှစ်သာရကင်းမဲ့ သော ကြောင့်ကြမှု၊ စိုးရိမ်မှုသောကတွေ၊ ပူလောင်မှုတွေနှင့် မအားမလပ် ဖြစ်နေကြရသည်။

ဒုက္ခသစ္စာကို သိသည်နှင့်တစ်ပြိုင်နက် သမုဒယသစ္စာ ကို ပယ်စွန့်ခြင်း အလိုလိုပြီးပါသည်။

နိရောဓသစ္စာမျက်မှောက်ပြုခြင်းလည်း အလိုလိုပြီးပါသည်၊ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ထာဝစဉ်ကိန်းအောင်းနေခြင်းလည်း အလိုလိုပြီးသည်။

သိ-ပယ်-ဆိုက်-ပွား ဤလေးပါးသည် ဝိဇ္ဇာဉာဏ်ရကတည်းက ဆိုက်ရောက်ရရှိပြီး ဟု ဆိုရပါမည်။



## အလယ်အလတ်အထွတ်တရား (၃) ပါး

ဗုဒ္ဓက သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ဓမ္မခန္ဓာပေါင်း (၈၄၀၀၀)ကို လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ချမ်းသာရေး အတွက် ဟောကြားခဲ့ပါသည်။

ထိုတရားတော်ကိုလေ့လာလျှင် ပုဂ္ဂိုလ်တစ်ယောက်၏ ကိုယ်ပိုင်နေရေး၊ ထိုင်ရေး၊ တည်ငြိမ်ချမ်းသာရေးအတွက် စီမံကိန်း(၃)ချက်ကို တွေ့ရပါမည်။

-နေရေး၊ ထိုင်ရေး၊ ပြောဆိုရေးကား သီလကျင့်စဉ်ပင် ဖြစ်ပါသည်။

-တည်ငြိမ်ချမ်းသာရေးကား သမာဓိကျင့်စဉ်ပင် ဖြစ်ပါ သည်။

-အမှန်တရားကို အထူးသိမြင်ရေးကား ပညာဖြစ်ပါ သည်။

သီလကျင့်စဉ်ရေးတွင်-

- အမှန်ကိုပြောဆိုခြင်း (သမ္မာဝါစာ)
- အမှန်ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)
- အမှန်အသက်မွေးခြင်း (သမ္မာအာဇီဝ)

ဟူသော မဂ္ဂင်သုံးပါး ပါဝင်ပါသည်။

ယင်းသုံးပါးပါဝင်သောသီလကို အဓိသီလဟု ခေါ်ပါသည်၊ ဤသီလသည် သာသနာပကသီလမဟုတ်၊ ဘုရားရှင်အလိုကျသီလဖြစ်၍ အဓိသီလ ဟုခေါ်တွင်သည်။

သီလအမျိုးအစားများသည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ (၂၂၇)သွယ်သော သိက္ခာပုဒ်သီလစသည်ဖြင့် သီလအမျိုးမျိုးရှိပါသည်။

ပုဂ္ဂိုလ်အမျိုးမျိုးတို့သည် မိမိကိုယ်ကို ကိုယ်တိုင်အုပ်ချုပ်နိုင်ရန် ဖြစ်သောကိုယ်ပိုင်နေထိုင်ရေးဥပဒေသများ ဖြစ်ကြပါသည်။

ကာယကံမှုဖြင့် ထကြွသောင်းကျန်းနေသော ကိလေသာ၊ ဝစီကံမှုဖြင့်ထကြွသောင်းကျန်းနေသော ကိလေသာရိုင်းပြုမှုပွေကို ယဉ်ကျေးသိမ်မွေ့လာအောင်၊ ဣန္ဒြေရှိလာအောင် ကိုယ်ပိုင်အုပ်ချုပ်ရေးလုပ်၍နေခြင်းဖြစ်သည်၊ သီလအုပ်ချုပ်

ရေးကောင်းကောင်းရှိမှ စိတ်တည်ငြိမ်မှု၊ ချမ်းသာရွှင်လန်းမှု၊ အမှန်ထိုးထွင်းသိမြင်မှုစသော ကုသိုလ်တရားများ စည်ကားစိုပြေလာနိုင်ပါသည်။

ပထမသီလဖြင့်-

-ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်(ပု-ဒိ-အာ)ဟူသော ဝိဇ္ဇာသုံးပါးသို့ ရောက်နိုင်သည်

-ကာမသုခလ္လိကာနုယောဂ ခေါ် လက်ျာစွန်းအကျင့်ကို ပယ်နိုင်သည်

-အပါယ်လေးဘုံမှ လွတ်သည်

-ကိလေသာကို တဒင်္ဂပဟာန် ပယ်သတ်နိုင်သည်

-လွန်ကျူးမှု (ဝိတိက္ကမ)ကိလေသာကို သတ်နိုင်သည်

-ဒုစရိုက်အကုသိုလ်အညစ်အကြေးကို ပယ်သတ်နိုင်သည်

-သောတာပန်၊ သကဒါဂါမ် ဖြစ်နိုင်သည်



# သီလတရားဟူသည်

ဘုရားရှင်၏သာသနာတော်၌ လူသားတို့၏ဆောက်တည်ရာအားကိုးရာသည်ကား သီလသာ ဖြစ်ပါသည်။

သတ္တဝါတို့၏ ကိလေသာအညစ်အကြေး စင်ကြယ်အောင်မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာရေတို့ဖြင့် ဆေးကြော၍မရနိုင်ပါ၊ သီလရေစင်သာ တတ်နိုင်ပါသည်။

သတ္တဝါတို့၏ ကိလေသာအပူငြိမ်းအောင် မိုးသက်လေးညှင်း၊ စန္ဒကူးရွှေပုလဲသွယ်၊ မြ-ပတ္တမြား၊ လရောင် စသည်တို့ မတတ်နိုင်ပါ၊ သီလအအေးဓာတ်သာ တတ်နိုင်ပါသည်။

သီလနှင့်တူသောနံ့သာမရှိပါ၊ လေအောက်လေထက် အတူမွှေးပါသည်၊ သီလသည် -

နတ်ပြည်တက်လိုလျှင် -စောင်းတန်း

နိဗ္ဗာန်ဝင်လိုလျှင် -တံခါး

သီလတန်ဆာဆင်ထားသောသူသည် ရွှေ၊ ငွေ၊ ပုလဲ ပတ္တမြား ဆင်ယင်ထားသော ပြည့်ရှင်မင်းထက် တင့်တယ်ပါသည်။

-အမိုက်မှောင်သည် နေရောင်အတွင်းသို့ မှာင်နိုင် သကဲ့သို့ စွပ်စွဲခြင်းစသောဘေးသည် သီလ၏စိတ် အတွင်းသို့မဝင်နိုင်ပါ။

-လမင်းသည် အရောင်ပြည့်မှကောင်းကင်၌တင့်တယ်သည်၊ရဟန်းစသော သူတော်ကောင်းသည် သီလနှင့် ပြည့်စုံမှသာ သာသနာတောအုပ်၌တင့်တယ်သည်။

-သီလရှိသောသူ၏ကိုယ်နံ့၊ညစ်ကြေးနံ့သည်ပင် နတ်ဗြဟ္မာတို့ကို ဝမ်းမြောက်စွာ မွှေးကြိုင်စေပါသည်။

-သီလနံ့သည် နံ့သာအားလုံးတို့ကို လွှမ်းမိုးနိုင်၏၊ ပိတ်ပင်တားဆီး၍ မရ၊ အရပ်ဆယ်မျက်နှာ အညီအမျှ လှိုင်စေ၏။

-သီလရှိသောသူအား လှူဒါန်းသောပစ္စည်းသည် နည်းသော်လည်း ကြီးကျယ်သောအကျိုးကိုရစေသည်။

-သီလရှိသူသည် ပူဇော်ခြင်း၏တည်ရာ၊ အရိုအသေ ပြုခြင်း၏ တည်ရာဖြစ်၏။

-သီလရှိသောသူကို မျက်မှောက်ဘဝ၌ ဘေးရန်မနှိပ်စက်နိုင်ပါ၊ နောက်ဘဝဒုက္ခ၏ အမြစ်ကို (ဒုဿီလသဘောကို) တူးပစ်၏။

-သီလရှိသူအား အလိုရှိလျှင် လူစည်းစိမ်၊ နတ်စည်းစိမ်မခဲယဉ်းပါချေ။

-သီလရှိသူ၏စိတ်သည် အေးချမ်းသောနိဗ္ဗာန်သို့ပင် ပြေးဝင်စေ၏၊

ဤသီလအကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ဘုရားရှင်က အာကင်္ခေယျသုတ်၌-

-မိမိ၏အပေါင်းအဖော်တို့က ချစ်ခင်သောမျက်စိဖြင့် ကြည့်ရှုခြင်း၊ မေတ္တာပို့ခြင်း၊ အလေးပြုခြင်း၊ ချီးမွမ်းခြင်းကို အလိုရှိလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်၊

-ပစ္စည်းလာဘ်လာဘပေါများခြင်းကို အလိုရှိလျှင်

-မိမိအား ပစ္စည်းလှူသူတို့ကို အကျိုးများစေလိုလျှင်

-ကုသိုလ်၌ပျင်းရိခြင်း၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းကို ပယ်လိုလျှင်

-မိမိအောက်မေ့သော ဆွေမျိုးပြိတ္တာများ အကျိုးများ စေလိုလျှင်

-ကြောက်လန့်ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံများ ပယ်လိုလျှင်

-ရူပဈာန်-အရူပဈာန်ကို ရလိုလျှင်

-သောတာပန်, သကဒါဂါမ်, အနာဂါမ် တည်လိုလျှင်

-လောကီအဘိညာဉ်ငါးပါး ရလိုလျှင်

-အာသဝက္ခယဉာဏ်ကိုရလိုလျှင် သီလကိုကောင်းစွာ ကျင့်ကြရပါမည်၊

## သမာဓိဟူသည်

တည်ငြိမ်ချမ်းသာရေးဖြစ်သော သမာဓိစီမံကိန်းတွင် ပါဝင်သော မဂ္ဂင်တရားများမှာ-

-အမှန်အားထုတ်ခြင်း (သမ္မာဝါယမ)

-အမှန်သတိရခြင်း (သမ္မာသတိ)

-အမှန်တည်ကြည်ငြိမ်သက်ခြင်း (သမ္မာသမာဓိ)

ဟူသော မဂ္ဂင်(၃)ပါး ပါဝင်ပါသည်။

ဤသမာဓိမဂ္ဂင်သုံးပါးသည် -စိတ်တည်ငြိမ်ရေး၊စိတ်ကြည်လင်ရွှင်လန်းရေး၊စိတ်သန့်ရှင်းစင်ကြယ်ရေး အလုပ်ဖြစ်ပါသည်။

သမာဓိမရှိလျှင် စိတ်တည်ငြိမ်ချမ်းသာမှုမရနိုင်ကြပေ၊ သမာဓိထူထောင်ရေးများမှာ သမထလုပ်နည်း(၄၀)ရှိပါသည်။

လောကီစျာန်အဘိညာဉ်၊ လောကုတ္တရာစျာန်အဘိဉာဉ်သို့တိုင် ကျယ်ပြန့်စွာ တည်ရှိပါသည်။

စိတ်တွင်ထကြွဆူပွက်နေသော ကိလေသာအညစ်အကြေး၊စိတ်ရှုပ်ထွေးမှု၊ စိတ်ပျံ့လွင့်မှုတို့ကို သမထကျင့်စဉ်နည်းဖြင့် တည်ငြိမ်ရွှင်လန်းချမ်းသာစေသည်။

ကုသိုလ်အာရုံများ၌ တည်တံ့ငြိမ်သက်နေခြင်းကို ခဏိကသမာဓိဟုခေါ်ပါသည်။

စျာန်လမ်း အဘိညာဉ်လမ်း မဟုတ်သော်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုရနိုင်ပါသည်။

သမာဓိဖြင့်-

-စျာန်အဘိညာဉ်ခြောက်ပါး ရနိုင်ပါသည်၊

-အတ္တကိလမထခေါ်သော လက်ဝဲစွန်းအကျင့်များကို ပယ်နိုင်သည်၊

-ကာမသုဂတိ(၇)ဘုံမှ လွတ်မြောက်သည်၊
-ကိလေသာတို့မှ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သတ်နိုင်သည်၊
-ဆူပွက်မှုခေါ် (ပရိယုဋ္ဌာန)ကိလေသာကို သတ်နိုင်သည်
-တဏှာအညစ်အကြေးကို ပယ်သတ်နိုင်သည်၊
-အနာဂါမ်ဖြစ်နိုင်သည်၊

သမာဓိ(တည်ကြည်မှု) ရသောအကျိုးနှင့်ပတ်သက်၍

-ရဟန္တာပုဂ္ဂိုလ်အား အပ္ပနာသမာဓိသည် မျက်မှောက်ချမ်းသာစွာနေရခြင်း အကျိုးရှိသည်၊
-သေက္ခပုထုဇဉ်တို့အား အပ္ပနာသမာဓိ၊ ဥပစာရသမာဓိသည် ဝိပဿနာအကျိုးရှိသည်၊
-သမာပတ်ရှစ်ပါးရသူတို့အား အပ္ပနာသမာဓိသည် အကြောင်းလုံလောက်သည်ရှိသော် အဘိညာဏ်ရခြင်းအကျိုး ရှိပါသည်၊
-ဈာန်မှမယုတ်သူတို့အား အပ္ပနာသမာဓိသည် ဗြဟ္မာပြည်သို့ဆောင်ခြင်း အကျိုးရှိသည်၊

-သမာပတ်ရှစ်ပါးရသော အနာဂါမ်တို့သား အပ္ပနာသမာဓိသည် နိရောဓသမာပတ်ဝင်စားနိုင်ခြင်းအကျိုး ရှိပါသည်။

**သမာဓိ၏ဘေးရန်များ**

-လွန်လေပြီးသော အတိတ်ဟောင်းကို တရေးရေး တွေးကြံနေလျှင်

-မရောက်သေးသော အနာဂါတ်သစ်ကို တရေးရေး တွေးကြံနေလျှင်

-ဝီရိယလျှော့လွန်းလျှင်

-ဝီရိယတင်းလွန်းလျှင်

-ယခုဘဝ နိဗ္ဗာန်မရနိုင်တော့ပြီ ဟု စိတ်ကိုနိဗ္ဗာန်နှင့် ခွာလွန်းလျှင်

-ယနေ့နက်ဖြန် ငါနိဗ္ဗာန်ရတော့မည်ဟု စိတ်ကိုညွတ်လွန်းလျှင် သမာဓိမရနိုင်တော့ပါ၊ ဤသည်များမှာ သမာဓိရပါ၊ မညွတ်ဘဲ ဘေးရန်များ ဖြစ်ပါသည်။

နိဗ္ဗာန်ကိုရချင်ပါဘိဟု အလွန်လည်း မညွတ်ရပါ၊ မညွတ်ဘဲလည်း မရှိရပါ၊ အလယ်အလတ်ကျကျ ဖြစ်စေရပါမည်။

| | |
|---|---|
| သဒ္ဓါတရား၏ရန်သူသည် | -မယုံကြည်မှုပင် |
| ဝီရိယတရား၏ရန်သူသည် | -ပျင်းရိမှုပင် |
| သတိ၏ရန်သူသည် | -မေ့လျော့မှုပင် |
| သမာဓိ၏ရန်သူသည် | -ပျံ့လွင့်မှုပင် |
| ပညာ၏ရန်သူသည် | -သဘောမှန်ကို မသိမှုပင် |

ဤရန်သူများသည် မသိမသာဝင်လာတတ်၍ သမာဓိ မရဘဲ ပျက်ရသည်များ ရှိပါသည်။

## ပညာဟူသည်

အထူးသိမြင်ရေး, ပညာရေးစီမံကိန်းတွင်-

-အမှန်ကို ထိုးထွင်းသိမြင်ခြင်း (သမ္မာဒိဋ္ဌိ)

-အမှန်သိကြံစည်စိတ်ကူးခြင်း (သမ္မာသင်္ကပ္ပ)

ဟူသော မဂ္ဂင်(၂)ပါး ပါဝင်ပါသည်။

အမှန်သိ,ဉာဏ်သိ,အရှင်းသိ,အလင်းသိ လောကမှ လွတ်မြောက်သွားအောင် သစ္စာလေးပါးတရားကို ထူးခြားစွာ သိမြင်ခြင်းမျိုး ဖြစ်သည်။

လောကရေးရာအာရုံတို့၌ နှစ်သက်သာယာမက်မောတွယ်တာခြင်းမှ လွတ်ကင်းသွားအောင်သိသော အသိဉာဏ်မျိုးဖြစ်ပါသည်။

တွေ့ကြုံသိမြင်နေရသော အဖြစ်အမျိုးမျိုးများသည် မမြဲသောတရား၊ ဆင်းရဲတရား ဟုသိမြင်လာပါသည်။

အနှစ်အသားကင်းမဲ့ ဆိတ်သုဉ်းသည့်အနတ္တဟု သဘောဉာဏ် ထိမိအောင် ထိုးထွင်းသိမြင်ခြင်းပင် ဖြစ်ပါသည်။

ပညာဖြင့် ပဋိသမ္ဘိဒါလေးပါး ရနိုင်သည်-

-အစွန်းနှစ်ပါးပယ်ပြီး အလယ်လမ်းစဉ်ကို ကျင့်နိုင်သည်

-(၃၁)ဘုံမှ လွတ်မြောက်နိုင်သည်

-ကိလေသာတို့ကို အမြစ်ပြတ်ဖြတ်နိုင်သည်

-အနုသယကိလေသာကို ပယ်သတ်နိုင်သည်

-ဒိဋ္ဌိအညစ်အကြေးကို ပယ်သတ်နိုင်သည်

-ရဟန္တာဖြစ်နိုင်သည်

ပညာ(ဝိဇ္ဇာ)၏အကျိုးသည် အလွန်များလှပါသည်။

မိမိကိုယ်တိုင်အနေအထိုင်ကောင်းရန်ကား သီလဖြစ်ပါသည်။ ထို့ကြောင့် သီလစည်းကမ်းနှင့်နေပါ။

စိတ်ကြည်ရွှင်လန်း၊ အေးချမ်းတည်ငြိမ်ရေးကား သမာဓိဖြစ်ပါသည်။ ထို့ကြောင့် သမာဓိတရားကို တည်ဆောက်ပါ။ သမာဓိဖြင့် တည်ငြိမ်ရွှင်လန်းအောင်လုပ်ပါ။

-အနှစ်အသားအခိုင်အမာ(အတ္တ)ဆိုသည်မရှိ

-အကောင်သတ္တဝါဆိုတာလည်း စစ်စစ်မဟုတ်

-အကြောင်းသတ္တိတို့၏ဆက်စပ်မှုတွင် ပေါ်ဟပ်လာသောသဘာဝ ပရမတ်ဓာတ်တို့၏အရိပ်အရောင်မျှသာဖြစ်ချေသည်

-အဖန်ဖန်ဖြစ်ပျက်မစဲဘဲ ပေါ်လိုက်၊ ပျောက်လိုက်နေသည့် ဆင်းရဲတရားချည်းသာ ဖြစ်သည်

-သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးတို့၌ တောင့်တမှုကြောင့်ကြမှုကင်းရှင်းအောင် အမှန်ထိုးထွင်း သိမြင်မှုသည် ပညာ

ထိုအမှန်သိ၊ အလင်းသိ၊ အရှင်းသိ၊ အထူးသိမြင်သော ဝိပဿနာ-ပညာ၊မဂ်ပညာ-ဖိုလ်ပညာသည် လောကလူမှုရေး ရာပညာမျိုး မဟုတ်ပါချေ။

လောကီရေးရာပညာမျိုးကား တစ်ပွဲထိုး ခဏနေသာ ထိုင်သာရှိရုံမျှသာ ဖြစ်လေသည်။

-ဆင်းရဲခပ်သိမ်းကို ပျောက်အောင်ညာဏ်မဆောက်နိုင် ပါ၊

-သမုဒယသစ္စာတဏှာ၏ဩဇာ၊တဏှာအမိန့်အောက် ချက်အတိုင်း တဏှာအလိုကျ ပုံတော်ဆက်ိုမျှသာ သိသောအလိမ္မာပညာမျိုးဖြစ်သည်၊ ဆင်းရဲကရေးမှ တကယ်လွတ်မြောက်အောင် မသိမြင်ကြပါချေ၊ လောကရေးရာနယ်ခဲ့အလုပ်မျှသာ ဖြစ်သည်။

ခေတ်သိပ္ပံပညာရှင်များက ကမ္ဘာသူ-ကမ္ဘာသားများ ချမ်းသာစွာ စားဝတ်နေရေးအဆင်ပြေစေရန် စက်မှုလက်မှု၊ လူမှုရေးရာပစ္စည်းဝတ္ထုအမျိုးမျိုးတွေ ထွန်းကားတိုးတက်၍အံ့ ဩစရာကောင်းအောင် လုပ်ဆောင်ကြံစည်နိုင်သော်လည်း- လူသတ္တဝါတို့ ချမ်းသာရေး၊ အေဥ်းသွတ်မြောက်ရေးအစကို ဖြစ်အောင် မကြံစည်နိုင်ကြပါ။

အာရုံဝတ္ထုသစ်တစ်မျိုးမျိုး ဖြစ်ပေါ်လာမှုသည် ဒုက္ခဆင်းရဲတစ်မျိုး ထပ်မံတိုးလာခြင်းသာ ဖြစ်သည်ဟု ဝိပဿနာပညာအလိုရ ပြောနိုင်ပါသည်။

ဘုရားရှင်၏ သီလ,သမာဓိ,ပညာ ဟူသော မဇ္ဈိမပဋိပဒါအလယ်လမ်းစဉ်အမှန်ဖြင့်သာ ကျင့်သုံးဆောက်တည်ကြမည်ဆိုက ဘဝ၏ငြိမ်းချမ်းရေးသည် အမှန်ပင် ရလာပါလိမ့်မည်။

ဤကျင့်စဉ်ကို ယနေ့လိုက်နာနိုင်သူသည် ယနေ့ပင်ချမ်းသာမည် အမှန်ဖြစ်ပါသည်။

သီလ,သမာဓိ,ပညာဟူသော အလယ်အလတ်လမ်းစဉ်မြတ်သည် ကိုယ်ပိုင်လွတ်လွတ်လပ်လပ်နှင့် ချမ်းသာစွာနေထိုင်ရေးအတွက် ဓမ္မစက်အုပ်ချုပ်ရေးကြီး ဖြစ်ပါသည်။

တစ်ဘဝတစ်သက်စာမျှသာဖြစ်သော စီမံကိန်းမဟုတ်ပါချေ၊ ဘဝလမ်းစဉ် နိဗ္ဗာန်ဝင်သည့်တိုင်အောင် ကိုယ်ရောစိတ်ပါ ချမ်းသာစွာနေထိုင်နိုင်သော လမ်းစဉ်ဖြစ်ပါသည်။

## တရားရထိုက်သောပုဂ္ဂိုလ်များဟူသည်

မိမိသည် ဤတတိယအရွယ်တွင် အသိဉာဏ်ရှိ၍(ဝါ) မဂ်ဖိုလ်ရလို၍ တရားကိုအားထုတ်လိုသည်ရှိသော် မိမိ၏စိတ်ဓာတ်နှင့်ဘဝကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။

မြတ်စွာဘုရားရှင်က မဂ်, ဖိုလ်, နိဗ္ဗာန် မရထိုက်၊ မရောက်ထိုက်သောသူကို 'အဘဗ္ဗ'ပုဂ္ဂိုလ်၊ အဝေနေယျ (သတ္တဝါ)ဟူ၍ လည်းကောင်း၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရပြီး ကျွတ်ထိုက်သောသူကို 'ဘဗ္ဗ ပုဂ္ဂိုလ်'ဝေနေယျ-ဟူ၍လည်းကောင်း ဟောခဲ့ပါသည်။

ထိုပုဂ္ဂိုလ်များ၏အင်္ဂါများကိုလည်း ပဥ္စင်္ဂုတ္တရပါဠိတော် သဒ္ဓမ္မဝဂ်၌ ဟောထားခဲ့ပါသည်-

### မဂ်ဖိုလ်မရနိုင်ခြင်း (၅)ပါး

(၁) တရားကိုအထင်သေး၍ မထီမဲ့မြင်ပြုခြင်း

(၂) တရားဟောပုဂ္ဂိုလ်ကို အထင်သေးခြင်း၊ မထီမဲ့မြင်ပြုခြင်း

(၃) မိမိကိုယ်ကို အထင်သေးခြင်း၊မထီမဲ့မြင်ပြုခြင်း

(၄) ပျံ့လွင့်သောစိတ်ဖြင့် တရားနာခြင်း

(၅) မသင့်တာ,မစစ်မမှန်တာကို နှလုံးသွင်းခြင်း

ထိုမှအပြန်အားဖြင့် ရှိသောပုဂ္ဂိုလ်သည် မဂ်,ဖိုလ် တရား ရနိုင်ပါသည်။

ဒုတိယသမ္မတ္တနိယာမသုတ်၌-

(၁) တရားကိုမထီမဲ့မြင်ပြုခြင်း

(၂) တရားဟောပုဂ္ဂိုလ်ကို မထီမဲ့မြင်ပြုခြင်း

(၃) မိမိကိုယ်ကို မထီမဲ့မြင်ပြုခြင်း

(၄) ပညာမရှိခြင်း၊ မိုက်မဲခြင်း၊ ဆွံ့အခြင်း

(၅) သိယောင်,တတ်ယောင်ပြုခြင်း

ဟူ၍ မဂ်ဖိုလ်မရနိုင်သောပုဂ္ဂိုလ်ငါးမျိုးကို ထပ်မံဟောထားခဲ့ပါသည်။ ထိုမှအပြန်ရှိသောပုဂ္ဂိုလ်သည် မဂ်,ဖိုလ်တရား ရနိုင်သည်။

တတိယသမ္မတ္တနိယာမသုတ်၌လည်း-

(၁) ကဲ့ရဲ့ရှုံ့ချလိုစိတ်ဖြင့် တရားနာခြင်း

(၂) အပြစ်ရှာလိုစိတ်ဖြင့် တရားနာခြင်း

(၃) တရားဟောပုဂ္ဂိုလ်၌ ထိပါး ပုတ်ခတ်လိုစိတ် ရှိခြင်း

(၄) ပညာမရှိခြင်း၊မိုက်မဲခြင်း၊ဆွံ့အခြင်း

(၅) သိယောင်တတ်ယောင်ပြုခြင်း

ဟူ၍ မဂ်ဖိုလ်မရ နိုင်သော ပုဂ္ဂိုလ်ငါးမျိုးကို ထပ်မံဟောထားခဲ့ပါသည်။ ထိုမှအပြန်ရှိသောပုဂ္ဂိုလ်သည် မဂ်,ဖိုလ်တရား ရနိုင်သည်။

တစ်ဖန် ဆတ္တက်ဂုတ္တရပါဠိတော် သီတိဝဂ်သုဿုသတိ သုတ်၌-

(၁) မနာယူခြင်း

(၂) နားမစိုက်ခြင်း

(၃) သိလိုသောစိတ်မဖြစ်ခြင်း

(၄) အကျိုးမဲ့ကို မစွန့်ခြင်း

(၅) အကျိုးရှိသည်ကိုစွန့်ခြင်း

(၆) သာသနာနှင့်မလျော်သောပညာနှင့် ပြည့်စုံခြင်း

ဤခြောက်ပါးနှင့်ပြည့်စုံသောသူသည် မဂ်ဖိုလ်မရနိုင်၊ထိုမှအပြန်ရှိသောပုဂ္ဂိုလ်သည် မဂ်ဖိုလ်ရနိုင်သည်ဟု ဟောတော်မူခဲ့ပါသည်။

အပ္ပဟာယသုတ်၌လည်း-

"ရဟန်းတို့ တရားခြောက်မျိုးကို မပယ်မူ၍ ဉာဏ်အမြင်နှင့်ပြည့်စုံမှု သောတာပတ္တိမဂ်ကို မျက်မှောက်ပြုရန် မထိုက်တန် အဘယ်ခြောက်မျိုးနည်း-

(၁) သက္ကာယဒိဋ္ဌိ

(၂) ဝိစိကိစ္ဆာ

(၃) သီလဗ္ဗတပရာမာသ

(၄) အပါယ်ရောက်ကြောင်း လောဘ

(၅) အပါယ်ရောက်ကြောင်း ဒေါသ

(၆) အပါယ်ရောက်ကြောင်း မောဟ

ဤတရားခြောက်မျိုးကို ပယ်နိုင်လျှင် သောတာပတ္တိမဂ်ကို မျက်မှောက်ပြုရန် ထိုက်တန်၏ ဟူ၍ ဟောတော်မူခဲ့ပါသည်။

တစ်ဖန် ဘဝရဏသုတ်၌-

(၁) ပဉ္စနန္တရိယကံကြီးငါးပါးကို ထိုက်နေခြင်း

(၂) နိယတမိစ္ဆာဒိဋ္ဌိဖြစ်နေခြင်း

(၃) တိဟိတ်မဟုတ်ဘဲ ဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ် ဖြစ်နေခြင်း

(၄) ယုံကြည်လေးစားမှုမရှိခြင်း

(၅) အလိုမရှိခြင်း တရားနခမ်းသက်နေခြင်း

(၆) အသိဉာဏ်လွဲမှားနေခြင်း

ထိုပုဂ္ဂိုလ်များသည်လည်း မဂ်ဖိုလ်မရနိုင်၊ ထိုမှအပြန် ရှိသောပုဂ္ဂိုလ်များသာ မဂ်ဖိုလ်တရားရနိုင်သည်ဟု ဟောထားခဲ့ပါသည်။

ဒသင်္ဂုတ္တရပါဠိတော်၊ ဒုတိယပဏ္ဏာသက၊ ဥပါလိဝဂ်၊ အဘဗ္ဗသုတ်တွင် အရဟတ္တဖိုလ်သို့မျက်မှောက်မပြုထိုက်သော အဘဗ္ဗပုဂ္ဂိုလ်၏ အင်္ဂါ(၁၀)ပါးကို ဟောကြားထားပါသည်။

၁။ တပ်မက်နှစ်သက်ခြင်း (ရာဂ)

၂။ ပြစ်မှားခြင်း (ဒေါသ)

၃။ မိုက်မဲခြင်း (မောဟ)

၄။ အမျက်ထွက်ခြင်း (ကောဓ)

၅။ ရန်ငြိုးဖွဲ့ခြင်း (ဥပနာဟ)
၆။ သူ့ကျေးဇူးကိုချေဖျက်ခြင်း(မက္ခ)
၇။ ဂုဏ်ပြိုင်ခြင်း (ပဠာသ)
၈။ ငြူစူခြင်း (ဣဿာ)
၉။ ဝန်တိုခြင်း (မစ္ဆရိယ)
၁၀။ ထောင်လွှားခြင်း (မာန)

ဤတရား(၁၀)ပါးကို မပယ်စွန့်နိုင်လျှင် အရဟတ္တဖိုလ်သို့ မျက်မှောက်မပြုနိုင်၊ ရဟန္တာမဖြစ်နိုင် ဟူ၍ဟောကြားထားခဲ့ ပါသည်။

သင်သည် တတိယအရွယ်ဘာဝနာသည်ဘဝတွင် နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုလျှင် ဤဆယ်ပါးကိုရှောင်နိုင်ကွင်း နိုင်၊ပယ်နိုင်၊မပယ်နိုင်ကို မိမိကိုယ်ကို ဆန်းစစ်ကြည့်ပါလေ။

ယနေ့ခေတ်သည် ရဟန်းအရိယာ၊လူအရိယာပေါ များနေသေးသောခေတ်ဖြစ်ပါသည်။ဘုရားရှင်၏သာသနာ တော်နှင့် အဆုံးအမတရားများ၊ ကျင့်ရန် နည်းလမ်းမှန်များ ထင်ထင်ရှားရှားရှိနေသေး၍ ယနေ့ဗုဒ္ဓဘာသာဝင်တို့သည် တရားစစ်တရားမှန် ကျင့်နည်းမှန်၍ အရိယာဖြစ်နိုင်သူ ပေါများ လှပါသည်။

ထိုပေါ်များလှသောအရိယာများကို မိမိက မသိဘဲ အထင်သေးအမြင်သေး ပြစ်မှားစွပ်စွဲကဲ့ရဲ့ခြင်း ဟုဆိုအပ်သော ဥပါဝါဒန္တရာယ် မကျရောက်အောင် သတိထားရပါမည်။

ထိုဥပါဝါဒန္တရာယ်သည် မဂ်ဖိုလ်နိဗ္ဗာန်လည်း ဆုံးရှုံး၊ လူ့အဖြစ်, နတ်အဖြစ်ကိုမျှ ဆုံးရှုံးသွားရတတ်ပါသည်။

မဂ်တား ဖိုလ်တား လူ့အဖြစ်၊ နတ်အဖြစ်ကိုပါ တားဆီးတတ်သောသဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်ငါးမျိုး ရှိပါသည်-

(၁) ပဉ္စနန္တရိယကံကြီးငါးပါးထိုက်နေခြင်း (ကမ္မန္တရာယ်)

(၂) ပဋိသန္ဓေကပင် အဟိတ်,ဒွိဟိတ်၊ ဆွံ့အ,နားမကြား ဖြစ်နေခြင်း (ဝိပါကန္တရာယ်)

(၃) နိယတမိစ္ဆာဒိဋ္ဌိဖြစ်နေရခြင်း (ကိလေသန္တရာယ်)

(၄) အရိယာများကို စွပ်စွဲကဲ့ရဲ့ရှုတ်ချခြင်း(ဥပါဝါဒန္တရာယ်)

(၅) ဂရုကအာပါတ်, ဝိနည်းစည်းကမ်းကို ကျူးလွန်ခြင်း (အာဏာဝိတိက္ကမန္တရာယ်)

မဂ်ဖိုလ်ရလိုသူတိုင်းသည် ဤအန္တရာယ်ငါးပါး မသင့်မိအောင်သတိနှင့် ရှောင်ရှားရမည် ဖြစ်ပါသည်။

ထို့ပြင် ကောင်းမှုအန္တရာယ်(ပုညန္တရာယ်)နှင့် တရားအန္တရာယ်(ဓမ္မန္တရာယ်)ဖြစ်တတ်မှုလည်း ရှိပါသေးသည်။

ယင်းနှင့်ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး ကဗောဓိပက္ခိယဒီပနီ၌ လမ်းညွှန်ဆုံးမ ရေးပြထားသည်ကို တွေ့ရပါသည်။

## ဓမ္မန္တရာယ်ဖြစ်ပုံ

သာသနာနှင့်ကြုံကြိုက်ပါလျက်သားနှင့် ဝိဇ္ဇာမျိုး'ပ' နေခြင်းသည် အနာကြီးနာလှ၏။ လူဖြစ်ရှုံးလှ၏၊ နေယျ-ပဒပရ မခေတ်ဖြစ်၍ အလေးပြုအားထုတ်မှု ယခုဘဝ၌ ဖြစ်စေ၊ နတ်ပြည်၌ ဖြစ်စေ၊ ဤသာသနာတွင်း၌ ဖြစ်စေ၊ နောက်ဘုရား၌ ဖြစ်စေ၊ ကျွတ်တန်းဝင်နိုင်၏၊ ယခုကာလ သီလနှင့်ပြည့်စုံသူ ပေါ၏။ သမထဝိပဿနာပေါက်သူ နည်း၏။

အဘယ်ကြောင့်ဆိုသော်-

သမထ,ဝိပဿနာမှု၏ ဓမ္မန္တရာယ်ကိုပြုတတ်သော မိစ္ဆာဓမ္မတို့ အလွန်ထကြွသောင်းကျန်းနေသောအခါ ဖြစ်လေ့သောကြောင့်တည်း-

(၁) သံသရာဘေးကိုကောင်းစွာမမြင်ခြင်း
(၂) မဂ်, ဖိုလ်ရနိုင်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း
(၃) ပါရမီအရင့်ကို စောင့်စားခြင်း

(၄) ယခုကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း

(၅) အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒ, ဥဿာဟနကို စွန့်ထားခြင်း

(၆) ကျမ်းဂန်တို့၌ တိုက်ရိုက်ရှိနေသော ဝိသုဒ္ဓိ ခုနစ်ရပ် ပဋိပတ်ကျင့်စဉ်များကိုသာ တွေ့ရှိ၍ ခေတ်သမယကိုမမျှော်မိကြကုန်သော ဆရာ တို့သည်ကား ယခုအခါ၌ သမထအမှု၊ ဝိပဿနာအမှုများကို အားထုတ်နိုင်လျှင် သီလဝိသုဒ္ဓိပြည့်စုံပြီးလား၊ သီလဝိသုဒ္ဓိ မရှိရင် အာပေါက်အောင်စီးဖြန်းသော်လည်း မဖြစ် ဟု ပြောဆိုလေ့ရှိကြကုန်၏၊ အချို့သော လူပြိန်းတို့ကလည်း ထိုစကားကို နားယောင် ကြကုန်၏၊ ဓမ္မန္တရာယ် ဖြစ်လေ၏။

ထိုသူတို့သည် အခါသမယကို မသိကြသည့်အတွက် ဘုရားသာသနာနှင့် တွေ့ကြုံမှရယူနိုင်သော ဝိဇ္ဇာမျိုးမှအပဖြစ် ကြကုန်လတ္တံ့။

လွန်ခဲ့ပြီးသော အနမတဂ္ဂသံသရာ၌ ဂင်္ဂါသဲလုံးမျှမက ဘုရားများနှင့်ကြုံခဲ့ကြပေမယ့် မျိုးခံမရှိ၍မကျွတ်ရဘဲ သံသရာ မျောကြရကုန်၏။

လောက၌တစ်ယောက်သောသူသည် ရဟန်းပြုမည်၊ ကြံစည်အားသစ်လျက်ရှိ၏၊တစ်ယောက်သောသူက တစ်သက်လုံးနေနိုင်မှုကြံ၊ မနေနိုင်လျှင် မကြံနှင့်ဟု ဆိုတတ်မိ၏၊ ဓမ္မန္တရာယ်ပြုသည်မည်၏။

သီလ,သမာဓိ,ပညာကိုလည်းကောင်း၊ အားထုတ်သူကိုလည်းကောင်း ရှုတ်ချလျှင် ဓမ္မန္တရာယ်ပြုတတ်သည်။

ဓမ္မန္တရာယ်ပြုခဲ့လျှင် နောက်နောက်ဘဝတို့၌ သီလသိက္ခာ, အလိမ္မာကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်သည်၊ သတိမူကြလေကုန်။

## ပုညန္တရာယ်ဖြစ်ပုံ

ဒါနကုသိုလ်ကိုလည်းကောင်း၊ ဒါနပြုလုပ်သူကိုလည်းကောင်းရှုတ်ချလျှင် ပုညန္တရာယ်ပြုတတ်သည်၊ ပုညန္တရာယ်ပြုခဲ့လျှင် နောက်ဘဝတို့၌ တန်ခိုးအရှိန်အဝါ ဥစ္စာနေကင်းရှင်း၍ ဆင်းရဲအတိ ဖြစ်တတ်သည်။

ယခုအခါ သာသနာအတွင်း ကြုံကြိုက်ကြကုန်သော သူ့အပေါင်းတို့အား ပြဆိုခဲ့ပြီးသော မိစ္ဆာဓမ္မတို့ကို ပယ်ရှင်း၍ ယခုဘဝ၌ပင် အပါယ်သံသရာမှ ကျွတ်ထိုက်လည်း ကျွတ်စေရမည်၊ မကျွတ်ထိုက်လျှင်လည်း နောင်ဘဝ၌လည်းကောင်း၊ နောက်ဘုရားသာသနာတော်၌လည်းကောင်း ကျွတ်လွတ်နိုင်ရန် သမထ-ဝိပဿနာ ပါရမီမျိုးစေ့ကို အောင်မြင်စွာရစေမည်ဟု ထက်သန်သောဆန္ဒ,ဝီရိယဖြင့် သမထ, ဝိပဿနာအလုပ်များကို ယောက်ျား-မိန်းမအားထုတ်ကြမှသာ ဘဝအခြေအနေနှင့် လူဖြစ်ရကျိုးနပ်ရန် ပြဆိုခန်းပြီး၏။

ပါဠိ =စိတ္တုပ္ပါဒမတ္တမ္ပိ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ-ဟုဟောတော်မူ၏။

အနက် =ကုသလေသုဓမ္မေသု-ကောင်းမှုကုသိုလ်တရားငါးမျိုးတို့၌၊ စိတ္တုပ္ပါဒမတ္တမ္ပိ-စိတ်အကြံဖြစ်ခါမျှကိုလည်း၊ ဗဟူပကာရံ-ကျေးဇူးဥပကာရများ မြတ်လှ၏ ဟူ၍ အဟံ-ငါဘုရားသည်၊ ဝဒါမိ-ဟောတော်မူ၏။

## ဓမ္မန္တရာယ်ပြစ်ဒါဏ်ဆယ်ပါးလင်္ကာ

အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ ပြောတတ်ပြစ်ဆို၊
အညစ်ပို့၍၊ မလိုရန်ငြိုး၊ ထိုလူမျိုး၌၊ ဆယ်မျိုးပြစ်ဒါဏ်
တွေ့ပြီးမုန်ခဲ့၊ သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊
ချွတ်ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖေါက်ပြန်၊ မင်းဒါဏ်
သင့်ခန်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ယွင်း
စည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊
လူဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေရငရဲ ကမ္ဘာစွဲခဲ့၊
ရောက်ဆဲလူပြည်၊ တတ်ပြန်လေသော်၊ ကျက်သရေဖွဲ့
မဂ်ဖိုလ်လွဲလျက်၊ အမြဲကြမ္မာ၊ ဝဋ္ဋကြောင်းပါသည်
ရောင်ရာဓမ္မ၊ အန္တရာယ်တည်း။



## အကျင့်လေးမျိုးနှင့်ကျင့်စဉ်လမ်းမှန်

တရားဘာဝနာအားထုတ်ရာ၌ ဘုရားရှင်က အကျင့်လေးမျိုးရှိကြောင်း စတုအင်္ဂုတ္တရပါဠိတော်၊ ပဋိပဒါဝဂ်၊ ဝိတ္ထာရသုတ်၌ အကျယ်ဟောပြောပြခဲ့ပါသည်။

၁။ အကျင့်ဆင်းရဲအသိနှေးသောအကျင့်

အချို့သောသူသည် ပင်ကိုသဘောအားဖြင့် ပြင်းထန်သော ရာဂ,ဒေါသ,မောဟ သဘောများ ရှိကြသောကြောင့် ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း (ဒုက္ခ,ဒေါမနဿ)တို့ ပြင်းထန်စွာ ခံစားရသည်။

ထိုပုဂ္ဂိုလ်တို့အား-

သဒ္ဓိန္ဒြေ

ဝီရိယိန္ဒြေ

သတိန္ဒြေ

သမာဓိန္ဒြေ

ပညိန္ဒြေ အားဖြင့် ဣန္ဒြေငါးပါး နုံ့နှေးသည်။

ဤငါးပါးနှင့် နုံ့နှေးသောကြောင့် အာသဝေါတရား ကုန်ခြင်းငှာ မိမိ၏မဂ်သမာဓိသို့ နုံ့နှေးစွာ ရောက်တတ်သည်။

## ၂။ အကျင့်ဆင်းရဲ၍အသိမြန်သောအကျင့်

အချို့သောသူသည် ပင်ကိုသဘောအားဖြင့် ပြင်းထန်သော ရာဂ,ဒေါသ,မောဟ သဘောများ ရှိကြသောကြောင့် ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့ ပြင်းထန်စွာ ခံစားရသည်။

သို့သော် ထိုပုဂ္ဂိုလ်များသည် ဣန္ဒြေငါးပါး၌ လွန်ကဲစွာ ရှိသောကြောင့် မဂ်သမာဓိသို့ လျင်မြန်စွာ ရောက်တတ်ကြသည်။

## ၃။ အကျင့်ချမ်းသာ၍အသိနှေးသောအကျင့်

အချို့သောသူသည် ပင်ကိုသဘောအားဖြင့် ပြင်းထန်သော ရာဂ,ဒေါသ,မောဟ သဘောများ မရှိကြသောကြောင့် ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့ မပြတ်မခံစားရပေ၊ ဣန္ဒြေငါးပါးမူကား နုံ့နှေးကြသည်။

ကြွေငါးပါး နူးညံ့သောကြောင့် မဂ်သမာဓိသို့ နှေးကွေးစွာရောက်ရှိကြသည်။

၄။ အကျင့်ချမ်းသာ အသိလျင်မြန်သောအကျင့်

အချို့သောသူသည် ပင်ကိုသဘောအားဖြင့် ပြင်းထန်သော ရာဂ,ဒေါသ,မောဟ သဘောများမရှိကြသောကြောင့် ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့ မပြတ်မခံစားရပေ၊ ဣန္ဒြေငါးပါးမှုလည်း လွန်ကဲကြသောကြောင့် မဂ်သမာဓိသို့ လျင်မြန်စွာရောက်ကြသည်။

ဤအကျင့်လေးမျိုးနှင့်ပတ်သက်၍ ပဋိပဒါဝဂ္ဂ,ဥဘယသုတ်တွင်-

-အကြင်အကျင့်သည် ဆင်းရဲငြိုငြင်စွာလည်းကျင့်ရသည်၊ နူးညံ့သောအသိဉာဏ်ရှိလည်းရှိက နှစ်ပါးစုံယုတ်ညံ့သောအကျင့်ဖြစ်သည်။

-အကြင်အကျင့်သည် လျင်မြန်သောအသိဉာဏ်ရှိပြီး ဆင်းရဲငြိုငြင်စွာ ကျင့်ရပါကလည်း ယုတ်ညံ့သည်။

-အကြင်အကျင့်သည် ချမ်းသာလွယ်ကူစွာ အကျင့်ရပြီး နူးညံ့သော အသိဉာဏ်ရှိကလည်း ယုတ်ညံ့သည်။

-အကြွင်အကျင့်သည် ချမ်းသာလွယ်ကူစွာလည်း ကျင့်ရသည်၊ လျင်မြန်သော အသိဉာဏ်လည်း ရှိသည်ဟုဆိုက နှစ်ပါးစုံမြတ်သောအကျင့်ဖြစ်သည်။

ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဤအကျင့်နှင့်ပတ်သက်၍ သင္ဂါယတနသံယုတ်၌ ဂါမဏိသံယုတ်၌ ရာသိယရွာသူကြီးက ဘုရားရှင်ကို-

"အရှင်ဂေါတမသည် ပြင်းထန်သောအကျင့်ကိုကဲ့ရဲ့၏ ပြင်းထန်သောအကျင့်၌မှီသူ,ခေါင်းပါးသော အသက်မွေးမှုရှိသူအားလုံးကို တစ်ဖက်သတ်စွပ်စွဲ၏၊ ပုတ်ခတ်၏၊ ဤသို့ဆိုကြသောသူတို့သည် ဘုရားရှင်၏ စကားတော်အတိုင်း ဆိုရာရောက်ပါသလား၊ ဘုရားရှင်ကို စွပ်စွဲရာရောက်ပါသလား၊ တရားတော်အား လျော်သောတရားကို ဆိုရာရောက်ပါသလော"

ဟူ၍မေးတော်မူသည်။

ထိုအမေးကို ဘုရားရှင်က-

"ဤသို့ဆိုကြသောသူတို့သည် ငါ့စကားအတိုင်းဆိုရာ မရောက်ပါ ထင်ရှားမရှိ မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာဖြစ်သည်"

ဟူ၍ မိန့်ကြားသည်။

ဆက်လက်၍-

"ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်အကျင့် ဖြစ်သောအရိယာတို့အကျင့်မဟုတ်သော အကျိုးမဲ့နှင့်စပ်သော ကာမဂုဏ်တို့၌ တွယ်တာကပ်ငြိသော အကျင့်သည် အစွန်းတစ်ဖက်ဖြစ်သည်။

ဆင်းရဲသောအရိယာအကျင့်မဟုတ်သော၊ အကျိုးမဲ့နှင့်စပ်သော ကိုယ်ကိုပင်ပန်းစေသော အားထုတ်ခြင်းသည် အစွန်းတစ်ဖက်ဖြစ်သည်။

ဤအစွန်းနှစ်ဘက်ကို မမှီဝဲအပ်၊ ဉာဏ်မျက်စိကိုပြုတတ်သော အသိဉာဏ်ကိုပြုတတ်သော၊ ငြိမ်းခြင်းငှာ၊ အထူးသိခြင်းငှာ၊ ထိုးထွင်း၍သိခြင်းငှာ၊ နိဗ္ဗာန်သို့ရောက်ခြင်းငှာ အလယ်အလတ်ဖြစ်သော အကျင့်ကို ဘုရားရှင်သည် ထိုးထွင်း၍ သိတော်မူပါသည်။

ထိုအလယ်အလတ်ကျင့်စဉ်ဟူသည်-

-မှန်ကန်သောမြင်ခြင်း

-မှန်ကန်သောကြံစည်ခြင်း

-မှန်ကန်သောစကားရှိခြင်း

-မှန်ကန်သောအလုပ်ရှိခြင်း

-မှန်ကန်သောအသက်မွေးမှုရှိခြင်း

-မှန်ကန်သောလုံ့လရှိခြင်း

-မှန်ကန်သောသတိရှိခြင်း

-မှန်ကန်သောတည်ကြည်မှုရှိခြင်း

ဤအင်္ဂါရှစ်ပါးသည် အရိယာမဂ်ဖြစ်သည်၊ဤအလယ်အလတ်လမ်းစဉ်ကို ငါဘုရားသိတော်မူ၏ ဟူ၍ ဟောတော်မူခဲ့ပါသည်။



## ဒိဋ္ဌိကိလေသာအမြစ်ပြတ်ပါ

ကိလေသာအပေါင်းတို့တွင် ဒိဋ္ဌိဟူသောကိလေသာသည် အဆိုးရွားဆုံးဖြစ်ပါသည်။ ခပ်သိမ်းသောဒုစရိုက်အမိုက်ကြီး အမှားကြီးဟူသမျှတို့သည် ထိုဒိဋ္ဌိမှ ဖြစ်ပွားကြပါသည်။

ဒိဋ္ဌိကိလေသာအမြစ်ပြတ်လျှင် ခပ်သိမ်းသောဒုစရိုက်အမိုက်ကြီးအမှားကြီးတို့သည် အမြစ်ပြတ်ကုန်တော့သည်။ ထိုသူများ အပါယ်သံသရာကြီး အပြီးချုပ်ငြိမ်းပါတော့သည်။

ထိုဒိဋ္ဌိကိလေသာကို အမြစ်ပြုတ်အောင် ဆောင်ရွက်ကျင့်ကြံအားထုတ်ရန် အထူးလိုအပ်လှပါသည်။

လောကဥပမာအားဖြင့် ပျင်းရိသော ယာလုပ်ယောက်ျားသည် စိုက်ပျိုးရန်တောချုံတစ်ခုကို ရှင်းလင်းရာ၌ ကြီးမားသော အငုတ်,အရင်းတို့ကို ရှောင်ကွင်းပြီးရှင်းလင်းကာ ထိုမြေပေါ်၌ ထွန်ယက်စိုက်ပျိုးသည်။

မိုးလေဖြောင့်မှန်လျှင် တစ်နှစ်စာ စားရသောက်ရရုံ မျှရ၏၊ မိုးဦးကျလျှင် ယာပြင်တစ်ခုလုံး ချုံနွယ်သစ်ပင်တို့ဖြင့် ပြည့်ပြန်၏၊ ခုတ်ထွင်၍ မျိုးကြဲမြ၊ ပျိုးကြဲရပြန်သည်၊ ယာကောင်းဖြစ်သည်ဟူ၍ မရှိ နှစ်စဉ်နှစ်တိုင်း ခုတ်ထွင်မှု မငြိမ်းနိုင်ရှိလေသည်။

မိုးခေါင်၍သော်လည်းကောင်း၊ မိမိက အခြားပ်တစ်ပါး၌ နေရခိုက်ကြုံ၍သော်လည်းကောင်း၊ မခုတ်မလုပ်ရဘဲ သုံး၊ လေး၊ ငါးနှစ်သည် ကြာညောင်းခဲ့လျှင် တောကြီးမြက်မည်းဖြစ်ပြန်လေသည်။

ဝီရိယကောင်းသော ယောကျာ်းသည်ကား ပေါက်တူး၊ ပေါက်ဆိန်၊ တူးရွင်းစုံလင်စွာနှင့်တကွ အစမှစ၍ ရှိသမျှသော ချုံနွယ်သစ်ပင်တို့ကို ရှေးဦးစွာ အကိုင်းအခက်တို့ကို ခုတ်ထွင်ရှင်းလင်း၍ အငုတ်အရင်းမျှသာ ကျန်စေသည်။

နှစ်ကြိမ်မြောက်၍ အငုတ်အရင်းတို့ကိုဖြတ်တောက်ရှင်းလင်း၍ မြေတွင်းရှိ အမြစ်ကြီးငယ်မျှသာ ကျန်စေသည်။

သုံးကြိမ်မြောက်၍ အမြစ်ကြီးငယ်တို့၏ပွားစီးဖြစ်ပေါ်ရာမြေတို့ကို ဖယ်ရှားတူးဖော်ပြီး အမြစ်တို့ကို တွယ်ရာမရဖြစ်အောင် တူးဖော်ထား၏။

လယ်ပေါ်၌ အမြစ်တို့ကို နောက်ထပ်တစ်ဖန်မပေါက်ပွားစေရန် အထက်အညွန့်မထွက်စေရန် ဓားဖြင့်နုတ်နုတ်စဉ်းပစ်ပြန်သည်။ ထိုအမြစ်များကို နေလှန်းပြီး ခြောက်သွေ့သောအခါ မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ထိုအခါ သာယာချောမွေ့သောယာပြင်ကြီးဖြစ်လာသည်၊ နှစ်ပေါင်းများစွာဖြစ်ထားသော်လည်း ထိုအပင်တို့ကား ပြန်ပေါက်ရောက်ခြင်းမရှိတော့ပေ။

ဤဥပမာ၌-

- အကိုင်းအခက်များ ရှင်းလင်းမှုသည် သီလဝိသုဒ္ဓိနှင့်တူပါသည်
- မြေပေါ်၌ပေါ်နေသော အငုတ်အရင်းတို့ကိုရှင်းလင်းမှုသည် သမာဓိဟုဆိုအပ်သော စိတ္တဝိသုဒ္ဓိနှင့်တူပါသည်
- အမြစ်ဟူသမျှ ပယ်နုတ်ရှင်းလင်းပစ်ခြင်းသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဝိပဿနာရှုသူနှင့်တူပါသည်

မြေကြီးသည် ပကတိအတိုင်းတည်ရှိ၍ သစ်ပင်ကြီးငယ်တို့ကို အစာရေစာ ဝစွာပေး၍ မွေးမြူသဖြင့် သစ်ပင်ကြီးငယ်တို့သည် ထိုကျေးဇူးဖြင့် စည်ပင်ဖွံ့ဖြိုးကြီးပွားကြသကဲ့သို့

ရုပ်နာမ်တရားတို့ကိုလည်း ကိလေသာတို့က အစာရေစာ ဝစွာ ကျွေး၍ မွေးမြူထားသဖြင့် အနမတဂ္ဂသံသရာတစ်လျှောက် ကြီးပွားရှင်သန်လျက် ရှိခဲ့ကြသည်။

ထိုမြေတို့ကို ပယ်လှန်၍ ပစ်လိုက်သော် သစ်မြစ်တို့ သည် တွယ်ရာမရ ကျွတ်ထွက်သေဆုံးကုန်ကြသကဲ့သို့ မိမိ ခန္ဓာတစ်ခုလုံးကို ဝိပဿနာဉာဏ်ပေါက်တူးနှင့် ဖြိုပစ်သည် ရှိသော် ကိလေသာအမြစ်တို့သည် တွယ်ရာမှီရာမရှိတော့ဘဲ ကျွတ်လွတ်ကြပေမည်။

သစ်မြစ်တို့ကို မြေပေါ်တွင် ဒီအတိုင်းထားက အတက် အညွှန့်ပြန်၍ပေါက်နိုင်သည်၊ မီးရှို့ပစ်လိုက်မှ ကြီးပွားမှုရပ်တန့် သကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မဂ်ဉာဏ်တည်းဟူ သောမီးဖြင့် အကြွင်းမဲ့ ဖုတ်ကြည်းရှို့ပစ်မှသာ ကိလေသာ အကြွင်းမဲ့ပြတ်၍ နိဗ္ဗာန်ဓာတ်ကို ရရှိကြမည်ဖြစ်သည်။

ဤကိလေသာပြတ် ဝိပဿနာအကျင့်သည် ဘုရား သာသနာရှိသောအခါ၌သာ ရအပ်ပါသည်၊ သာသနာပ၌ မရနိုင်ပါချေ။



## ကိန်းအောင်းအနုသယကို ပယ်သတ်ကတ်ပါ

သတ္တဝါတို့၏သန္တာန်တွင် အစဉ်ဖြစ်ပွားနေသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသောကိလေသာ တရားများ အစဉ်ဖြစ်ပွားလျက်ရှိပါသည်၊ ထိုတရားများကို သီလ-သမာဓိ- ပညာဟူသော မြတ်သောအကျင့်ဖြင့် ပယ်ရှား နိုင်အောင် ကြိုးစားအားထုတ်ရပါမည်။

ကိလေသာတရားတို့တွင် တစ်ခုသော လောဘကိလေသာတရား၌ အခိုက်အတန့်သည် (၃)မျိုး ရှိပါသည်-

၁။ လွန်ကျူးမှုအခိုက်အတန့် (ဝီတိက္ကမ)

၂။ စိတ်ထဲ၌ ဖြစ်ပေါ်လောင်နေမှုအခိုက်အတန့် (ပရိယုဋ္ဌာန)

၃။ အစဉ်ကိန်းအောင်းနေမှုအခိုက်အတန့် (အနုသယ)

ဝစီဒွါရ (နှုတ်)မှလောဘစကားမျိုးထွက်၍လာအောင် အလွန်သောင်းကျန်းမှု)

ကာယဒွါရ (ကိုယ်အင်္ဂါကြီးငယ်)မှ လောဘအမူအရာ မျိုးဖြစ်ပွားလာအောင် အလွန်သောင်းကျန်းမှု

ဤသို့ ကိုယ်-နှုတ် နှစ်ပါး လှုပ်ရှားလာအောင် ဖော်ပြနေသောသာယာမှု၊ ချစ်ခင်မှု၊ ရချင်မှုများသည် လွန်ကျူးမှု (ဝိတိက္ကမ)အခိုက်အတန့်များ ဖြစ်ပါသည်။

ဤလွန်ကျူးမှုများကို ဘေးမှမြင်ကြလျှင်-ဤသူသည် သာယာသော တဏှာရာဂလောဘဖြစ်နေသည် ဟု သိနေကြသည်။

-ကိုယ်နှုတ်လှုပ်ရှား မလွန်ကျူးဘဲ စိတ်ထဲ၌သာလျှင် လိုချင်မှုဇောများ ပွက်ပွက်ဆူထနေခြင်းသည် ပရိယုဋ္ဌာနအခိုက်အတန့်ဖြစ်သည်။

ဤလောဘသည်ကား စိတ်ထဲမှာသာ ခံစားဖြစ်ပေါ်နေ၍ သာမန်လူတို့မမြင်နိုင်၊ မသိနိုင်ပေ။

အဘိညာဉ်ရပုဂ္ဂိုလ်များ၊ ကိုယ်စောင့်နတ်စသော နတ်များသာ သိရှိနိုင်ပါသည်။

စိတ်သန္တာန်၌ ဇောကိစ္စနှင့်အမျှထကြွခြင်း မရှိမူ၍ အနမတဂ္ဂသံသရာနှင့်အမျှ စိတ်သန္တာန်ထဲဝယ် အမြဲထာဝရ ကိန်းအောင်းငုပ်လျှိုးနေသော လောဘသည် 'အနုသယ' ဖြစ်သည်။

ဤလောဘကိုမူ သဗ္ဗညုတဘုရားရှင်တို့သာသိနိုင်ပါ သည်၊ သာသနာပအခါ၌ တခြား-တခြားသော လူ၊ နတ်၊ ဗြဟ္မာ၊ သိကြား၊ ဗြဟ္မာ မဆိုထားဘိ သရဘင်ရသေ့၊ ဟာရိတစ ရှင်ရသေ့၊ ဓမ္မဇေရှင်ရသေ့စသော အဘိညာဉ်ရ ဘုရား အလောင်းတော်ကြီးများသော်မှ ဤအနုသယလောဘကို မသိနိုင်-မမြင်နိုင်ကြပေ။

ဘုရားအလောင်းတော်ရသေ့ကြီးများသည် ဈာန် အဘိညာဉ်သမာဓိဖြင့် နှစ်ရှည်လများစွာ ဟိမဝန္တာ၌ နေကြပြီး တစ်ချိန်တွင် ဗာရာဏသီသို့ရောက်လာကြပြီး မင်းဥယျာဉ်၌ နေထိုင်သီတင်းသုံးကြသည်။

နေ့စဉ်ကောင်းကင်ခရီးဖြင့် မင်းနန်းတော်သို့ ဆွမ်းစား ကြွကြသည်-

တစ်နေ့သောအချိန်တွင် ကောင်းကင်မှ မိဖုရားကြီး အသွင်အပြင်ကို မြင်ကြရာ မိဖုရားကြီး၏အသွင်အပြင် ရုပ်

အဆင်း၌ ရှင်ရသေ့၏မျက်စိနှင့် ဘဝင်ဓာတ်တို့ကို ခိုမိသည်၊ မီးခြစ်ဆံနှင့် ယမ်းပြားထိခိုက်မိ၍ မီးထတောက်သကဲ့သို့ ကာမစ္ဆန္ဒ ခေါ်သော လောဘတဏှာရာဂမီးသည် အနုသယ ငုတ်ဓာတ်မှ ခဏချင်းထတောက်ကာ နှလုံးပြင်မှာ ပွက်ပွက် ဆူတော့သည်၊ ကောင်းကင်မှငှက်လေး မြားထိ၍ ကျသကဲ့သို့ ရှင်ရသေ့များသည် အဆင်းဓာတ်လက်နက်၏ဘဝင်၌ဝင်ခြင်း ကြောင့် ခဏချင်းစျာန်လျှောကြကာ မိဖုရားထံသို့ ရောက်ခဲ့ကြ ရသည်။

အလားတူပင် သီဟိုဠ်၌ စျာန်ပျံကိုရင်ငယ်သည် ဆရာ နောက်သို့ စျာန်ပျံ၍ သပိတ်လိုက်ပေးရင်း ရေကန်ထဲ၌ သီချင်း ဆို၍ ကြာပန်းခူးနေသော မိန်းမငယ်၏အသံ၌ သာယာနှစ် သက်သဖြင့် စျာန်လျှောခဲ့ရသည်၊ ဤသည်မှာ အသံဟူသော လက်နက်စူးရှပုံ ဖြစ်ပါသည်။

ထိုရှင်ရသေ့ ရှင်သာမဏေသည် လောဘငုပ်ဓာတ် လှုပ်ကြွ၍ ပရိယုဋ္ဌာနအဖြစ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် အနှစ်ရှည်ကြာစွာ အားထုတ်၍ထားအပ်သော စျာန်အဘိညာဉ် သမာပတ်တို့သည် ခဏချင်းပင် အကုန်ကွယ်ပျောက်တော့ သည်။

ဤသို့လျှင် သမထမည်သည် အနုသယကို မပယ်နိုင်ပါ၊ အနုသယဟူသော ငုပ်ခာတ်အမြစ်ကို မပြတ်နိုင်သမျှကာလပတ်လုံး ဘဝဂ်ဘုံမှာ ဗြဟ္မာကြီးအဖြစ်သို့ ရောက်သော်လည်း အပါယ်ဘုံမှ လွတ်ခွင့်မရှိသေးပါ။

ဤအနုသယစသည်နှင့်ပတ်သက်၍ လောကဥပမာနှိုင်းယှဉ်ကြည့်လျှင် မီးခြစ်ဆံနှင့်ကော်ပြားအသွင်ရှိပါသည်။

-စိတ်သန္တာန်သည် မီးခြစ်ဆံနှင့်တူသည်၊

-စိတ်သန္တာန်အတွင်းရှိ အစဉ်ကိန်းဝပ် ငုပ်နေသော လောဘသည် မီးခြစ်ဆံ၌ရှိသော မီးခာတ်နှင့်တူပါသည်။

-အဆင်း, အသံ စသောအာရုံခြောက်ပါးသည် ယမ်းသုတ်ထားသော ကော်ပတ်နှင့်တူပါသည်၊

ကော်ပတ်နှင့်မီးခြစ်ဆံ မတွေ့သေးမျှကာလပတ်လုံး ထိုမီးစာသည် ငြိမ်သက်နေသည်။ ပူလောင်မှုအစွမ်းမပြနိုင်သေးပါ။

ထို့အတူပင် အနုသယဟူသောကိန်းခာတ်၊ ငုပ်ခာတ်၊ ရုပ်ခာတ်တစ်မျိုးသည် မိမိကိုထကြွစေသောအာရုံမျိုး မျက်စိစသော အပေါက်တစ်ခုခုတွင် မထိခိုက်လာသေးသမျှ ငြိမ်ဝပ်နေပါသည်။ ကိလေသာမရှိသကဲ့သို့ပင် ထင်နေရပါသည်။

မီးခြစ်၌ငုပ်နေသောမီးဓာတ်သည် ယမ်းကော်ပတ်နှင့် တိုက်ခိုက်မိသောအခါ မီးခြစ်ဆံ၌ မီးထ,တောက်ပါတော့သည်

အလားတူပင် လောဘစသော ကိလေသာငုပ်ဓာတ်ကို ထကြွအောင်နှိုးဆော်၊ လှုံ့ဆော်နိုင်သော အဆင်း,အသံစသောအာရုံသည် မျက်စိ,နားစသည်၌ တိုက်ခိုက်ဆုံစည်းလာသည်။

ထိုအခါ ထိုငုပ်ဓာတ်သည် ခဏချင်းထကြွ၍ ဇောကိစ္စနှင့် မနောဒွါရအစဉ်မှာ ပွက်ပွက်ဆူလောင်စွာ ဖြစ်ပေါ်လာသည်။

ဤသည်မှာ ပရိယုဋ္ဌာန-ဟူသော ထဓာတ်ကြွဓာတ်သဘောဖြစ်ပါသည်။

တစ်ဖန် မီးခြစ်ဆံ၌တောက်လောင်နေသော မီးတောက်သည် မီးဇာမရှိခဲ့လျှင် မီးခြစ်ဆံတွင်ပင် သေငြိမ်းရလေသည်။

လောင်စာမီးဇာရှိပါက ခဏချင်းပင် အားကြီးစွာ တိုးပွားပြီး တစ်မြို့လုံး၊ တစ်ရွာလုံးပင် ပြာဖြစ်သွားအောင် သောင်းကျန်းဖျက်ဆီးသွားနိုင်ပါသည်။

အလားတူပင် မနော‌ဒွါရ၌ ထကြွနေသော လောဘ မီးသည် သတိပညာနှင့်အုပ်ချုပ်ထားပါက မြတ်နိုးချစ်ခင်ဖွယ် ဝတ္ထုဟူသော မီးဇာနှင့်တာရှည်ပွားစီးခွင့် မရသည်ရှိသော် မနောဒွါရ၌ပင် ရုပ်သိမ်း၍ ငုပ်မြုပ်ဝင်နေပါသည်။

သတိပညာအချုပ်အထိန်းမရှိပါမူ ချစ်မြတ်နိုးဖွယ်ဝတ္ထု သို့ကူးစက်ခံ၍ အာရုံသို့လွှတ်၍ပေးလိုက်သည်ရှိသော် စိတ်တွင်မကတော့ဘဲ ကိုယ်နှုတ်တို့ပါ ထကြွသောင်းကျန်းလှုပ်ရှားလာပါတော့သည်။

ချစ်မြတ်နိုးဖွယ်ဝတ္ထု၌ တဏှာရာဂစကားမျိုးထွက်လာပါသည်။ရယူနိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှားလွန်ကျူးလာရပါသည်။

ဤသည်မှာ ဝိတိက္ကမဟူသော လွန်ကျူးသောင်းကျန်းမှုပင် ဖြစ်ပါတော့သည်။

ကျန် ဒေါသ,မာန,ဒိဋ္ဌိအစရှိသော ကိလေသာတို့၌လည်း ထိုနည်းတူပင် ရှိပါသည်။

အကြမ်းစားဖြစ်သော ကာယကံ,ဝစီကံ ဟူသော ဝိတိက္ကမ-ကိလေသာမျိုးကို သီလသည် တဒင်္ဂပဟာန်အဖြစ်

ပယ်နိုင်ပါသည်။ ပရိယုဋ္ဌာနကိလေသာ၊ အနုသယကိလေသာ မျိုးကို မပယ်နိုင်ပါ။

အလတ်စားဖြစ်သော မနောကံဟူသော ပရိယုဋ္ဌာန ကိလေသာမျိုးကို ဥပစာရစျာန်နှင့်တကွသော သမာပတ်ရှစ်ပါးဟူသော သမာဓိတရားဖြင့် ဝိက္ခမ္ဘနပဟာန်အဖြစ် ပယ်နိုင်ပါသည်။

အရင်းလဲကျလျှင် အဖျားထင်းဖြစ်သကဲ့သို့ ပရိယုဋ္ဌာန ပယ်နိုင်လျှင် ဝိတိက္ကမကိုလည်း ဝိက္ခမ္ဘနအနေဖြင့် ပယ်ခြင်းကိစ္စပြီးပါသည်။

အနုသယဆိုသော ငုပ်ခဲတတ်ကိုကား မပယ်နိုင်ပါ။

ကာယကံ, ဝစီကံ, မနောကံ သုံးပါးတို့ဖြစ်ပွားရန် အမြစ်မူလဗီဇမျိုးစေ့အနေနှင့် စိတ်သန္တာန်ထဲမှာ အစဉ်ကိန်းဝပ်နေသော အနုသယကိလေသာကိုမူ ပညာဖြင့်သာ အမြစ်ပြတ် ပယ်သတ်နိုင်ပါသည်။

အနုသယကိလေသာကို သီလ,သမာဓိဖြင့် မဖြတ်နိုင်၊ ပညာဖြင့်သာ ဖြတ်နိုင်ပါသည်။

ရေမိုးကောင်းစွာစွတ်ပြီးသော မီးခြစ်ကိုယမ်းကော်ပတ်နှင့်အကြိမ်တစ်ရာပင် ပွတ်တိုက်ခြစ်သော်လည်း မီးမျိုးစေ့ပျက်နေပြီးဖြစ်၍ မီးထတောက်မှုမရှိသကဲ့သို့ လောဘစသော ကိလေသာတို့ကို ပညာဖြင့်အမြစ်ပြတ်ပယ်ပြီးသော ပုဂ္ဂိုလ်အား ချောသော, လှပသော နတ်သမီးတစ်ရာတို့က လာရောက်ပြီး အဆင်း, အသံ, အတွေ့တို့ဖြင့် လာရောက်ဖြား. ယောင်းသော်လည်း သာယာသော တဏှာရာဂ အနုမြူမျှ မရှိတော့၍ ဖြားယောင်း၍မရနိုင်သကဲ့သို့ပင် ဖြစ်ပါသည်။

ဤအနုသယဟူသော ကိလေသာအမြစ်တို့သည် အဘယ်၌ တိုးပွားစည်ပင်နေပါသနည်းဆိုသော် ခန္ဓာ၊ အာယတနဓာတ်တို့၌ တိုးပွားစည်ပင်နေပါသည်။

ထိုခန္ဓာစသည်တို့ကိုပြတ်အောင် ဝိပဿနာပညာဖြင့် သာရှုမှတ်ပွား၍ ကြိုးစားပယ်ရပါသည်။ သို့မှသာ အနုသယ ပွားမှုစည်ပင်မှုတွေ ပျက်သုဉ်းပျောက်ကွယ်သွားပါမည် ဖြစ်ပါသည်။



## ထွက်သက်ဝင်သက် (အာနာပါန နုဿတိ)

"အို-ရဟန်းတို့ . . . သတိလွတ်သောသူအား ပညာအဆင်အခြင်ကင်းသောသူအား အာနာပါနနုဿတိ ဘာဝနာကို ငါဘုရားသည် ဟောတော်မမူ"

ဟူ၍ ဘုရားရှင်ကဟောထားခဲ့ပါသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အနုဿယကိလေသာကမ္မဋ္ဌာန နိဒ္ဒေသပိုင်း၌-

အာနာပါနနုဿတိကမ္မဋ္ဌာန်းသည်ကား ခက်ခဲသောဘာဝနာဖြစ်ပါသည်။ ဘုရားပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော်ယောက်ျားမြတ်တို့၏သာလျှင် နှလုံးသွင်းရာဌာန ဖြစ်သည်။

သိမ်သိမ်ငယ်ငယ်မဟုတ်၊ သာမန်လူစားများ၊ နည်းနာကျကျသဘာဝနှင့်အညီ မှီဝဲနိုင်သည် မဟုတ်၊

အကြင်အကြင်သို့ နှလုံးသွင်း၏၊ ထိုနှလုံးသွင်းသော အတိုင်း ငြိမ်သက်သည်လည်း ဖြစ်၏၊ သိမ်မွေ့မှုသည်လည်း ဖြစ်၏။

ထို့ကြောင့် ဤအာနာပါနနုသတိကမ္မဋ္ဌာန်း၌ အားကြီးသောသတိကိုလည်းကောင်း၊ ပညာဉာဏ်ကို လည်းကောင်း အလိုရှိအပ်ပါသည်။

သိမ်မွေ့နူးညံ့သော အဝတ်ကိုချုပ်သောအခါ သိမ်မွေ့သော၊ ငယ်သောအပ်ကိုလည်းကောင်း၊ ထို့ထက် သိမ်မွေ့သေးငယ်သော အပ်နဖားထွင်းသော စူးကိုလည်းကောင်း၊ အလိုရှိအပ်သကဲ့သို့ ဤအတူ နူးညံ့သိမ်မွေ့သောအဝတ်နှင့်တူသော ဤအာနာပါနကမ္မဋ္ဌာန်းကို ပွားစေသောကာလ၌ အပ်နှင့်တူသောသတိကို လည်းကောင်း၊ အပ်နဖားတွင် စူးနှင့်တူသော ထိုသတိနှင့်ယှဉ်သော အားကြီးသော ပညာကို လည်းကောင်း၊ အလိုရှိအပ်၏ဟု ဖွင့်ဆိုရေးသားပါသည်။

ထို့ကြောင့် သမထဝိပဿနာကို အားထုတ်လို၍ အာနာပါနသတိကမ္မဋ္ဌာန်းကို ပွားများလိုသောသူသည်-

-မိမိ၏ခန္ဓာကိုယ်ကို ဘုရားကိုလှူရပါသည်၊

-အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားမိတာရှိသော် တောင်းပန်ဝန်ချရပါမည်၊

-ငါပြုသမျှကုသိုလ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို ကျေးဇူးပြုကြပါစေ

-သက်ရှိသတ္တဝါတို့ ချမ်းသာကြပါစေ

သေရတဲ့ဘဝတွေ မရေတွက်နိုင်အောင် များပြားလှလေပြီးဟူ၍ ရှေးဦးပြုဖွယ်ငါးပါးကို ပြုရပါမည်။

ထို့နောက် ခါးကိုဖြောင့်မတ်စွာထား၍ တင်ပလ္လင်ခွေထိုင်ပါ

-မျက်စိမှိတ်ထားပါ

-ကိုယ်မှာစိတ်ကိုထားပါ

-ကြန္ဒြေမလှုပ်ရှားဘဲ စိတ်ကိုငြိမ်သက်စွာထားပါ

-ထွက်သက်ထွက်လျှင် ထွက်တယ်ဟုသတိပြုပါ

-ဝင်သက်ဝင်လျှင် ဝင်တယ်ဟုသတိပြုပါ

-ရှုလျှင်ရှုတယ်ဟု သတိပြုပါ

-ရှိုက်လျှင် ရှိုက်တယ်ဟုသတိပြုပါ

-ထိလျှင်ထိတယ်ဟု သတိပြုပါ

-နှုတ်ခမ်းနှာသီးဝတွင် စိတ်ကိုအမြဲထားပါ

-ထိမှုပေါ်တွင်သိမှုကို ဖိကာလိုက်ရပါမည်

-ထိ,သိနှစ်ပါးမြဲအောင်သိအောင်လုပ်ပါ

-ထိလျက်,သိပျက် အဆက်မပြတ်ရှုရပါမည်

-မမြဲဆင်းရဲ အစိုးမရသည်ကို အမြဲရှုရပါမည်

-အမှတ်ကြွလျှင် ကိလေသာဝင်ပြီး ရုပ်-နာမ်မထင်တော့ပါ

-အမှတ်စိတ်လျှင် ကိလေသာစင်ပြီး ရုပ်-နာမ်ထင်လာပါမည်

-အမှတ်သဘောမြဲက သံသရာကလွတ်၍နိဗ္ဗာန်ဝင်ပါမည်

ဤသို့လျှင် **သမာဓိရအောင်တရားကို** အားထုတ်ရပါမည်။

ဤအာနာပါနအားထုတ်မှုနှင့်ပတ်သက်၍ မဟာဝဂ္ဂ သံယုတ်,အာနာပါနသံယုတ်,ဧကဓမ္မဝဂ်၊ဒုတိယဖလသုတ်၌-

"ရဟန်းတို့ . . ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ၊ တင်ပလ္လင်ခွေ ပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့) ရှေ့ရှုဖြစ်စေလျက် ထိုင်နေ၏၊

ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက် လေကိုတုတ်၏၊ ဝင်သက်လေကို ရှူ၏၊

စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ထွက်သက်လေ ကို ရှူဒုံဟု အားထုတ်၍ ကျင့်၏။

ရဟန်းတို့ . . အာနာပါနနုဿတိကို ဤသို့ပွားများ အပ်,ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို မချွတ်ရလိမ့်မည်ဟု မျှော်လင့်အပ်၏"

၁။ မျက်မှောက်ဘဝ၌ပင် မသေမီစောစောက အရဟတ္တ ဖိုလ်ကိုပြီးစေနိုင်၏

၂။ သေခါနီးအခါ၌ ပြီးစေနိုင်၏.

၃။ သက်တမ်း၏အလယ်၌ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယိအနာဂါမ် ဖြစ်နိုင်၏

၄။ သက်တမ်း၏ထက်ဝက်ကို လွန်လျက် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယိ အနာဂါမ်ဖြစ်နိုင်၏

၅။ ပယောဂလုံ့လမပါဘဲ အရဟတ္တဖိုလ်သို့ရောက်လျက် ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယိ အနာဂါမ် ဖြစ်နိုင်၏

၆။ ပယောဂလုံ့လနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လျက် ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်ဖြစ်နိုင်၏

၇။ အထက်အထက်ဘုံသို့ အဆင့်ဆင့်တက်၍ (အကနိဋ္ဌဘုံ)သို့ရောက်လျက် အရဟတ္တဖိုလ်သို့ ရောက်ရသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် ဖြစ်နိုင်၏။

ဟူ၍ဟောတော်မူခဲ့ပါသည်။

ဝိသုဒ္ဓိမဂ်အရသာကျမ်း၌-

-ဤဘာဝနာသည် ငြိမ်သက်၏

-မရောင့်ရဲနိုင်အောင်မြတ်၏

-ပင်ကိုငြိမ်သက်၏

-ဝင်စားတိုင်း ကိုယ်စိတ်ချမ်းသာ၏

-ခဏချင်းမကောင်းမှုပယ်နိုင်၏

-မိစ္ဆာဝိတက်ကင်း၏

-မဂ်ဖိုလ်ရကြောင်း မူလအခြေခံပါဒကဖြစ်၏

-စုတိစရိမကဖြစ်သော နောက်ဆုံးဝင်သက်, ထွက်သက်ထင်ရှား၏

ဟူ၍ဖော်ပြထားပါသည်။

ထို့ကြောင့် အာနိသင်ကြီးမားလှသည်ဖြစ်၍ ဂေါဝါဠူသဲစုမကပွင့်တော်မူခဲ့ကြသော ဘုရားရှင်တိုင်း ဗောဓိပင်နှင့်ရွှေပလ္လင်ထက်၌ ဓမ္မတာအားဖြင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့၏ အခြေခံပြု၍ အားထုတ်အပ်သော ဤအာနာပါနနုဿတိကို ကြိုးစားအားထုတ်ရပါမည်-

-အာနာပါနအားထုတ်က တစ်ထိုင်တည်းနဲ့မဂ်ဖိုလ်ရ

-အာနာပါနအားထုတ်က သေကာနီးကျမဂ်ဖိုလ်ရ

-အာနာပါနအားထုတ်က နတ်ပြည်ရောက်ကမဂ်ဖိုလ်ရ

-အာနာပါနအားထုတ်က သာသနာပမဂ်ဖိုလ်ရ

-အာနာပါနအားထုတ်က နောက်ဘုရားကျမဂ်ဖိုလ်ရ

-အာနာပါန၊ ကျိုးငါး၀၊ အားထုတ်သူတို့ မဂ်ဖိုလ်ရ

ဟူ၍ ရာဟုလောဝါဒသုတ်၌ ဖွင့်ဆိုပြထား၍ ဤဘ၀, ဤ အရွယ်တွင် အသိပညာဉာဏ်ကြွယ်ပြီး အာနာပါနအားထုတ် နိုင်ကြရန်တိုက်တွန်းအပ်ပေသည်။

**တရားနာ၊ တရားအားထုတ်ရအကျိုးများ**

မဂ်လာတရားတော်မှာ အခွင့်အခါသာတဲ့အချိန်မှာ တရားနာတရားဆွေးနွေးပါဟု မှာကြားထားပါသည်။

မိမိ၏ပထမအရွယ်၊ ဒုတိယအရွယ်ဘ၀တစ်လျှောက် ပညာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးတို့ကြောင့် ဃရာဝါသော ဗဟုကိစ္စောအလုပ်များပြီး တရားဘက်ကို မလှည့်နိုင်ခဲ့ပါ။

ယခုတတိယအရွယ်ရောက်တော့ တရားဘက်ကို မဖြစ်မနေ လှည့်ရတော့မည်ဖြစ်ပါသည်၊ ဤအချိန်မှာ တရားနာခြင်း၊ တရားဆွေးနွေးခြင်း၊ တရားကိုသိအောင် ပြုလုပ်ခြင်းများကို ဆောင်ရွက်ကြရမှာ ဖြစ်ပါသည်။

တရားနာ, တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ အကျိုး(၁၂)ပါးရသည်ဟု ဆိုထားပါသည်။

တရားနာကျိုး အားထုတ်ကျိုး(၁၂)ပါးနှင့်ပတ်သက်၍ မိမိသည် ဉာဏ်လေးမျိုးကို သိထားရန်လိုအပ်ပါသည်။

ဉာဏ်လေးဉာဏ်ရှိပါသည်-

၁။ သုတမယဉာဏ်

၂။ စိန္တာမယဉာဏ်

၃။ ဘာဝနာမယဉာဏ်

၄။ ပဋိဝေဓဉာဏ် တို့ဖြစ်ပါသည်။

ကိုယ်တိုင်စာသင်၍ စာကြည့်၍၊ တရားနာ၍၊ ဆွေးနွေး၍ရလာသော အသိဉာဏ်၊ သူများက ဟောပြောပြလို့ တစ်ဆင့်သိရသော အသိဉာဏ်ကို သုတမယဉာဏ်ဟုခေါ်ပါသည်။

ဤဉာဏ်သည် ကိလေသာကို မပယ်သတ်နိုင်သေးပါ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူသောဝဋ်သုံးသွယ်တွင် ကိလေသာဝဋ်က အရင်းမူလတူပါသည်။

ကိလေသာဝဋ်ကို ပယ်သတ်နိုင်ပါမှ ကမ္မဝဋ်ကို ပယ်နိုင်ပါမည်၊ကမ္မဝဋ်ကိုပယ်နိုင်ပါမှ ဝိပါကဝဋ်ကိုပယ်နိုင်ပါမည်။

တရားအားထုတ်ခြင်း၏အဓိကရည်ရွယ်ချက်သည် ကိလေသာဝဋ်တို့ကို ပယ်နိုင်ရန်ဖြစ်ပါသည်။

တရားနာကြားမှုသည် တရားအားထုတ်ပုံ-အားထုတ်နည်းများကို တတ်သိနားလည်အောင် သုတမယဉာဏ်ဖြင့် ပြုလုပ်ဆောင်ရွက်ရပါသည်။ သုတမယဉာဏ်မရှိက တရားအားထုတ်၍မဖြစ်နိုင်ပါ။

နာကြားမှု၊ သင်ယူမှုစသည်တို့ကြောင့် ရလာသော သုတမယဉာဏ်ကို အမှီပြုပြီး ဤနည်းဖြစ်နိုင်သည်၊ ဤနည်းမဖြစ်နိုင်ပါ၊ ဤနည်းမှန်သည်၊ ဤနည်းမှားသည်-စသည်ဖြင့် ကြံစည်မှုသည် စိန္တာမယဉာဏ်ဖြစ်ပါသည်။

သုတမယဉာဏ်ကို အမှီပြုပြီး စိန္တာမယဉာဏ်ကို ဖြစ်စေနိုင်ပါသည်။ သုတမယဉာဏ်ကြောင့် စိန္တာမယဉာဏ်က

အဆင့်မြင့်သည်မှန်သော်လည်း ဤစိန္တာမယဉာဏ်ကလည်း ကိလေသာကို မပယ်နိုင်ပါ။

ပထမနာကြားရသော သုတမယဉာဏ်ပိုင်းမှာလည်း သင်ယူအံ့၊ မှတ်မိအံ့၊ သိအံ့-ဆိုသောသဘောနှင့် တရားနာမည်၊ တရားနာရင်း ရှုမှတ်သည်၊ ရှုမှတ်ရင်း နာကလည်း တရားထူးရနိုင်ပါသည်။

ဥပမာသာဓကပြရလျှင် အနာထပိဏ်သူဌေးကြီး၏ သားကာလကို ဘခင်သူဌေးကြီးကကျောင်းသွား၍ တရားနာခိုင်းပါသည်။မှတ်မိအောင်နာပြီး ငါ့ကိုပြန်ပြောရမယ် ပြောနိုင်ရင် ငွေတစ်ထောင်ပေးမယ်လို့ ဘခင်ကပြောတော့ ငွေလိုချင်ဇောနှင့် တရားနာခဲ့ပါသည်။

မြတ်စွာဘုရားက ထိုအကြောင်းကိုသိတော့ မမှတ်မိအောင် တရားဟောပါတယ်၊ ကာလကမှတ်မိအောင် တရားနာပါသည်။ နောက်ဆုံးတွင် ငွေလိုချင်ဇောပျောက်ပြီး မှတ်မိအောင်နာရင်းနှင့် တရားသဘောပေါက်ပြီး သောတာပန်တည်သွားပါသည်။

သုတမယဉာဏ်အတွက် တရားနာရင်း စိန္တာမယဉာဏ်ဝင်ကာ အကြောင်းကား ဘယ်လို၊ အကျိုးကား ဘယ်နည်း စသည်ဖြင့် သုတမယဉာဏ်မှ ခန္ဓာကိုယ်ကို ထင်ဆောင်ပြီး ရှုမှတ်ပွားများသောအခါတွင် ခန္ဓာဉာဏ်ရောက်ပြီးလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာများ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် တရားနာသောအခါမှာ မှတ်မိအောင်နာကြားပြီး၊ ပြန်ပြီးစဉ်းစားရပါမည်၊ စဉ်းစားပြီး ရှုမှတ်ပွားရပါသည်။

သုတမယဉာဏ်, စိန္တာမယဉာဏ်နှစ်ပါးကို အရင်းခံပြီး နာရုံနှင့် မပြီးသေးပါ၊ စဉ်းစားရုံနှင့်မပြီးသေးပါ၊ ရှုမှတ်ပွားများမှသာပြီးမည်ဆိုသည်ကို သိရှိပြီး ရှုမှတ်ပွားများရပါမည်။ ထိုရှုမှတ်ပွားများသောဉာဏ်သည် ဘာဝနာမယဉာဏ်ဖြစ်ပါသည်။

ထိုကဲ့သို့ရှုမှတ်ပွားများ၍ ဘာဝနာမယဉာဏ်အမြင့်သန့်လာပါက ပဋိဝေဓဉာဏ်ဆိုက်ရောက်ပါမည်။

ပဋိဝေဓဉာဏ်ဆိုသည်မှာ ရှုမှတ်ပွားများ၍ရသော ထိုးထွင်းသိသောဉာဏ်ကို ခေါ်ပါသည်။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်များဖြစ်ကြပါသည်။

ထပ်မံပြောရလျှင် နာကြား,သင်ကြား,ဆွေးနွေးမှုများသည် ပရိယတ္တိဗဟုသုတများ ဖြစ်ကြပါသည်။

အားထုတ်မှုသည် ပဋိပတ္တိဗဟုသုတဖြစ်ပါသည်။ ပရိယတ္တိဗဟုသုတ၊ ပဋိပတ္တိဗဟုသုတမရှိသူကို အကန်းပုထုဇဉ် (အန္ဓပုထုဇဉ်)ဟူ၍ ခေါ်ပါသည်။

ခန္ဓာလည်းမသိ၊ အာယတနလည်း မသိ၊ ဓာတ်လည်းမသိ၊ တရားအားထုတ်တဲ့သဘောလည်းမသိ၊ သူသည်ဉာဏ်မျက်စိကန်းနေသူဖြစ်၍ အကန်းပုထုဇဉ်ကို ဆိုပါသည်။

ပကတိမျက်စိကန်းသူမှာ ကြောက်သကဲ့သို့ ဉာဏ်မျက်စိကန်းမှာကို ပို၍ကြောက်သင့်ပါသည်။ ဉာဏ်မျက်စိကန်းပါက အပါယ်သို့ကျရောက်နိုင်ပြီး နိဗ္ဗာန်နှင့်ဝေးသွားနိုင်ပါသည်

ဝိပဿနာတရားအားထုတ်သည်ဆိုသည်မှာ ဉာဏ်ပညာမျက်လုံးတပ်ဆင်ခြင်း ဖြစ်ပါသည်။

ဉာဏ်ပညာမျက်လုံးမရှိပါက လုပ်သင့်တာမလုပ်သင့်တာကိုခွဲခြား၍မသိနိုင်ပါ၊ မသိ၍ မလုပ်သင့်တာတွေကိုလုပ်မိ၊ လုပ်သင့်တာတွေကို မလုပ်မိသော် နစ်ဘက်အကျိုးယုတ်ရပါသည်။

ထို့ကြောင့် ပကတိမျက်စိကနေပြီး ဉာဏ်မျက်စိဖြစ်လာအောင် နာကြား,စဉ်းစားရှုမှတ်ပွားများမှုများ ပြုလုပ်ကြရပါသည်။

ထိုသို့သော ဉာဏ်ပညာမျက်စိရှိသောသူကို ကလျာဏပုထုဇဉ်ဟူ၍ ခေါ်ဆိုရပါသည်။

ဉာဏ်မျက်စိရလာ, ကောင်းလာ၍ တရားကိုတရားမှန်းသိ၊ မတရားကိုမတရားမှန်း သိထားပါက အမှားကိုမလုပ်မိတော့ပါ။

အတိတ်ဘဝက မိမိတို့မသိခဲ့လို့ ဒုက္ခဖြစ်ကြောင်းတွေလုပ်ခဲ့မိကြသည်၊ မသိအောင်ကိုလည်း အဝိဇ္ဇာကဖုံးအုပ်ထားပါသည်။ ထိုသို့အဝိဇ္ဇာဖုံးအုပ်ထား၍ မသိသောကြောင့် ခန္ဓာကြီးကို စွဲစွဲလမ်းလမ်း ခင်မင်လေသောအခါ ခန္ဓာကြီးအတွက်သတ်မှု၊ ခိုးမှု၊ ကာမေသုစသော မကောင်းမှုတွေပြုလာကြ၍ အပါယ်ငရဲသို့ ဇောက်ထိုးဆင်းကြရပါသည်။

အတိတ်ဘဝက မသိလို့မိုက်မဲစွာ ဒုက္ခရောက်ကြောင်းတွေလုပ်ပြီး ဒုက္ခတွေနှင့်တွေ့ရပါသည်။ ယခုလည်း ဒုက္ခခန္ဓာကြီးကို ရဆဲပင်ဖြစ်နေပါသည်။ သို့သော် ဤဒုက္ခခန္ဓာကြီးကို

မသိကြတော့၊ ဒုက္ခရောက်ကြောင်းများကို ထပ်မံလုပ်လာကြသဖြင့် မိမိတို့၏ဘဝသည် မလိမ့်မှာ နှစ်ခါမိုက်စမြဲဘဝသို့ ရောက်နေသည်ကို သတိပြုသင့်ကြပါသည်။

ယခုဒုက္ခကြီးနှစ်ခုကို ရင်ဆိုင်တွေ့နေရပါပြီ၊ အလွန်ပင် ကြောက်စရာကောင်းလှပါသည်။

ထို့ကြောင့် ဉာဏ်မရှိသော မသိတာသည် အလွန်ပင် ကြောက်စရာကောင်းနေသည်ကို သတိပြုရပါမည်။

အသိဉာဏ်ပညာရလေအောင် ဦးစွာပထမ နာကြားခြင်း၊ ဖတ်ရှုခြင်း၊ လေ့လာခြင်း၊ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြရန် အလွန်ပင် အရေးကြီးလှပါသည်။

အသိဉာဏ်ရပြီး၍ အားထုတ်ပွားများကြလျှင် ယခုဘဝတွင် မဂ်ဖိုလ်နိဗ္ဗာန်မရသော်မှ နောင်သံသရာ၌ မဂ်ဖိုလ်ရခြင်းအကျိုးငှာ မဂ်မျိုးစေ့ကိုဖြစ်စေရပါသည်။

နောက်ဘဝသံသရာဆိုသည်မှာလည်း ဘယ်အထိရောက်မည် မသိရပါ။

လူ့ပြည်တွင် လူလာဖြစ်ဦးတော့ ဤကဲ့သို့ ဘုရားသာသနာနှင့်ကြုံကြိုက်ဖို့က မလွယ်ကူလှပါ။ ဘုရားသာသနာ

နှင့်တွေ့မည်ဟု မည်သူမျှ အာမမခံနိုင်ပါ၊ အခွင့်အခါရခိုက် လသာတုန်းဗိုင်းငင်ဆိုသကဲ့သို့ ယခု ဘုရားသာသနာရှိနေသည်၊ တရားတော်တွေရှိနေသည်၊ ထိုတရားတွေက နည်းလမ်းပြနေသည်။ ထိုနည်းလမ်းအတိုင်း ကျင့်ကြံပွားများအားထုတ်ရမည်က မိမိတို့၏တာဝန်သာ ဖြစ်ပါသည်။

လောကတွင် စပါးစိုက်က စပါးမှည့်ပြီးလို့ ရိတ်သိမ်းပြီးသည်အထိ လုပ်ရသကဲ့သို့ တရားကိုနာရုံနှင့်မပြီးပါ၊ စဉ်းစားရုံနှင့်မပြီးပါ၊ မဂ်မရ-ရအောင် အားထုတ်ရပါမည်၊ ဤခန္ဓာကိုယ် ဇာတ်သိမ်းချုပ်ငြိမ်းသည်အထိ လုပ်ရပါမည်။

တရားရှုမှတ်ပုံမှာလည်း မိမိရဲ့ခန္ဓာကိုယ်,ခြေဖဝါးက နေငယ်ထိပ်အထိ တစ်ကိုယ်လုံးမှာ ဖေါက်ပြန်နေတာတွေဟာ ရုပ်ဖြစ်ပါသည်။

ရုပ်က နာလာတယ်၊ယားလာတယ်စသည်ဖြစ်ပေါ်လာက ထိုနာသောသဘော၊ ယားသောသဘော၏ တစ်နာပြီး တစ်နာ၊ တစ်ယားပြီး တစ်ယားဖြစ်ပြီး ပျက်နေတာကို မြင်အောင်ရှုရပါမည်။

နာတယ်၊ ယားတယ်ဆိုသည်မှာ နာကြောင်း, ယားကြောင်းရှိလို့ နာ-ယားနေတာဖြစ်ပါသည်။ နာ-ယား အကြောင်းမချုပ်လျှင် နာ-ယားအကျိုး မချုပ်ပါ။

မိမိခန္ဓာနေသာသလိုနေပြီး တစ်နာဖြစ်-တစ်နာပျက်တဲ့သဘောကို မြင်အောင်ရှုကြည့်နေရပါသည်။

နာ,ယားပျောက်အောင် ပျက်သွားအောင် အားမထုတ်ရပါ။

ပျောက်အောင်အားထုတ်လျှင်-ပျောက်ချင်တာက-လောဘ

ပျောက်အောင်လုပ်နေတာက-ဒေါသ

ထိုကဲ့သို့လုပ်ရကောင်းမှန်းမသိလုပ်နေတာက-မောဟ ထိုအလုပ်များသည် အကုသိုလ်တရားများဖြစ်သည်ကို သတိပြုရပါမည်။

ဝိပဿနာဆိုသည်မှာ အာရုံကိုမရှောင်ရပါ,ကြုံတွေ့သမျှကောင်းဆိုးအာရုံကို ရှုရပါသည်။

ရှုနေလျှင် ဉာဏ်

မရှုလျှင် အဝိဇ္ဇာ

ရှုပွားနေလျှင် အဝိဇ္ဇာချုပ်ပါသည်
အဝိဇ္ဇာချုပ်က အို သေချုပ်ပါသည်
အို သေချုပ်မှ နိဗ္ဗာန်ရောက်ပါသည်
အဝိဇ္ဇာသည် အလိုလိုမချုပ်ပါ
ရှုဉာဏ်ဝိဇ္ဇာလာမှ ချုပ်ပါသည်
ဝိဇ္ဇာဉာဏ်အလင်းရောင်လာတော့မှ မြင်စရာတွေကို
မြင်၊ သိစရာတွေကို သိလာရပါသည်။

ဒုက္ခကို ဒုက္ခမှန်းသိက မခင်မင်တော့ပါ၊ မသိခင်က ဒုက္ခကို သုခဟုထင်ပြီး ခင်နေကြခြင်းဖြစ်ပါသည်။

တရားအားထုတ်ခြင်းသည် ဒုက္ခကိုသိအောင် အားထုတ်ခြင်းဖြစ်ပါသည်။ မိမိ၏ခန္ဓာကိုယ်ကြီးသည် အစုံအသည်းစုံနှင့်တစ်ကိုယ်လုံး ဒုက္ခတုံး-ဒုက္ခခဲကြီးသာ ဖြစ်ပါသည်။

ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ဤခန္ဓာသည် ဆင်းရဲတုံးကြီးဖြစ်သည်။ ဖြစ်ဒုက္ခ,ပျက်ဒုက္ခကိုသိမှ ဒုက္ခသစ္စာကို အမှန်သိသည်။

ယနေ့ဗုဒ္ဓဘာသာတို့သည် လုပ်နေတာက ဒုက္ခရောက်ကြောင်းတွေလုပ်ပြီး ဆုတောင်းတော့ နိဗ္ဗာန်ကိုဆုတောင်းနေ

သည်၊ လုံကိုင်၍ခွေးခေါ်သလို ဖြစ်နေပါသည်။ မည်သို့ပင် နိဗ္ဗာန်ဆုတောင်းနေသော်လည်း ဒုက္ခရောက်ကြောင်းတွေ လုပ်နေသမျှ သူခနိဗ္ဗာန်ကို မရနိုင်ပါ။

-မြင်မြင်သမျှ ရုပ်ဟူ၍ ရှုပါ

-ကြားကြားသမျှ ရုပ်ဟူ၍ ရှုပါ

-နံနံသမျှ ရုပ်ဟူ၍ ရှုပါ

-စားစားသမျှ အစားတွေကို ရုပ်ဟူ၍ ရှုပါ

-ချိုချဉ်စပ်ငန်ခါး အဖန်အရသာတွေကို ရုပ်ဟူ၍ ရှုပါ

-ထိထိသမျှလည်း ရုပ်ဟူ၍ ရှုပါ

-ပူလည်း ရုပ်ဟူ၍ ရှုပါ

-အေးလည်း ရုပ်ဟူ၍ ရှုပါ

-သိသိသမျှကို ရုပ်ဟူ၍ ရှုပါ

-ကိုယ်ပေါ်မှာဖြစ်သမျှ နာမည်တပ်ချင်သလို တပ်ပြီး ရုပ်ဟူ၍ ရှုပါ

-စိတ်နှင့်စပ်ပြီး စိတ်ထဲမှာဖြစ်သမျှ နာမည်တပ်ချင် သလိုတပ်ပြီး နာမ်ဟူ၍ ရှုပါ

ထိုကဲ့သို့ အားထုတ်ခဲ့လျှင်-

၁။ ပထမအရွယ်မှာ အားထုတ်လျှင် ပထမအရွယ်မှာ ရနိုင်ပါသည်

၂။ ဒုတိယအရွယ်မှာ အားထုတ်လျှင် ဒုတိယအရွယ်မှာ ရနိုင်ပါသည်

၃။ တတိယအရွယ်မှာ အားထုတ်လျှင် တတိယအရွယ်မှာရနိုင်ပါသည်

၄။ အရွယ်သုံးပါးလုံးမှာ ဖျားနာနေစဉ် အားထုတ်လျှင် ဖျားနာနေစဉ် ရနိုင်ပါသည်

၅။ သေကာနီးဆဲဆဲ အားထုတ်လျှင် သေကာနီးဆဲဆဲ ရနိုင်ပါသည်

၆။ နတ်ပြည်ရောက်ရောက်ချင်း မရရင် နတ်ပြည်သို့ တန်ခိုးကြီးသော ရဟန်းတက်ပြီး တရားဟောသောအခါ ရနိုင်ပါသည်

၇။ ထိုအခါမှာ မရသေးရင် ဓမ္မမိတ်ဆွေနတ်သား, နတ်သမီးအချင်းချင်း သတိပေးသောအခါ ရနိုင်ပါသည်

၈။ ထိုအခါမှာ မရသေးရင် ဓမ္မကထိကတရားပွဲမှာ ရနိုင်ပါသည်

၉။ ထိုဘဝမှမရသေးလျှင် နတ်ဘဝကနေ စုတေပြီးသာသနာမကွယ်သေးက တစ်ဘဝမှာရနိုင်ပါသည်

၁၀။ ဤမှာဘက် သာသနာကုန်သွားပြီး၊ ဟိုမှာဘက်သာသနာမရောက်သေးခင်စပ်ကြားဖြစ်ပါက၊ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါသည်

၁၁။ ထိုကဲ့သို့မှ မရသေးလျှင် နောင်ပွင့်လတ္တံ့ဖြစ်သောဘုရားရှင်၏လက်ထက်တော်အခါမှာ ပထမဦးစွာဘုရားဖူးရ, တရားနာရပြီး နာကြားစဉ်မှာပင် တရားထူး ရရှိနိုင်ပါသည်။

ဤသည်မှာ တရားအားထုတ်သူတို့ ရရှိအပ်သောအကျိုးများဖြစ်ကြပါသည်။

ထို့ကြောင့် မိမိတို့သည် ယခုကဲ့သို့ သာသနာတော်နှင့်ကြုံကြိုက်ခိုက် တရားတော်များကလည်း နည်းလမ်းပြပေးနေခိုက် မိမိဘဝကို အချည်းအနှီးမကုန်စေဘဲ အချိန်ရခိုက် သတိ

ရောက်၊ ဝိဇ္ဇာဉာဏ်ရပြီး တရားကိုကြိုးစားအားထုတ်ရမည် သာ ဖြစ်ပါသည်။

သိအောင်သင်
သင်မှတတ်
တတ်မှကျင့်
ကျင့်မှရ



## မဂ်လေးပါးရ ဂုဏ်ကျေးဇူးများ

### သောတာပတ္တိမဂ်ကျေးဇူး

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဆိုသည်ကား ဖြစ်ခြင်းတရားတို့၏ ပျက်စီးချုပ်ပျောက်ပုံကို သိသဖြင့်-သန္တိသုခ ခေါ် နိဗ္ဗာနဓာတ်ကြီးကို ပထမဆုံးအကြိမ် အာရုံပြုနိုင်ခြင်းကို ဆိုလိုပါသည်။

နိဗ္ဗာန်၏ရေစီးကြောင်းထဲသို့ စတင်ရောက်လာသော ပုဂ္ဂိုလ်ကိုလည်း 'သောတာပန်'ပုဂ္ဂိုလ်ဟူ၍ ခေါ်ပါသည်။

ထိုသောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်တရားနှင့်တစ်ဆက်တည်းပင် သောတာပတ္တိဖိုလ်ဉာဏ်ကိုလည်း ရရှိခြင်းကြောင့် ယင်းသောတာပတ္တိဖလသမာပတ်ဝင်စားသော

အခါ စကြာဝတေးမန္တတ်မင်း၏ စည်းစိမ်ထက်သာလွန်သော စည်းစိမ်မျိုးကို ခံစားနိုင်သည်။

ထိုခံစားမှုစည်းစိမ်သည် ဝေဒနာခံစားမှုမျိုးမဟုတ် နိဗ္ဗာန်ကိုအာရုံပြုသော ဖိုလ်ဉာဏ်နှင့်ယှဉ်သော စိတ်က နိဗ္ဗာန်၏အေးငြိမ်းသောဓာတ်ကို တွေ့ထိခံစားနေခြင်း ဖြစ်ပါသည်။

မဂ်ဖြင့်ပယ်သတ်ပြီး ကိလေသာတို့ကို အငွေ့မျှမကျန်အောင် ဖိုလ်တရားက တစ်ဖန်ထပ်၍ ငြိမ်းအေးစေပါသည်။

သောတာပန်ရေအယာဉ်သို့ဝင်သောပုဂ္ဂိုလ်သည်-

-ရတနာသုံးပါး၌ မတုန်မလှုပ်သက်ဝင်ကြည်ညိုသည်

-မဂ်ရသောအခိုက်မှစတင်၍ အရိယာတို့၏ သီလဖြစ်သော ငါးပါးသီလကို နောင်ဘဝတိုင်း၌ စွဲမြဲသည်

-နောင်တွင် ခုနစ်ဘဝသာလျှင် သုဂတိဘုံတို့၌ ဘဝသစ်ဖြစ်ပြီးနောက် အရဟတ္တဖိုလ်ကိုရနိုင်ခြင်း

-ဖြစ်လေရာ ခုနစ်ဘဝတို့၌ သရဏဂုံတည်ပြီးသူ ဖြစ်သည့်အားလျော်စွာ သာသနာ့ပြင်ပ၌ မရောက်ရှိနိုင်ခြင်း

-အပါယ်သို့ကျရောက်စေတတ်သော ကိလေသာများဖြစ်သည့် ဒိဋ္ဌိသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်နှင့် သီလဗ္ဗတ ပရာမာသသံယောဇဉ်တို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်း

-အပါယ်သို့ကျရောက်စေတတ်သော လောဘ,ဒေါသ မောဟတရားများနှင့်တကွ ယင်းမှ ပေါက်ဖွားလာသောအကုသိုလ်တို့ကို ပယ်နိုင်ခြင်း

-အတိတ်ဘဝက အကုသိုလ်အပေါင်းငြိမ်းသည်သာမက အနာဂါတ်ဘဝများတွင် အကုသိုလ်ကံများ မပေါ်ပေါက်နိုင်ခြင်း

-အကုသိုလ်ကင်းသဖြင့် အပါယ်တံခါးပိတ်စေခြင်း

-ဘုရားရှင်၏ ရင်နှစ်သည်းချာဟုဆိုရသော အရိယာ (၈)သီးပွင်ပါဝင်ခြင်း

စသည်ဖြင့် ပုထုဇဉ်များအဖို့ အလွန်အားကျဝမ်းမြောက်ဖွယ် ရာဂုဏ်များနှင့် ပြည့်စုံရလေတော့သည်။

မိမိသန္တာန်၌ မဂ်ဉာဏ်,ဖိုလ်ဉာဏ်များ ဖြစ်ပေါ်၍ နိဗ္ဗာန်ကိုသိမြင်လိုက်ရသောအခါ အရိယာပုဂ္ဂိုလ်တို့သည် မဂ်, ဖိုလ်အဆင့်ဆင့်မှာပင် မိမိ၏နာမ်တရားကို ပြန်လည်ဆင်ခြင်မြဲဖြစ်သည်။

ထိုသို့ဆင်ခြင်၍ မိမိသန္တာန်၌ ပယ်လိုက်ပြီးသော ကိလေသာများကား အဘယ်မျှနည်း စသည်ဖြင့် မိမိဘာသာ သိရှိနိုင်သည်။

ဤသို့ဆင်ခြင်၍ သိမြင်သောဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ်မည်ပါသည်။

သောတာပတ္တိမဂ်ဖြင့် ပယ်ပြီးသော ကိလေသာများကား ဒိဋ္ဌိနုသယကိလေသာနှင့် ဝိစိကိစ္ဆာနုသယကိလေသာ တို့ဖြစ်သည်။

အပါယ်သို့ကျစေတတ်သော-

-ကာမရာဂသံယောဇဉ် (တဏှာ)

-ဗျာပါဒသံယောဇဉ် (ဒေါသ)

-သက္ကာယဒိဋ္ဌိသံယောဇဉ်

-ဝိစိကိစ္ဆာသံယောဇဉ်

-သီလဗ္ဗတပရာမာသသံယောဇဉ်

ဟူသော သံယောဇဉ်ငါးပါးမှ လုံးဝကျွတ်လွတ်တော့သည်။

**သကဒါဂါမိ မဂ်ဉာဏ်၏ကျေးဇူး**

သောတာပတ္တိမဂ်ဖိုလ်ရပြီးနောက် သကဒါဂါမိမဂ်-ဖိုလ်တို့ကို ရနိုင်ရန် သင်္ခါရတရားတစ်ပါးပါး၌ အနိစ္စ,ဒုက္ခ, အနတ္တလက္ခဏာရေးသုံးပါးကို အဖန်တလဲလဲ သုံးသပ်ခြင်းကို ပြုရပါသည်။

ထို့နောက် အသစ်တစ်ဖန် နိဗ္ဗာန်ကိုအာရုံပြု၍ သကဒါဂါမ်မဂ်ဉာဏ်နှင့်ဖိုလ်ဉာဏ်တို့ကို ရပါသည်။

သကဒါဂါမိမဂ်သည် ကိလေသာတစ်စုံတစ်ရာကိုမျှ အကြွင်းမဲ့မ ပယ်ရှားနိုင်ပါ၊ ရုန့်ရင်းကြမ်းတမ်းသော-

-ကာမရာဂါနုသယ

-ပဋိဃာနုသယ ဟူသော အနုသယကိလေသာ(၂)ပါး

-ကာမရာဂ သံယောဇဉ်

-ပဋိဃသံယောဇဉ် ဟူသော သံယောဇဉ်(၂)ပါး

ရုန့်ရင်းကြမ်းတမ်းသော အကုသိုလ်လေးပါးတို့ကိုသာ ခေါင်းပါးအောင်ပြုနိုင်ပါသည်။

လူ့ပြည်၌ ဤမဂ်ကိုရပြီးနောက် သေသောအခါမှာ မာဝစရနတ်ပြည်၌ဖြစ်ရသည်။

ထိုနတ်ပြည်မှ သေ၍ ဤလူ့ပြည်၌ တစ်ကြိမ်ပဋိသန္ဓေနေပြီးလျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုခြင်းကြောင့် ထိုပုဂ္ဂိုလ်ကိုသကဒါဂါမိပုဂ္ဂိုလ်ဟုခေါ်ပါသည်။

(သကိံ =တစ်ကြိမ်-အာဂါမိ=လာတတ်သူ)

**အနာဂါမိမဂ်ဉာဏ်ကျေးဇူး**

သကဒါဂါမိမဂ်ဖိုလ်ကို ရပြီး၍ အနာဂါမိမဂ်-ဖိုလ် ရနိုင်ရန် သင်္ခါရတရားတစ်ပါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍အဖန်ဖန်သုံးသပ်၍ ဉာဏ်ရင်းလာလျှင် အနာဂါမိမဂ်-ဖိုလ်သို့ ဆိုက်ရောက်ပါသည်။

ထိုအခါ ကာမရာဂနှင့်ဗျာပါဒကို အကြွင်းမဲ့ပယ်ရှားတော့သည်။

ဤဘဝ၌ အရဟတ္တဖိုလ်ကို မရလျှင် ဗြဟ္မာ့ဘုံသို့ ရောက်ရလေသည်။

ကာမဘုံသို့ပြန်လည်ခြင်း၊လာခြင်းစသော မရှိသည်၏ အဖြစ်ကြောင့် အနာဂါမိပုဂ္ဂိုလ်ဟုခေါ်ပါသည်။

(အန+အာဂါမိ=နောက်တစ်ကြိမ်မလာတော့သောသူ)

**အရဟတ္တမဂ်ဉာဏ်ကျေးဇူး**

အနာဂါမိမဂ်-ဖိုလ်ကိုရပြီးနောက် အရဟတ္တမဂ်-ဖိုလ်သို့ရနိုင်ရန် သင်္ခါရတရားတစ်ပါးပါးကို အနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍အဖန်ဖန်သုံးသပ်ဆင်ခြင်သော် တစ်ကိုယ်တည်းမှာပင်ဖြစ်စေ၊နောက်တစ်ချိန်ချိန်မှာ ဖြစ်စေ အရဟတ္တမဂ်-ဖိုလ်များကို ရနိုင်ပါသည်။

အရဟတ္တမဂ်ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း

ဘဝရာဂ=ဘဝကိုတပ်မက်သော တဏှာ

မောဟ =လက္ခဏာသုံးပါးကို မသိခြင်း

မာန =ထောင်လွှားတက်ကြွခြင်းသဘောရှိနေခြင်း

ထိန =စိတ်ရောကိုယ်ပါ သွက်လက်မှုမရှိ ကိစ္စတိုင်း ထိုင်းမှိုင်းမှိုင်းဖြစ်ခြင်း

ဥဒ္ဓစ္စ =ဟိုအာရုံရောက်,ဒီအာရုံရောက် စိတ်မတည် ငြိမ်ပျံ့လွင့်ခြင်း

အဟိရိက=မကောင်းမှုဒုစရိုက်ပြုရန် မရှက်ခြင်း

အနောတ္တပ္ပ=မကောင်းမှုဒုစရိုက်ပြုရန် မကြောက်ခြင်း

ဟူသော ကိလေသာ(၇)ပါးတို့ အကြွင်းမဲ့ချုပ်ပျောက်ပါသည်။

ဘဝသံယောဇဉ်ကုန်ခန်းပြီးဖြစ်သဖြင့် လွတ်မြောက်သူ ဟူ၍ခေါ်ရပါသည်။

နတ်လူတို့ထက် မြင့်မြတ်ပြီး မြတ်သောအလှူကိုခံယူ တော်မူထိုက်သော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ရပါတော့သည်။



## တတိယအရွယ် ချမ်းသာကြွယ်ဝကြသူများ

### (က) ကျွန်တော့်ဘဝ လမ်းမှန်ရခဲ့သည်မှာ

ကျွန်တော်၏ဘဝသည် ကျောင်းမှဘွဲ့ရပြီးကတည်းက ကျောင်းဆရာလုပ်ငန်းခွင်သို့ဝင်လာခဲ့ရာ ဘဝသည် ကျောင်းလုပ်ငန်း၊ စာသင်ကြားရေးလုပ်ငန်းတို့ဖြင့်သာ ဘဝကိုမြှုပ်နှံထားခဲ့ရပါသည်။

ထိုမှတစ်ဆင့် အိမ်ထောင်ရက်သားကျလာသောအခါ အိမ်ထောင့်တာဝန်၊ရပ်ကွက်လူမှုရေးတာဝန်များပါ ဘဝမှာ တာဝန်ဝတ္တရားတွေထပ်မံတိုးလာပြန်၍ ထိုဘဝမှာပင် သံသရာရဟတ်မပြတ်လည်နေရပါသည်။

ထိုမှတစ်ဆင့် သားရတနာ,သမီးရတနာတွေအသီးသီး ပေါ်ပေါက်လာသောအခါ ထိုသားသမီးတို့၏ စားဝတ်နေရေး၊

ပညာရေးတာဝန်များပါ ထပ်မံတိုးလာပြန်၍ ဘဝ၏ရုန်းကန် လှုပ်ရှားမှုများသည် ပိုမို၍ပင် ကြိုးစားလုပ်ကိုင်ရပြန်ပါသည်။

မိမိမိသားစု၏ဘဝတိုးတက်ရေး၊မိမိဘဝ၏တိုးတက် ရေးနှင့် ရပ်ရေးရွာရေးတာဝန်ဝတ္တရားများကို မနားမနေကြိုး စားလုပ်ကိုင်ရင်းပင် မိမိဘဝ၏ ဒုတိယအရွယ်အချိန်များသည် ကုန်မှန်းမသိကုန်လာခဲ့ပါသည်။

မိမိ၏ဘဝသည်လည်း အလယ်တန်းကျောင်းအုပ်အ ဖြစ်သာ တိုးတက်ခဲ့ပါသည်။ ထိုဘဝနှင့်ပင် မိမိသည်တတိယ အရွယ်ရောက်လာပြီး အငြိမ်းစားယူသောဘဝကို ခံယူရပေ တော့သည်။

အနည်းငယ်တော့ တော်ပါသေးသည်၊ မိမိသည် အငြိမ်းစားယူရတော့မည့်အချိန်ကာလတွင် သားသမီးလေး တွေက ဆယ်တန်းအောင်မြင်ပြီးဖြစ်ကြပြီး မိမိတို့၏ဘဝကို တစ်ဖက်က မိဘကိုစားဝတ်နေရေး အကူအညီပေးရင်း တစ် ဖက်က ပညာဆက်လက်ရှာနေကြ၍ ထိုသားရေးသမီးရေး အတွက်စိတ်အေးရသော သဘောတော့ရှိတန်သလောက် ရှိနေပါသည်။

သို့သော် မိမိဘဝလုပ်ငန်းတာဝန်မှ ခွဲခွာရတော့မည် ဆိုတော့ သံယောဇဉ်အမျှင်တန်းက မပြတ်နိုင်၊ ကျောင်းနှင့် ကလေးတွေကို ခွဲခွာရမည်ကို ဝန်လေးနေသလို ဝမ်းနည်း ပူဆွေးမှုလည်း ခံနေရပါသည်။

တစ်ဖန် အငြိမ်းစားယူပြီးနောက် မိမိသည်ဘာတွေကို ဆက်လုပ်ရမည်နည်း၊ ဤသောကကလည်း တစ်ဖက်က မိမိ ကို လွှမ်းမိုးနှိပ်စက်ခံနေရပါသည်။

မိမိဘဝသည် အသက်(၆၀)ပြည့်၍သာ အငြိမ်းစားယူ ရမည်၊ ကျန်းမာရေးက ကောင်းဆဲပင်၊ မျက်စိအာရုံ၊ အကြား အာရုံတို့က တောက်ပဆဲ၊ ခန္ဓာကိုယ်ကြီးကလည်း လှုပ်ရှား၍ ကောင်းနေဆဲပင် ဤအကောင်းရုပ်နာမ်ရှိသော မိမိဘဝသည် အလုပ်မရှိ၊ အကိုင်မရှိဘဝဖြင့် သက်တမ်းတစ်ခုကို ကုန်ဆုံး အောင် ဖြတ်သန်းရမည်ကို ဘယ်လိုဖြတ်သန်းရမည်လဲဟု စဉ်း စားလာရပါသည်။

ဤသို့စဉ်းစားတွေးခေါ်ရင်းပင် ပင်စင်ကျလာပါသည်။ လူအများက ဆိုကြပါသည်။ ပင်စင်ယူပြီးရင် အေးအေးဆေး ဆေးနားမည်ဟု ဆိုကြပါသည်။

တကယ်အငြိမ်းစားယူသောအခါ အလုပ်မရှိ၊အကိုင်မရှိယောင်တိယောင်ချာဘဝဖြင့် နေမရ, ထိုင်မရခံစားသွားရသော မိမိရှေ့ကအငြိမ်းစားယူသွားကြသော နောင်တော်များ၏ဘဝများကို ကိုယ်တွေ့ကြုံထားရ၍ အေးအေးဆေးဆေး နေမည်ဟူသော စကားသည် စကားအဆိုသာ ရှိပါသည်။ တကယ်ကျတော့ မနေနိုင်ပါ၊ မနေတတ်ကြပါ။

အလုပ်မသွားရသည်ကိုပင် ဝမ်းနည်းကြေကွဲခံစားနေရပါသည်။လက်ရှိအလုပ်အကိုင်,တာဝန်အာဏာကလည်း မရှိတော့ ကိုယ့်ကိုယ်ကိုလည်း သိမ်ငယ်သလို ခံစားနေရတတ်ပါသည်။

ဤသို့ဖြင့် ကျွန်တော့်ဘဝသည် အငြိမ်းစားယူခဲ့ရပါသည်။အငြိမ်းစားယူခါစကတော့ ခေါင်းပေါ်က တာဝန်အထုပ်ကြီးကျသွားပြီဟုဆိုကာ ဝန်ထုပ်ပေါ့သွားသလို ခံစားရပါသည်။

နောက်တော့ သားသမီးတွေကလည်း ဆိုင်ရာအလုပ်တာဝန်သွား၊ ကိုယ့်မှာက အလုပ်မရှိ အိမ်မှာတစ်ယောက်တည်း ကြောင်တိကြောင်တောင်နေရသည်မှာ ပျင်းရိဖွယ်, ငြီးငွေ့ဖွယ်ကောင်းလှပါသည်။

အပေါင်းအသင်းများနှင့်စကားဝိုင်းထိုင်ခြင်း၊ လက်ဖက် ရည်ဆိုင်ထိုင်၍ စကားပြောခြင်းတို့ကိုလည်း တဒင်္ဂခဏသာ မေ့ပျောက်သက်သာသလိုရှိနေပါသည်။ ထိုနည်းက ရေရှည် စိတ်သက်သာစေသောနည်း မဟုတ်ပါချေ။

ဤသို့ဖြင့် မိမိဘဝသည် တီဗွီလေးကြည့်လိုက် စာလေး ဖတ်လိုက်၊ အပေါင်းအသင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင် လိုက်ဖြင့် အငြိမ်းစားရောဂါကို ကုသနေရပါသည်။

ဤသို့နေလာခဲ့ရင်း အချိန်နှင့်ဒီရေသည် လူကိုမစောင့် သကဲ့သို့ အချိန်သည် တရွေ့ရွေ့ကုန်ခဲ့သလို ကျွန်တော်၏ ခန္ဓာကိုယ်ကလည်း တဖြည်းဖြည်း ယိုယွင်းလာခဲ့ပါသည်။

ထိုသည်ကို မူလက ဂရုမထားမိသော်လည်း ယခုမူ ခန္ဓာက ဖေါက်ပြန်လာချေပါပြီ၊ ခန္ဓာကိုယ်အတွင်းဝယ် အမော ရောဂါဖြစ်လာသည်။ ထ,လိုက်ရင် မောသည်။ လမ်းလျှောက် ရင်လည်း မောလာသည်။ တဖြည်းဖြည်း ချောင်းကပါဆိုးလာ ပါသည်။

ဆရာဝန်ထံပြ၍ ဆေးစစ်ရပါသည်။ ဆရာဝန်က ဆီး စစ်၊ သွေးစစ်၊ ဓာတ်မှန်စစ်သည်၊ အဖြေက နှလုံးရောဂါဖြစ်စ ပြုလာပြီးဟုဆိုပါသည်။

တစ်နေ့တွင် ကျွန်တော်သည် နှလုံးရောဂါကုဆရာဝန် အိမ်သို့ရောက်သွားပါသည်။ ထိုဆရာဝန်၏ အိမ်ရှေ့တွင် မိုးကုတ်ဝိပဿနာစခန်းကျောင်းက ရှိနေပါသည်။

ဆရာဝန်ကြီးက ကျွန်တော့်ရောဂါအခြေအနေကို ဆေးစစ်ပေး၊ ဆေးစစ်ပြီးရင် အလ္လာပ,သလ္လာပစကား ပြောပါသည်။

ကျွန်တော်၏မူလအလုပ်အကိုင်,ဌာနနှင့်ယခုလုပ်နေသောဘဝအခြေအနေကို မေး၍ကျွန်တော်က ပြောပြီးဖြေကြရပါသည်။

ဆရာဝန်ကြီးနှင့်ကျွန်တော် အကြောင်းစုံမေးဖြေပြုပြီးနောက် ဆရာဝန်ကြီးက-

"ကျွန်တော်က ခန္ဓာကိုယ်သက်သာရုံသာ ကုနိုင်တာဗျာ,ဒီခန္ဓာကိုယ် ဆင်းရဲတကယ်ပျောက်အောင် ကုနိုင်တာက ဟောဒီ ကျွန်တော်အိမ်ရှေ့က မိုးကုတ်ဝိပဿနာကျောင်းက ဆရာတော်ကမှ ကုသနိုင်တာဗျ၊ ကျွန်တော်က မသေတာကို မကုနိုင်ဘူး၊ ဆက်လက်မသေဖို့ ကုနိုင်တာက အဲဒီဆရာတော်ဗျ၊ အဲဒီဆရာတော်ထံလည်း သွားပြီးကုဦးဗျာ"

ဟု ဆရာဝန်ကြီးက လမ်းညွှန်ပြောပြပါသည်။

ထိုအခါကျမှ ကျွန်တော်ကိုယ့်ကျွန်တော် သတိထား သတိရမိလိုက်ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် မိုးကုတ်ဆရာတော်ကြီး၏ ဝိပဿနာကျင့်စဉ်ပြရာ ကမ္ဘာအေး ရေကူးလမ်း သံဃာတက္ကသိုလ်အတွင်းရှိ မိုးကုတ်စခန်းသို့ဝင်ပြီး မိုးကုတ်ဆရာတော်၏ ဝိပဿနာတရားကို ကြားနာမိပါသည်။

အိမ်မှာလည်း မိုးကုတ်တရားခွေများကို နားထောင်ပြီး ဝိပဿနာတရားကျင့်စဉ်အလုပ်ကို စတင်လုပ်မိပါတော့သည်။

ပထမတော့ ဆရာတော်၏လမ်းညွှန်ချက်အရ အာနာပါနထွက်သက်,ဝင်သက်ကို မှတ်ရှုရပါသည်။ ရောဂါဝေဒနာပေါ်လာသောအခါ ဝေဒနာကိုမှတ်ရပါသည်။ ဝေဒနာမရှိသောအခါ စိတ်ကိုမှတ်ရပါသည်။ စိတ်ပျံ့လွင့်သောအခါ အာနာပါန ပြန်မှတ်ရပါသည်။

ပထမ တရားထိုင်စဉ်ကတော့ ဝေဒနာခံစားရ၍ အလွန်ခံစားရခက်လှပါသည်။ နောင်အရှိန်ရလာသောအခါ

တရားထိုင်ရမှုအရသာ၊ အေးငြိမ်မှုအရသာကို ခံစားလာမိပါတော့သည်။

တရားထိုင်၍ (၃)လမျှကြာသောအခါ ရောဂါဝေဒနာကို ဆရာဝန်ထံပြန်ပြရပါသည်။

ဆရာဝန်ကြီးက ရောဂါမရှိတော့ဘူး ခင်ဗျားရောဂါကို ဘုရားဆေးက ကုပေးလိုက်ပြီးပြောသည်။

ကျွန်တော်အလွန်ဝမ်းမြောက်ဝမ်းသာ ခံစားရပါသည်။ ကျွန်တော်သည် သတိပဋ္ဌာန်တရားကို ဆက်လက်အားထုတ်ခဲ့ရာ ယနေ့ကျွန်တော့်ဘဝသည် တရားအရသာဖြင့် ငြိမ်းချမ်းသာယာလှပါသည်။

မိုးကုတ်ဆရာတော်က ‘ငါသေရင် ငါ့အတွက်ဆွမ်းမသွတ်နဲ့လို့ မှာရဲကြရဲ့လား’ဟုမိန့်ကြားခဲ့သည်။ ကျွန်တော်တို့ ထိုသို့မှာကြားနိုင်အောင် ကြိုးစားရပါမည်။

ခန္ဓာရသမျှ ဒုက္ခဆင်းရဲအတိ ဖြစ်ပါသည်။ နတ်ပြည်ရောက်လည်း နတ်ခန္ဓာရမည်၊ ဗြဟ္မာပြည်ရောက်လည်း ဗြဟ္မာခန္ဓာရမည်၊ ခန္ဓာရှိနေသမျှ ခန္ဓာပျက်စီးခြင်းဆိုသော

သေခြင်းတရားကရှိနေမည်၊ (၃၁)ဘုံတွင် ဤအသေတရားက ရှိနေ၍ ဒုက္ခသစ္စာတရားက လွတ်မည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်တော်သည် ခန္ဓာရသော(၃၁)ဘုံလွတ်မြောက်အောင် ဝိပဿနာကျင့်စဉ်ကို မြင့်သထက်မြင့်အောင် ကျင့်ကြံပြီး သေခြင်းကင်းရာ အမတသုခမြတ်နိဗ္ဗာန်သို့ ရည်မှန်းချက်ဘဝတစ်ခု နိဂုံးမှုပြုရန် ကြိုးစားလျက်ရှိနေပါတော့သည်။

## (၁) အာဏာမာန ခဝါချခံရသောအခါ

ကျွန်တော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင်လာရောက် ပညာသင်ကြားနေကြသော တရုတ်ရဟန်းတော်လေးပါး၊ လာအိုရဟန်း(၅)ပါးတို့ကို ကျောင်းပိတ်ရက်အတွင်း ချမ်းမြေ့ရိပ်သာ၌ တရားအားထုတ်နိုင်ရန် ချမ်းမြေ့ရိပ်သာဆရာတော်ထံသို့ သွားရောက်လျှောက်ထားခဲ့ရပါသည်။

ဆရာတော်က နိုင်ငံခြားသားများဖြစ်၍ ရန်ကုန်မှာ အားမထုတ်စေဘဲ၊ မော်ဘီရှိ မိမိ၏ချမ်းမြေ့ရိပ်သာကမ္မဋ္ဌာန်းတိုက်သို့သွားရောက်အားထုတ်စေရန် လမ်းညွှန်မှုပြုခဲ့ပါသည်၊

ကျွန်တော်လည်း ဆရာတော်ညွှန်ကြားသည်တို့ကို ဌာနဆိုင်ရာအကြီးအကဲများထံ တင်ပြပြီး ခွင့်ပြုချက်ရသော အခါ ထိုရဟန်းတော်များကို မှော်ဘီမြို့ရှိ ချမ်းမြေ့ရိပ်သာသို့ ပို့ဆောင်ပေးရပါသည်။

အလွန်ကျယ်ဝန်းပြီး အေးချမ်းတိတ်ဆိတ်လှသော ချမ်းမြေ့ရိပ်သာဝန်းထဲဝယ် တရားထိုင်ကျောင်းငယ်, ဇရပ်ငယ် အသီးသီး၌ သမာဓိခိုင်မြဲစွာနှင့် တရားအားထုတ်နေကြသော ယောဂီများကိုတွေ့ရသောအခါ စိတ်ထဲဝယ် ခတ်လှိုင်းကူး စက်ခံရကာ မိမိပင် အလွန်ငြိမ်းအေးသွားမိပါသည်။

ဆွမ်းကပ်ချိန်ရောက်ခါနီးဝယ် ယောဂီများတရားအား ထုတ်မှုရပ်နားပြီး ဆွမ်းစားရန်ပြင်ဆင်ကြသည်၊ ဆွမ်းပြင်သော အဖွဲ့က ဆွမ်းပြင်ကြသည်။

သံဃာတော်များနှင့်ယောဂီများ ဆွမ်းစားပြီးသော အခါ ကျွန်တော်တို့အဖွဲ့ကို ဝေယျာဝစ္စအဖွဲ့က ဖိတ်ခေါ်၍ သက်သတ်လွတ်ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါသည်။

ထမင်းစားရင်းပင် အချင်းချင်းမိတ်ဖွဲ့ရပါသည်။ဝေယျာ ဝစ္စအဖွဲ့ကို ကျွန်တော်နှင့်အတူပါလာသော ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့ဟန်ကြည်က-

"ဒီဆရာကြီးက ကျွန်မတို့ရွာနက လက်ထောက်ညွှန်ကြားရေးမှူး ပြီးတော့ စာရေးဆရာတက္ကသိုလ်သျှင်သိရိ ဆိုတဲ့ စာရေးဆရာကြီးပါ"

ဟု မိတ်ဆက်ပေးသည်။

ထိုအခါ ဝေယျာဝစ္စအဖွဲ့ထဲမှ ပုဂ္ဂိုလ်တစ်ဦးက-

"ဩော်. . . ဆရာကြီးက တက္ကသိုလ်သျှင်သိရိကိုး. . ၊ ကျွန်တော်ကဘုန်းကြီးလို့ထင်နေတာ၊ ဆရာကြီးကိုတွေ့ရတာဝမ်းသာလိုက်တာ၊ ကျွန်တော်က ဆရာကြီးရဲ့ 'သေရွာပြန်စာအုပ်၊ စင်ကြယ်မှုလျှောကားခုနစ်သွယ်စာအုပ်' နှင့် ဒီဘဝရောက်လာသူပါ၊ ဆရာကြီးက ကျွန်တော်ရဲ့ ကြားဆရာတစ်ဦးပါပဲ ခင်ဗျား၊ ဆရာကြီးကို ကန်တော့ပါရစေ"

ဟုဆိုကာကန်တော့ပါသည်။

ထို့နောက် သူနှင့်ကျွန်တော်သည် သူ့ဘဝ,ကိုယ့်ဘဝ မိတ်ဆက်ပြောကြရင်း သူ့ဘဝဤအရွယ်တွင် ဤရွာနသို့ ရောက်ခဲ့ရပုံအကြောင်းစုံကို ပြောပြပါသည်

"ကျွန်တော်ရဲ့အမည်မှန်, ဇာတိမှန်, နေရာမှန်ကိုတော့ မပြောပါရစေနဲ့ ဆရာကြီး၊ ကျွန်တော်နှင့် ပတ်သက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေက ယခုထက်ထိ သက်ရှိထင်ရှားရှိနေကြတော့

မည်သူ့ကိုမျှ အနာပေါင်းကို ပြန်မဆွစေချင်ပါဘူး၊ ကျွန်တော်ဟာ မာန်မာနတွေထောင်ပြီး လူမထင်၊သူမထင်လုပ်ခဲ့တာတွေကို သံဝေဂယူပြီး တရားရစေချင်လို့ ကျွန်တော့်ဘဝကို ဖွင့်ဟဝန်ခံချင်တာပါ ဆရာကြီး”

ဟု နိဒါန်းခံကာ သူ့ဘဝကို ရင်ဖွင့်ပြပါသည်။

ကျွန်တော်သည် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်ကလေးတစ်ခုက သာမန်လက်လုပ်လက်စား မိဘတစ်ဦးက မွေးဖွားခဲ့သူပါ၊ ကျွန်တော်ဟာ ငယ်ငယ်ကတည်းက ပညာကို ကြိုးစားသင်ယူခဲ့ပါသည်၊ တစ်နှစ်တစ်တန်းလည်း မှန်မှန်အောင်ခဲ့ပါသည်။

ကျွန်တော် ဆယ်တန်းအောင်တော့ စစ်ထဲဝင်ခဲ့ပါသည်၊ စစ်ဗိုလ်ပေါက်စဘဝမှာ သူပုန်သူကန်ရန်သူများနှင့် အတော်ပင် အကြိတ်အနယ်တွေ တိုက်ခဲ့ရပါသည်။ တိုက်ပွဲပေါင်းများစွာနှင့်ကြုံတွေ့ခဲ့ရပါသည်။

စစ်ပွဲတိုက်ပွဲဝင်တိုင်း ဒီရန်သူတွေဟာ တိုင်းပြည်ရဲ့ရန်ငြောင့်ဆူးခလုတ်တွေ ဆိုပြီး ပြတ်ပြတ်သားသား ချေမှုန်းသုတ်သင်ခဲ့ပါသည်။ သတ်ဖြတ်ခဲ့ပါသည်။

တကယ်တော့ ဒီရန်သူဆိုတဲ့လူတွေဟာ ကိုယ်နှင့်ရန်ဘက်လည်း မဟုတ်ပါဘူး၊ ရန်သူလည်း မဖြစ်ဘူးပါဘူး၊ စီးပွားရေး, အချစ်ရေးမှာလည်း မလုခဲ့ကြပါဘူး၊ ကိုယ့်တိုင်းရင်းသားတွေပါ။ ဒါပေမဲ့ ထိုအချိန်က ထိုအမြင်မျိုး မရှိခဲ့ပါ၊ ရန်သူလိုပဲ မြင်ခဲ့ပါသည်။

ဒီလိုတိုက်ပွဲတွေ ရှပ်ရှပ်ချွံချွံတိုက်ခဲ့မှုတွေ,စွမ်းရည်သတ္တိတွေကြောင့် ရာထူးတွေကလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ပါသည်၊ ရာထူးတွေတက်လာတော့ ငါဟာ တယ်တော်တဲ့သူဘဲလို့ ကိုယ့်ကိုယ်ကို ဘဝင်မြင့်ချင်လာချင်တယ်၊ မာန်မာနက လက်မထောင်ချင်လာပါသည်။

ထိုမှတစ်ဆင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ရောက်လာတော့ ဒေသပါတီယူနစ်ကော်မတီအထိ တာဝန်ယူထမ်းဆောင်ခဲ့ရပါသည်၊နယ်မြေမှာ တန်ခိုးသြဇာအာဏာဆိုတာ ကိုယ့်လက်ထဲမှာ လက်ညှိုးညွှန်ရာရေဖြစ်နေတော့ ကိုယ့်ဘဝကိုယ်အဟုတ်ထင်ပြီး မာနတက်ခဲ့ရပါသည်။

တိုင်းပြည်အတွက် ငါစေတနာထားလုပ်သလို အားလုံးလည်းလုပ်ရမည် ဟူသောအထက်စီးမာန်ဖြင့် ဟောက်ခြင်း, ဆူခြင်း,ဆဲခြင်း,ထိုးခြင်း,နှက်ခြင်းကိုလည်း လုပ်ခဲ့ပါသည်။

ထိုသို့လုပ်သည့်အတွက် ကျွန်တော့်အပေါ် အတော်ပင်မကျေနပ်ဘူး၊မုန်းတီးသူများပေါ်ပါသည်၊ဒါပေမဲ့ ကျွန်တော်ကထိုသူများအပေါ် အလကားကောင်တွေဟု အထင်အမြင်သေးကာ အမြဲပင်ဆူဆဲ အပြစ်ဒါဏ်ပေးခဲ့ပါသည်။

ငါသည် အထက်လူကြီး၊ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူ၊ ငါပြောသမျှ ခိုင်းသမျှ နားထောင်ရမည်၊ လုပ်ရမည်ဟူသော အသိမာနကား ကျွန်တော့်အား ထာဝရလွှမ်းမိုးနေခဲ့ပါသည်။

ဤအရာများသည် မြဲသောတရားမဟုတ်၊ တစ်နေ့နေ့တစ်ချိန်ချိန်ကျလျှင် မမြဲသော သင်္ခါရသဘောတရားအရပြိုပျက်-ပျက်စီးသွားမည်ကို သတိမမူ ဂူမမြင်ခဲ့ပါ။

မိမိရဲ့အရင့်အရင်ကလူတွေ ဒီလိုအမြဲတရားနှင့်အာဏာရာထူးတွေကျသွားတာကို တွေ့ဖူးမြင်ဖူးမှုရှိသော်လည်း ထိုအရာများသည် မိမိရဲ့အာဏာရာထူး၊ အရှိန်အဝါ၊ ဂုဏ်အောက်တွင် မှေးမှိန်ပျောက်ကွယ်နေခဲ့ပါသည်။

ဤသို့ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဒေသပါတီရွေးချယ်ပွဲ သက်တမ်းနှစ်ခုတွင် ပြည်နယ်မှတိုင်းသို့ အသီးသီးပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

တာဝန်ထမ်းဆောင်ရသော တိုင်းနှင့်ပြည်နယ်နှစ်ခုလုံးတွင် ကျွန်တော်သည် အာဏာအရှိန်အဝါကို အလွန်အကျွံသုံးခဲ့သည့်အတွက် အလွန်လူမုန်းများခဲ့ရပါသည်။

သို့သော် ထိုအချိန်ကတော့ မိမိကိုယ်ကိုမှန်သည်ဟုထင်ခဲ့ပါသည်။ အားလုံးက မိမိကိုချစ်ကြောက်ရိုသေလှသည်ဟုထင်ခဲ့သည်။ မိမိ၏အုပ်ချုပ်ရေးလည်း ငြိမ်ဝပ်ပိပြားသည်ဟု ထင်ခဲ့သည်။ အောက်ခြေက မုန်း-ကြောက်-ဖြစ်နေသည်ကို သတိမပြုမိပါ။

ဤသို့ဖြင့် ၁၉၈၈-ခု၊ အရေးအခင်းပေါ် လာခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်တော့်တွင် အားထားရာ မှီခိုရာက မရှိတော့ပါ။ အာဏာအရှိန်အဝါကလည်း ကျသွားပါပြီ။

ကျွန်တော့်ကို သတ်လိုသူတွေက ဒုနဲ့ဒေး ဖြစ်လာပါသည်။ ကျွန်တော်သည် အသက်လု၍ လုံခြုံရာ ရန်ကုန်သို့ ပြေးခဲ့ရပြီး ပုန်းရှောင်နေရပါသည်။

လက်တွေ့, နဖူးတွေ့, ဒူးတွေ့, ပျက်စီးခြင်း, ကျရှုံးခြင်းတို့ကို တွေ့ရသောအခါ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ သံဝေဂရခြင်းတို့ကိုလည်း ခံစားလာမိပါသည်။

အသက်ကလည်း ရလာပြီ၊ အန္တရာယ်ကလည်းကြုံလာပြီး ကျွန်တော်ဘာလုပ်ရမည်နည်း။

လုံခြုံစိတ်ချရသောနေရာတွင် မထင်မရှားဘဝနှင့် နေပြီး အိမ်တွင်းပုန်းကာ စာအုပ်ဖတ်ရပါတော့သည်။ ဘဝ အစစ်အမှန် အားကိုးရာအမှန်ကို စဉ်းစားဆင်ခြင် လေ့လာ ရှာတွေ့ရပါသည်။

တရားသဘောဖြစ်ပျက်မှု, ဓမ္မတာကို ကိုယ်တိုင် ကိုယ်ကျခံစားလာရ၍ ဘဝတွင် သံဝေဂများစွာလည်းရပြီး မာန်မာနတွေလည်း ကျကုန်ရပါသည်။

၁၉၈၈ မှသည် ၁၉၉၂ -ခုနှစ်အထိ ဘဝကိုဇာတ်မြုပ်ပြီး စာဖတ်မှု၊ အမှန်တရားရှာမှုလုပ်ရပါသည်။ အမှတ်မထင်ဘဲ ဆရာကြီးတက္ကသိုလ်သျှင်သီရိရေးသားသော 'သေရွာပြန်စာ အုပ်'ကို ပထမဖတ်မိပါသည်။ မိမိလုပ်ခဲ့သောအလုပ်များသည် ကုသိုလ်နှင့်အကုသိုလ် ဘယ်ဟာကများခဲ့သလဲ စဉ်းစားတွေး ခေါ် သုံးသပ်မိခဲ့ပါသည်။

အမှတ်မထင်ပင် ဆရာကြီး၏ စင်ကြယ်မှုလှေကား ခုနစ်သွယ်နှင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားခွေများ ကိုဖတ်မိခြင်း၊ နားထောင်မိခြင်း ပြုမိပါသည်။

ထိုစာအုပ်နှင့်ထိုတရားကို နာကြားမိသောအခါ မိမိဘဝကိုမိမိ စက်ဆုပ်ရွံရှာလာမိပါသည်။

ငါသည်ဘာကောင်မှမဟုတ်ပါလား-မွေးဖွားခြင်းသည်သေခြင်းဆိုသော ပျက်စီးခြင်းသို့ သွားနေပါကလား၊

ဤဘဝပြုခဲ့သော ကုသိုလ်-အကုသိုလ်ကံများသည် ငါ့ဘဝကို ပြုပြင်ဖန်ဆင်းတော့မှာပါလား၊

ငါ့ဘဝစွဲလမ်းမှုတွေဟာ သံသရာတစ်လျှောက်(၃၁)ဘုံမှာ ရုပ်ခန္ဓာဖြစ်ပြီး ကျင်လည်ရဦးမှာပါလား၊

ငါ့ဘဝ,ငါလုပ်ခဲ့တာတွေဟာ တကယ်တော့ ဘာမျှအနှစ်သာရ မရှိပါကလား၊

ငါသည် ယခုအချိန်ရှိသေးသည်၊ ဤဆရာကြီးစာအုပ်ကလည်း ဆုံးမလမ်းညွှန်ထားသည်၊ မိုးကုတ်ဆရာတော်ကလည်း လမ်းညွှန်ထားသည်။

-ငါ့ဘဝ ငါဘာလုပ်ရမည်နည်း-

ဟူသောအမေးသည် ကျွန်တော့်ဘဝအား နေ့စဉ် စဉ်းစားစရာဖြစ်လာရပါသည်။

ဤသို့ဖြင့် ကျွန်တော့်ဘဝ တတိယအရွယ်သည် ဒုတိယအရွယ်ဆောင်ရွက်ခဲ့သော အကြောင်းပေါ် အကျိုးအပြစ်တွေဖြစ်ပြီး ဤချမ်းမြေ့ရိပ်သာစခန်းသို့ ရောက်ခဲ့ရပါသည်။

ရဟန္တာအရှင်အင်္ဂုလိမာလသည် တိုင်းကျော်ပြည်ကျော် လူသတ်သမားကြီးဖြစ်ခဲ့သော်လည်း ဘုရားရှင်နှင့်တွေ့၍ အကျွတ်တရားရခဲ့ပါသည်။

ကျွန်တော်သည်ကား အင်္ဂုလိမာလလောက် မရောက်ခဲ့သေးပါ၊ တိုင်းပြည်အတွက်သာ အများဆုံးလုပ်ခဲ့သူဖြစ်ပါ၍ မာန်မာနဖြင့်လုပ်ခဲ့၍သာ အမှားပါခဲ့ရပါသည်။ သူတစ်ထူး ပျက်စီးစေလိုသောစိတ်ကား မရှိခဲ့၍ အင်္ဂုလိမာလလောက် ရက်စက်သူတော့ မဖြစ်နိုင်ပါ။

သို့အတွက် ကိုယ်ဘဝကိုယ်ခံသာပါသေးသည်။ ဤသို့ဖြင့် ကျွန်တော်ဘဝကို ကျွန်တော်ဖြေသိမ့်၍ တရားဓမ္မအေးချမ်းမှုအရသာကို ခံစားနိုင်ရန်ကြိုးပမ်းခဲ့ရပါသည်။

ယခုအချိန်တွင် ကျွန်တော်ဘဝသည် ဒုတိယအရွယ်ကရှိခဲ့သော လောဘ, ဒေါသ, မာန, ဣဿ, မစ္ဆရိယများနည်းပါးပြီး အေးငြိမ်းသော ဘဝသုခချမ်းသာမှုကို ရှေ့ရှုလျက်ချမ်းမြေ့ရိပ်သာတွင် ဘဝကိုချုပ်ရန်စီမံလျက်ရှိပါတော့သည်။

## (ဂ) သံယောဇဉ်နှောင်ကြိုး လှောင်မျိုးငယ်လှောင်စံ

ဗုဒ္ဓဘာသာတရားတော်အရ လူ့ဘဝရခဲသည်လို့ဆိုပါသည်၊ ကျွန်မဘဝအနေနှင့်ကြည့်ရင်တော့ ရခဲတဲ့လူ့ဘဝကို ကံကောင်းထောက်မစွာရခဲ့ပါသည်။

ရခဲတဲ့လူ့ဘဝကို ရခဲ့ပေမယ့် အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ဒါန,သီလကံတွေက နည်းသေးတော့ ကျွန်မဘဝဟာ လူ့ဘဝရဲ့သာယာချမ်းမြေ့မှုကိုတော့ မခံစားခဲ့ရပါဘူး။

ကျွန်မဘဝရဲ့ ဒုတိယအရွယ်မှာစတင်၍ ကံဆိုးမှုတွေကို ခံစားရပါသည်၊ ပထမအရွယ်ကတည်းက ကျောင်းသွားအတူတူ, အတန်းတူ, စိတ်တူကိုယ်တူ ချစ်သူနှင့်ကွဲခဲ့ရပြီး မိဘကျေးဇူးကိုဆပ်သောအားဖြင့် မိဘအလိုကျ ပုဂ္ဂိုလ်ကို ကျွန်မလက်ထပ်ခဲ့ရပါသည်။

ဗုဒ္ဓကမ္မစကြာတရားတော်မှာ ချစ်သူနှင့်ကွေကွင်းရခြင်းသည် ဆင်းရဲဒုက္ခ၊ မချစ်မနှစ်သက်သူနှင့် ပေါင်းဖေါ်မှီဝဲနေရခြင်းသည် ဆင်းရဲဒုက္ခ လို့ဟောထားခဲ့သည်ကို ကျွန်မယခုမှ သိခဲ့ရပါသည်။

ကျွန်မဘာဝ ချစ်သူနှင့်ကွဲပြီး မိဘအလိုကျပုဂ္ဂိုလ်နှင့် ပေါင်းသင်းဆက်ဆံ လက်ထပ်ရသည့်ဆိုသောအခါ ကျွန်မခံစား နေရသော ဆင်းရဲဒုက္ခအတိုင်းအဆသကတော့ ပြောမပြနိုင် အောင် ရှိမယ်ဆိုတာ အားလုံးကိုယ်ချင်းစာကြည့် သိကြမှာပါ။

နောက်ဆုံးတော့ ကျွန်မဘာဝ ကံတရားကိုသာ ရိုးမယ် ဖွဲ့ပြီး မိဘအလိုကျ ကျောင်းဆရာလေးကိုဘမင်းကို လက်ထပ် ခဲ့ရပါသည်။ ဆရာကိုဘမင်းသည် ကျောင်းဆရာပီပီ စိတ် သဘောထားနူးညံ့သူဖြစ်ပါသည်။ သူ့ဘဝမှာ ချစ်သူမရှိ မိဘ စီမံသမျှ ခေါင်းငုံ့နာခံခဲ့သူဖြစ်၍ ကျွန်မဘာဝလောက် ဆင်းရဲ ဒုက္ခ မခံစားရသည့်ပြင် ကျွန်မကိုရသည့်အတွက် သူ့ဘဝမှာ အလွန် ကျေနပ်ဝမ်းမြောက်နေဟန် ရှိပါသည်။

ဆရာသည် ကျွန်မကို အလွန်ချစ်ပါသည်။ အလွန် လည်း အလိုလိုက်ပါသည်။ ကျွန်မစိတ်ချမ်းသာဖြစ်မည့် ကိစ္စ မှန်သမျှ တတ်နိုင်သမျှ ရှောင်ပါသည်။

နောက်ပိုင်းတွင် ဆရာသည် ကျွန်မဇာတ်လမ်းကို သိသွား၍ ကျွန်မအပေါ် အလွန်ပင် သနားစေနှုးစွာသက်တော ကြိုက်သလိုစီမံပါဟု ခွင့်ပေးရှာပါသည်။

သို့သော် ကျွန်မတို့မိန်းမတို့ဘဝဆိုသည်မှာ အရှက်နှင့် သိက္ခာကို တန်ဖိုးထားရမည်မဟုတ်ပါလား၊ စိတ်အလိုလိုက် လို့ရသောဘဝမဟုတ်ပါ၊ ပြီးတော့ မျက်နှာများသောမိန်းမ၊ သစ္စာမရှိသောမိန်းမ၊ ဖောက်ပြန်သောမိန်းမ ဟူ၍ စွပ်စွဲကဲ့ရဲ့ ရှုံ့ချခံရမှုကိုလည်း အလွန်ရှောင်ရသည် မဟုတ်ပါလား။

သို့အတွက် ဖြစ်စေလိုသောဆန္ဒကို အသိတရား၊အရှက်တရားဖြင့် ထိန်းချုပ်ပြီး ပကတိပေးလာသောအခြေအနေ အရ ကုသိုလ်ကံအရ ဘဝကိုသာယာအောင် ကြိုးစားရမည် မဟုတ်ပါလား။

ဤသို့ဖြင့် ကျွန်မဘဝဟာ သမီးနှစ်ယောက်၊ သား တစ်ယောက်ထွန်းကားခဲ့ပြီး ဘဝကို အံနယ်ထိုင်ခဲ့ရပါသည်။

သို့သော်လည်းပဲ ကျွန်မဘဝ၏ အကုသိုလ်ကြမ္မာ သည်ကား မရပ်နားခဲ့ပါ။ သားသမီးများ အရွယ်မရောက်ခင်မှာ ဘဲ ကျွန်မရဲ့ အိမ်ထောင်သည်ဆရာသည် မမျှော်လင့်သော ကားတိုက်မှုဖြင့် ကျွန်မတို့မိသားစုကို စွန့်ခွာသွားခဲ့ပါသည်။

ကျွန်မဘဝ ဒုတိယအကြိမ် ဒုက္ခဆင်းရဲဒုက္ခများ အလူး အလဲခံစားလာရပြန်ပါသည်။

တွေကြုံရင်ဆိုင်လာသော ကံကြမ္မာကိုတော့ ဘယ်လိုမှ ဖန်တီးပြုပြင်၍ မရနိုင်တဲ့ဘဝမှာ ကံကိုသာယုံးမယ်ဖွဲ့ပြီး ဘဝလောကဓံကို ကြံ့ကြံ့ခံနိုင်ဖို့ ကျွန်မကြိုးစားရပါသည်။

ယခင်က လင်ယောက်ျားကို မှီခိုနေရတဲ့ဘဝကနေ ယခုကိုယ်တိုင်ဦးစီးခေါင်းဆောင်ထွက်,ရတဲ့ဘဝရောက်လာခဲ့ပါပြီ၊ကျွန်မသည် ကြုံလာတဲ့လောကဓံကို ကြံ့ကြံ့ခံပြီး သားသမီးလေးများ၏နေ့ရေးအတွက် အထူးသဖြင့် ပညာရေးပြီးဆုံးရေးအတွက် သူတို့ဘဝဆက်လက်လျှောက်နိုင်ရန် ကျွန်မ နေ့ညမဟူရောင်းရေးဝယ်တာတို့ကို ဆောင်ရွက်ရပါတော့သည်။

တချို့က တစ်ပင်လဲတစ်ပင်ထူ အားကိုးရာရှာဖို့ ပြောကြပါသည်၊ ဒါပေမဲ့ ကျွန်မသမီးလေးတွေဘဝ ပထွေးဆိုသည့်ဝေါဟာရကို မပေါ်စေချင်ဘူး၊ စိတ်ဆင်းရဲမခံစားစေချင်ပါဘူး၊ သို့အတွက် ကိုယ်ကိုယ်ကိုပဲ အဆင်းရဲခံပြီး ဤကလေးများ၏ဘဝကို ရပ်တည်နိုင်အောင် ကျွန်မ ကြိုးစားလုပ်ကိုင်ရပါသည်။

ဤသို့သောနည်းဖြင့် ဘဝကိုရုန်းရင်းကန်ရင်းနှင့်ပဲ ဘဝရဲ့ဒုတိယအရွယ်သည် ကုန်ခဲ့ရပြီး သားသမီးတွေကလည်း အတောင်အလက်စုံကြပြီး မိမိတို့ဘဝ မိမိတို့တည်ဆောက် ပျံသန်းသွားကြပါသည်။

ဒါပေမဲ့ ကျွန်ုပ်မဘဝမှာ-သမုဒယသံယောဇဉ်နှောင်ကြိုး မပြတ်နိုင်လေတော့ အိမ်ထောင်သည်သမီးအသီးသီးထံ သွားနေလိုက်၊ သားသမီးကောင်းစေချင်သော ဆန္ဒဇောနှင့် ပြောလိုက်ဆိုလိုက် အလုပ်ကမပြတ်ရှိနေပါသည်။

ဤပြောမှုဆိုမှုသည် မိမိကစေတနာထားသည်မှာ မှန်သော်လည်း တစ်ဖက်ခံယူသူက စေတနာကို ဝေဒနာထင် ကာကာ ပဋိပက္ခအသွင်ဆိုတာမျိုး ဖြစ်လာပါသည်။

ဒါကိုမှ ကျွန်ုပ်မက တရားမရှု၊ တရားမသိတော့ ငါ့ရဲ့ စေတနာ စော်ကားလေခြင်းဆိုပြီး ဒေါမနဿဝေဒနာတွေ, ဒုက္ခဝေဒနာတွေခံစားလာရပြီး ခန္ဓာကိုယ်တစ်ခုလုံးသည် ပူလောင်နေပါတော့သည်။

ကျွန်ုပ်မ ဩဇာအာဏာပေးလာတော့ သမက်များနှင့် ချွေးမတို့ကလည်း ဒီအဖွားကြီးသည် ကိုယ့်ဘာသာကိုယ်ကျွေး

တာအေးအေးစားနေတာမဟုတ်ဘူး၊ ဟိုဟာဝင်ရှုပ်၊ ဒီဟာဝင်ရှုပ်နှင့် နေကိုမနေတတ်ဘူး ဟုကဲ့ရဲ့ပြစ်တင်စကား ဆိုလာကြပါသည်။

ထိုသူစိမ်းသမက်၊ ချွေးမတို့က ဆိုလာ၊ အပြစ်ပြောလာသောစကားများကို သမီး၊ သားတို့ကပါ ထောက်ခံသလိုလုပ်လာသောအခါ ကျွန်မအဖွားငါမွေးသည့်မျောက်က ... ပြန်ချောက်သည်။ ငါက ဒင်းတို့ကို လူတစ်လုံး သူတစ်လုံး ... ရောက်အောင် အပင်ပန်းခံအဆင်းရဲခံ လုပ်ပေးထားပြီး ... မှ ကျေးဇူးကန်းနေကြပါကလား ဆိုပြီး ဝမ်းနည်းပက်လက် ကြေကွဲခံစားလာရပါတော့သည်။

ဤလိုနှင့်ပင် ကျွန်မဘဝသည် သမီးကပယ် သားကပယ်ဘဝတွင် အထီးကျန်သလို ဖြစ်လာပါသည်။

တကယ်ကျတော့ ဘယ်သူမပြု-မိမိအမှုပါ။ မိမိကမနေတတ်၊ မထိုင်တတ်ခြင်း၊ သံယောဇဉ်ကရား နှောင်ဖွဲ့အားကြီးခြင်းကြောင့်သာ ဤကဲ့သို့ဖြစ်ရသည်။

ဤသည်ကို အစကမသိခဲ့ပါချေ။ မသိခဲ့၍လည်း ... ခံစားရပြီး ဒေါသတွေ၊သော ... တွေ ခံစားနေရပါသည်

တစ်နေ့တွင် ကျွန်မခင်ပွန်းနှင့် လုပ်ဖော်ကိုင်ဖက် ဆရာမကြီးတစ်ဦးက သူ့အိမ်တွင် တရားစခန်း(၇)ရက်ဖွင့်၍ တရားနာကြရန် ဖိတ်ပါသည်။

တရားစခန်းကို ကျွန်မစိတ်မဝင်စားပါ၊ သို့သော်ခင်ပွန်း၏အပေါင်းအသင်းမိတ်ဆွေ ဖြစ်၍မသွားလျှင် မသင့်တော်၍ တရားနာသွားရပါသည်။

တရားပွဲအခမ်းအနားမစခင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတိတ်ခွေကို ဖွင့်ပြထားပါသည်။

ကျွန်မသည် အိမ်ရှင်ဆရာမကြီးကို နှုတ်ဆက်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏တရားတော်ကို နာကြားလိုစိတ်များပေါ်လာ၍ အာရုံစိုက်နားထောင်နေမိပါသည်။

ကက်ဆက်ခွေထဲမှ ဆရာတော်ဘုရားကြီး၏အသံက

"ခင်ဗျားတို့ ကိုယ်ကိုယ်ကို ချစ်ကြသလား-ကိုယ်ကိုယ်ကိုချစ်တယ်ပြောပြီး သူများကိုလိုက်ချစ်နေကြ၊ ဆင်းရဲဒုက္ခရောက်အောင် လုပ်နေကြသည်၊ သားချစ်ရတာနဲ့၊ သမီးချစ်ရတာနဲ့၊ မြေးချစ်ရတာနဲ့ ကိုယ့်ဘဝကိုယ်

ဆင်းရဲအောင် လုပ်နေကြသည်၊ ခင်ဗျားတို့သေရင် အဲဒီ မြေးတွေ သားတွေ သမီးတွေက လိုက်သေပြီး ကယ်ကြမှာ မဟုတ်ဘူးဆိုတာ သိထားကြပါ၊ ကိုယ့်ကိုယ်ကိုချစ်ရင်း သူများကိုချစ်တာ လျှော့ကြပါဗျာ”

ဆရာတော်ရဲ့ဆုံးမသံသည် ကျွန်မကို ဆုံးမနေသလိုပါပဲ၊ မှန်ပါသည်၊ ကျွန်မဘဝ ပထမအရွယ်ကလည်း သူများကို လိုက်ပြီး ချစ်နေရလို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲခံနေရသည်၊ ဒုတိယအရွယ်မှာလည်း သားချစ်, သမီးချစ်နှင့် လောဘ, ဒေါသ, မောဟတွေခြံရံပြီး လုပ်လိုက်ရတာ ဖတ်ဖတ်ကို မောနေပါရော၊

ယခုတတိယအရွယ်ရောက်ပြန်တော့လည်း ဒီသမီး, ဒီသားအတွက် ဒီမြေးတွေအတွက်နှင့် ဘဝတစ်ခုကို မလွှမ်းမြောက်နိုင်အောင် ဖြစ်နေရပြန်သည်။

“ဆရာတော်ကြီး မိန့်ကြားတာမှန်လိုက်တာ၊ တကယ်တော့ ကျွန်မသည် ကိုယ့်ကိုယ်ကိုချစ်သူမဟုတ်ဘဲ နှစ်နေသူပါပဲလား၊ လားရာဂတိမှာ သားစွဲ,သမီးစွဲနှင့်သေပြီး အိမ်နောက်ဘေးက သရက်ပင်မှာ ကပ်နေရမယ့်ပြိတ္တာဘဝမျိုးရောက်မှာ

သေချာပါသည်။ ဤဘဝမျိုးရောက်က ဘယ်သား,ဘယ်သမီး ဘယ်မြေးက လာကယ်မလဲ"

ကျွန်မဘဝ ကျွန်မ အလေးအနက်စဉ်းစားရပါတော့သည်။ ကျွန်မသည် ဆရာမကြီးအိမ်မှအပြန် ကိုယ့်ဘဝကိုယ် ဆုံးဖြတ်လိုက်ပါတော့သည်။

"ငါ့ဘဝ ငါချစ်ရတော့မည်"

ကျွန်မ ဤသို့ဆုံးဖြတ်ပြီး မိုးကုတ်တရားရိပ်သာကို ဝင်ခဲ့ပါတော့သည်၊ ဘယ်သား ဘယ်သမီး ဘယ်မြေးကိုမှ အားမကိုးလိုတော့ပါ။ မခယ, မချစ်ခင်လိုတော့ပါ။

ဤချစ်ခြင်းတဏှာလောဘကြောင့် ကျွန်မဘဝတစ်လျှောက်လုံးခံစားခဲ့ရပြီး ယခုဆက်၍ တဏှာကို စွဲလမ်းစွာ ဆက်လုပ်နေလျှင် ကျွန်မဘဝသည် အပါယ်လေးပါးစာ ဖြစ်သေတော့မည်။

သို့တွက် ကျွန်မသည် ဘယ်သား, ဘယ်သမီးကိုမျှ အားမကိုး မပြောမဆိုတော့ဘဲ တရားစခန်းဝင်ခဲ့ရပါသည်။

တရားစခန်းဝင်ကာစကတော့ ကိုယ့်ကိုယ်ကို ဖြစ်မှဖြစ်မလားဟု ထင်ခဲ့ပါသည်။

ဆရာတော်ဘုရားများ၏လမ်းညွှန်မှုအောက်ဝယ် တရားကိုသတိတရားလက်ကိုင်ထားပြီး ဇွဲဝီရိယစွဲမြဲစွာဖြင့် ဆက်လက်အားထုတ်ခဲ့ရာ ယခုတော့ကျွန်မဘာဝသည် ခံစားခဲ့ရသောဒုက္ခ,သောကဝေဒနာများကို ထိန်းနိုင်သိမ်းနိုင်ခဲ့ပါပြီ

သူများကိုချစ်ရသော ဆင်းရဲဒုက္ခထက် ကိုယ့်ဘဝကို ချစ်ရသောသုခကား အလွန်ချမ်းမြေ့လှသည်ကို ယခုတော့ ကျွန်မကိုယ်တွေ့ မြန်မြန်ခံစားရလေပြီး ဖြစ်ပါသည်။

ဒါကြောင့်လည်း ဗုဒ္ဓဘုရားရှင်က တရားဂုဏ်တော်တွင် လက်တွေ့လုပ်လျှင် လက်တွေ့အကျိုးပေးသည်။ လက်တွေ့လုပ်လျှင် အချိန်မရွေး အကျိုးပေးသည်။

လာလှည့်, ရှုလှည့်, လုပ်ကြည့်လှည့် ဟု ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။

## (ဃ) တတိယအရွယ် – ရောဂါသည်မှသည်

ကျွန်တော့်ဘဝကို ကျွန်တော်ယခုမှ တတိယအရွယ် ရောဂါသည်ဘဝရောက်မှ စဉ်းစားဆင်ခြင်သံဝေဂရယူမိသည်ကို ဆိုရပါသည်။

ကျွန်တော့်ဘဝ ပထမအရွယ် ပညာစုံဘွဲ့ရပြီးတော့ ဒုတိယအရွယ်မှာ ကျောင်းနေဖက်ချစ်သူနှင့်လည်း လက်ထပ်ခွင့်ရပြီး မြို့နယ်အခွန်အရာရှိလေးအဖြစ် တာဝန်ထမ်းဆောင်ရလေတော့ ကျွန်တော့်ဘဝသည် လိုတာအကုန်ရ လိုလေသေးမရှိ ပြည့်စုံသောဘဝဖြင့် ချမ်းသာစွာနေခဲ့ရသော ဘဝဖြစ်ပါသည်။

ဤသို့သောဘဝတွင် ကျွန်တော့်၌ အပေါင်းအသင်းလူမှုဆက်ဆံရေးကများလာပြီး အသောက်အစား အပျော်အပါးကလည်း များလှပါသည်။

ရလာသော စည်းစိမ်ဥစ္စာများကို အများအကျိုးအတွက်၊ သာသနာဘာသာအတွက် လှူဒါန်းခြင်း၊ ပေးကမ်းခြင်းပြုရမည့်အစား မကောင်းမှုအသောက်အစားဘက်၌သာ များခဲ့ပါသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာပီပီ သာမန်ကောင်းမှုလောက် မျှသာရှိခဲ့ပြီး ဒုတိယဘဝအရွယ်သည် စားစားသောက် သောက် မေ့မေ့ပျောက်ပျောက်ဘဝဖြင့်သာ အချိန်ကုန်ခဲ့ရ သည် ဟုဆိုရပါမည်။

ကျွန်တော့်ဘဝတွင် သားတစ်ယောက်, သမီးနှစ် ယောက် ထွန်းကားခဲ့ပါသည်။ ကျွန်တော်၏ရလာသော စည်း စိမ်ဥစ္စာဖြင့်ပင် သူတို့ဘဝများသည်လည်း ပညာအသီးသီး ပြည့်စုံခဲ့ကြသည်။ သားက အင်ဂျီနီယာဘွဲ့ရခဲ့သည်၊ သမီး အကြီးက ဆရာဝန်ဘွဲ့၊ သမီးအငယ်က စီးပွားရေးဘွဲ့တို့ဖြင့် မိမိတို့ဘဝ မိမိရပ်တည်နိုင်အောင် ပြည့်စုံလုံလောက်အောင် ကျွန်တော် လုပ်ပေးနိုင်ခဲ့ပါသည်။

ကျွန်တော့်ဘဝသည်လည်း ရာထူးတစ်ဆင့်ပြီး တစ် ဆင့်တိုးကာ နောက်ဆုံးပင်စင်ယူသောဘဝတွင် ညွှန်ကြားရေး မှူးဘဝဖြင့် အငြိမ်းစားယူခဲ့ရပါသည်။

ထိုအငြိမ်းစားယူခဲ့ရသော တတိယအရွယ်ဘဝအစ အဦးအထိ ကျွန်တော့်ဘဝတွင် ခန္ဓာကိုယ်၏အဖြစ်အပျက်ကို လည်းကောင်း၊ တမလွန်နောင်ရေးကိုလည်းကောင်း အလေး

အနက်ထားကာ မစဉ်းစားမိခဲ့သေးပါ၊ မိရိုးဖလာအရ ပြုလုပ်သောဒါနမှု၊ သီလမှုလောက်သာ ရှိနေခဲ့ပြီး အပျော်အပါးနည်းသွားသည် မှန်သော်လည်း အသောက်အစားလေးက မကင်းသေးပါ၊ သားသမီးတွေကလည်း ပြည့်စုံလုံလောက်၍ ပူပင်သောကလည်း မရှိရပါ။

ဤသို့ဖြင့် ကျွန်တော့်ဘဝ တတိယအရွယ်အစတွင် သာယာသလို ရှိခဲ့ပါသည်။

သို့သော် အငြိမ်းစားယူပြီး၍ တစ်နှစ်အကြာတွင် ကျွန်တော့်ဘဝ၏ ခန္ဓာကိုယ်က ဇာတိပြလာပါသည်။

ငါမပိုင် ငါမဆိုင် မတည်မြဲသော သဘောတရားက ကျွန်တော့်ကိုမျက်ဝါးထင်ထင် သက်သေပြလိုက်ပြီး ဖြစ်ပါသည်။

တစ်နေ့သော နံနက်ခင်းတွင် ကျွန်တော်သည် အိပ်ရာထမျက်နှာသစ်ရန် ရေချိုးခန်းသို့ဝင်ခဲ့ပါသည်။ ရေကအေးစိမ့်စိမ့်နေ၍ မျက်နှာသစ်ရမှာကိုပင် မသစ်ချင်သလိုဖြစ်လာသည်

ညကလည်း ယမကာလေး မှီဝဲထား၍ အရှိန်က မပျောက်သေးသလိုပင် ခံစားနေမိသည်။ ယမကာတစ်ခွက်

သောက်ပြီးမှ မျက်နှာသစ်ရလျှင် ကောင်းလေမလားဟု စိတ်ကူးမိပြီး ရေချိုးခန်းထဲတွင် အတန်ကြာရပ်နေမိပါသည်။

ထိုသို့ရပ်နေရင်းကပင် ကျွန်တော့်မှာ လက်ျာဘက်ခြေထောက်နှင့်လက်တို့မှာ လေဖြတ်သွားခဲ့ရပါသည်။

လေဖြတ်သည်ဆိုတော့ မိသားစုတစ်ခုလုံး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကြကာ အားချင်း ကျွန်တော်ကို ဆေးရုံသို့ ပို့ကြပါသည်။

ဆေးရုံတွင် တစ်လလောက် ကုသပါသော်လည်း မသက်သာလှပါချေ။

လေဖြတ်ရာတွင် ဦးခေါင်းပိုင်းမပါသွား၍ တော်ပါသည်။ အချို့ဆိုလျှင် လျှာလိပ်သွား၍ စကားမပြောနိုင်၊ ထမင်းမစားနိုင်ဖြစ်ရသည် ဟုဆိုကြပါသည်။

ကျွန်တော့်မိသားစုက ကျွန်တော့်ကို အထူးကုဆရာဝန်ကြီးများနှင့် ပြသကုသကြပါသည်။

ဆရာဝန်ကြီးက အကြောတွေ ပြန်လည်လှုပ်ရှားလာအောင် လမ်းများများလျှောက်ပေးရန် အကြံပြုပါသည်။

သို့အတွက် ကျွန်တော်သည် ကြိုးစားပြီး တုတ်ကောက်နှင့်လမ်းလျှောက်ကြည့်ပါသည်၊ စားဆေး,ထိုးဆေးများလည်း စားထိုးပြုလုပ်လာပါသည်။

ဤသို့ဖြင့် ငါးလကျော်ခြောက်လအတွင်း ရောက်လာပါသည်၊ ရောဂါအခြေအနေက တိုးမလာတာဘဲရှိပါသည်၊ အခြေအနေက ထူးခြားမလာပါ။

မိတ်ဆွေများက မြန်မာတိုင်းရင်းဆေးဆရာနှင့် ပြသကုကြည့်ရန် အကြံပြုကြ၍ မြန်မာသမားတော်နာမည်ကြီးများနှင့်ပြသကုကြပါသည်။ မြန်မာသမားတော်များက စားဆေးထက်လိမ်းဆေးကို အဓိကထား၍ ကုသကြပါသည်။ အကြောနှိပ်ခြင်းကိုလည်း ပြုကြပါသည်။

သို့သော် ဆေးပုလင်းတွေသာ တစ်လုံးပြီးတစ်လုံး ကုန်သွားပါသည်။ ကျွန်တော်လေဖြတ်ရောဂါက သိပ်မသက်သာလှပါ၊ တုတ်ကောက်နှင့်အားပြုလျှောက်ရုံသာ အနည်းငယ်ရပါသည်။

တချို့ကလည်း ယောက်ျား ညာ, မိန်းမ ဘယ် လေဖြတ်က-ကုမရတော့ ဟုဆိုသဖြင့် ကျွန်တော် စိတ်ဓာတ်အလွန်ကျမိပါသည်။

ဤသို့ ရေရှည်ခံစားနေရသည်ထက် သေတာက ပို ကောင်းမည်ဟု စိတ်ထဲဝယ် ထင်မိ ခံစားလာမိပါသည်။ မပျောက်မည့်အတူတူ မိသားစုတွေကို ရေရှည်ဒုက္ခမပေးလို တော့ချေ။ ကိုယ့်ဘဝကိုယ်သာ အဆုံးစီရင်ပစ်တာ ကောင်း မည် ဟု စိတ်အတွေးဝယ် ခဏခဏပေါ်လာပါသည်။

မိသားစုတွေက အားမငယ်ရန် မြန်မာပြည်တွင်မရက နိုင်ငံခြားတွင် သွားရောက်ကုသမည်ဟု ကျွန်တော် စိတ်ဓါတ် မကျအောင် အားပေးကြပါသည်။အနီးကပ်လည်း မျက်ခြည် မပြတ် ပြုစုစောင့်ရှောက်ပေးကြပါသည်။

ဤသို့ဖြင့် ကျွန်တော်၏ဘဝသည် ဟိုဆရာကောင်းနိုး ဟိုဆေးကောင်းနိုးဖြင့် တစ်လပြီးတစ်လ ရက်ရှည်လာပါသည်။

တစ်နေ့သောအချိန်တွင် ကျွန်တော်ကျောင်းနေဘက် သူငယ်ချင်းသည် နယ်မှတာဝန်ထမ်းဆောင်ပြီး ရန်ကုန်သို့ပြန် ရောက်လာရင်း ကျွန်တော့်ထံ သတင်းမေးရင်း ရောက်လာပါ သည်။

သူက ကျွန်တော့်ရောဂါဘဝအခြေအနေ ကောင်းလာ ဖို့ အလားအလာမရှိတော့၍ ဝမ်းနည်းပက်လက် မျက်ရည်

ကျပြီး သူငယ်ချင်းကို အခြေအနေအားလုံး ရှင်းပြပြောပြရပါသည်။

"သူငယ်ချင်း အင်္ဂလိပ်ဆေးနည်း၊ မြန်မာဆေးနည်းနဲ့ ကုတာနည်းလမ်းကုန်ပြီဆိုရင်တော့ ငါက မင်းကို ဘုရားကု-ကုနည်း ဖြင့်ကုကြည့်ချင်တယ်၊ မင်းလက်ခံမလား"

သူငယ်ချင်းက ဘုရားကု-ကုရန် ခပ်အေးအေးပြောပြသည်ကို ကျွန်တော်က မယုံကြည်၍ လက်မခံချင်ပါ။ အဓိပ္ပါယ်မရှိပြောသည်ဟု ထင်မိပါသည်၊ ခေတ်မီပြီး ထင်ရှားကျော်ကြားသော သမားတော်အတတ်ပညာရှင် အသိပညာရှင်များက အကောင်းဆုံးဆိုသော ဆေးဝါးများနှင့် ကုသနေသည်မှာ မပျောက်ခဲ့ရာ မရေရာဘုရားကု-ကုမည်ဆိုသော် ကျွန်တော့်အနေနှင့် မည်သို့မျှ ယုံကြည်လက်ခံနိုင်သော အခြေအနေတွင် မရှိခဲ့ပါချေ။

သူငယ်ချင်းက ကျွန်တော်မယုံကြည်သည်ကို စိတ်မလျှော့ပါ၊ ဘုရားကု-ကုနည်းဆိုသည်မှာ အခြားမဟုတ်-ဝိပဿနာတရားအားထုတ်ကြည့်ရန် အကြံပြုပြီး အသေးစိတ်လည်း ဟောပြောပါသည်။

ခန္ဓာကိုယ် ကျန်းမာသန်စွမ်းတုန်းကတောင် တရား မထိုင်,တရားမလုပ်ဖူးသော ကျွန်တော်သည် ယခုခြေမသန်- လက်မသန် မကျန်းမာမှ တရားအားထုတ်ရမည်ဆိုသော် မည်သို့မျှမဖြစ်နိုင်တာကိုပြောသည် ဟုပို၍ပင် အထင်အမြင်လွဲရပြန်ပါတော့သည်။

သူငယ်ချင်းက အားမလျှော့၊ သူ့ကုနည်းကို စမ်းသပ်ကြည့်ရန် အတန်တန်စိတ်ပါလက်ပါ တိုက်တွန်းပြောပြန်သည်

သူငယ်ချင်းကလည်း အားနာလောက်အောင် တိုက်တွန်းနေပြန် မိမိမှာလည်း အခြားအားကိုးရာ မဖြစ်လေတော့ ကျွန်တော်သည် စိတ်မပါ့တပါနှင့်ပင် သူငယ်ချင်းတိုက်တွန်းချက်ကို လက်ခံလိုက်ရပါသည်။

နောက်နေ့တွင် သူငယ်ချင်းက တရားနည်းပြဆရာတော် အရှင်ဓမ္မရက္ခိတဆိုသော သံဃာတော်တစ်ပါးကို ပင့်လာပါသည်။

ဆရာတော်က ကျွန်တော့အခြေအနေကိုမေးပြီး သူ့ကျောင်းတရားရိပ်သာမှာ တရားအားထုတ်ရန် အကြံပေးမိန့်ကြားပါသည်။

ကျွန်တော်ကလည်း သဘောတူ၊မိသားစုကလည်း သဘောတူ၍ ကျွန်တော်သည် ဆရာတော်တရားရိပ်သာသို့ လိုက်သွားပါသည်။

ဆရာတော်က ကျွန်တော့်ကို အခန်းတစ်ခန်း သီးသန့်ပေးပြီး တရားအားထုတ်ရာတွင် အာနာပါနသတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့ဆက်နွယ်ပုံကို စနစ်တကျ ရှင်းပြပါသည်။ တရားထိုင်ရမည့် အခြေအနေကိုလည်း စနစ်တကျ ရှင်းပြပါသည်။

ဆရာတော်က ကျွန်တော့်ဘဝနှင့် ရုပ်-ခန္ဓာ,နာမ်ခန္ဓာ အခြေအနေတို့ကို ရှင်းပြပြီးသောအခါ သေရမည့်အတူတူ မထူးတော့ပြီ၊ဆရာတော်ပြသသည့်အတိုင်း အာနာပါနဝိပဿနာတရားအပေါ် သက်ဝင်ယုံကြည်မှုအပြည့် သဒ္ဓါအားနှင့် ရှုမှတ်မိပါတော့သည်။

တစ်နေ့ထက်တစ်နေ့တိုးပြီး ရှုမှတ်ပွားလေရာ ခန္ဓာမှာ ဖြစ်ပျက်နေသော ရုပ်များနှင့်ဖေါက်ပြန်မှုများကို အထင်အရှား မြင်လာရပါတော့သည်။

တစ်ဘဝသေမည့်ဘေးထက် တစ်သံသရာလုံး သေရမည့်ဘေးဆိုးကြီးကိုလည်း ထိတ်လန့်ကြောက်ရွံ့စွာ မြင်မိလာပါသည်။

သို့အတွက် ကျွန်တော်သည်ခန္ဓာ၏ လက်ျာဘက်အခြမ်းကို သမာဓိတက်လာတိုင်း တိုးပြီး ဉာဏ်စိုက်၍ ရှုမှတ်မိပါသည်။

တစ်ခါတစ်ခါကျလျှင် လေဖြတ်ထားသော လက်နှင့်ခြေထောက်များက တရားမှတ်ရင်း မခံမရပ်နိုင်လောက်အောင်နာကျင်လာတတ်ပါသည်။ ထိုအခါတွင် ဝေဒနာကိုကြိုးစားဥပေက္ခာပြုပြီး ထွက်လေဝင်လေ အာနာပါနသတိပဋ္ဌာန်ကိုနှာသီးဝမှ ပြန်လည်မှတ်နိုင်အောင် ကြိုးစားရပါသည်။

တစ်ပတ်လောက်ကာလအတောအတွင်းဝယ် ဝေဒနာများကပို၍ပို၍ပင် တိုးလာပြီး အခံရလည်းအလွန်ခက်လှပါသည်။

"သေရမည့် ပျက်ရမည့် ဤခန္ဓာကိုယ်ကြီးကို ညှာနေ၍လည်း သူကကိုယ့်ကိုမညှာဘဲ ဖေါက်ပြန်ပျက်စီး၍ယခု လေဖြတ်ရောဂါခံစားနေရသည်။ ဤမျှဖေါက်

ပြန်ပျက်စီးသော ဤ ခန္ဓာကိုယ်ကြီးကို ငါအလိုလိုက်လည်း ငါပဲ ထပ်မံခံစားရဦးမည်"

မိမိကိုယ်ကို ဤသို့အားတင်းပြီး အားမလျှော့ဘဲ ဝီရိယထားကာ ခန္ဓာကိုယ်ကို ဉာဏ်စိုက်ပြီး ဆက်လက်အားထုတ်ရှုမှတ်ပါသည်။

သုံးပတ်လောက်ရှိသောအခါ လက်နှင့်ခြေထောက်က ဝေဒနာများ ကျလာပါသည်။ လက်နှင့်ခြေက နည်းနည်းလှုပ်ချင်သလိုမျိုး ခံစားလာရပါသည်။

ဤသို့ဖြင့် ကျွန်တော်အနည်းငယ် အားတက်လာပါသည်။စားချိန်,အိပ်ချိန်,အပိုချိန်တွေကိုလျှော့ပြီး ဝိပဿနာအလုပ်ကိုပဲ အချိန်ပိုတိုးပြီး အားထုတ်ခဲ့ပါသည်။

ဤကဲ့သို့ အာရုံစိုက်ပြီးအားထုတ်ခဲ့ရာ ငါးပတ်မြောက်ရောက်ခဲ့ပါသည်။ ငါးပတ်ပြည့်သောနေ့ ညနေ(၅)နာရီလောက်တွင် အာနာပါနရှုမှတ်နေရင်း မျက်စိ၏မနောဝိညာဉ်ထဲ၌ အလင်းတန်းကြီးတစ်ခုကို ထင်ထင်ရှားရှား မြင်တွေ့နေရပါသည်။ ထိုအလင်းတန်းကို ဥပေက္ခာနှင့်ဆက်မှတ်ပြီး ရှုကြည့်နေမိပါသည်။

ထိုခဏမှာပင် ထိုအလင်းတန်းကြီးက လက်ျာလက်ထဲ ဝင်ပြီး တွန်းကန်နေသည်ကိုလည်းကောင်း၊ လက်ျာခြေထောက် ထဲဝင်ပြီး တွန်းကန်နေသည်ကိုလည်းကောင်း တွေ့မြင်နေရပါ သည်။

တစ်နာရီလောက်ကြာသောအခါ ကျွန်တော်၏ခန္ဓာ ကိုယ် လက်ျာဘက်တစ်ခြမ်းလုံး ဝုန်းဒိုင်းဆိုပြီး မိုးကြိုးပစ်ချလိုက် သလို လက်ျာလက်နှင့်ခြေထောက်တွေကန်ထွက်ပြီး အလိုလို ဆန့်တန်းသွားသည်ကို တွေ့ရပါသည်။

ထိုခဏမှာပင် ကျွန်တော်သည် ဘေးနားကတုတ် ကောက်ကိုပင် မေ့ပျောက်ကာ လမ်းထပြီးလျှောက်မိပါသည်။

ညာဘက်လက်ကို အပေါ် မြှောက်လိုက်၊ အောက်ချ လိုက်၊ ဖြန့်လိုက်၊ ဆုပ်လိုက် အကြိမ်ကြိမ်လုပ်ကြည့်မိနေပါ တော့သည်။ အားလုံးပကတိအတိုင်း ဖြစ်နေသည်ကို အံ့သြ ဝမ်းမြောက်စွာ တွေ့ရပါသည်။

ကျွန်တော် မည်ရွေ့မည်မျှ ဝမ်းမြောက်ဝမ်းသာ ခံစား ရမည်ဆိုသည်ကတော့ စဉ်းစားသာကြည့်ကြပါတော့။

ကျွန်တော်သည် တရားအားထုတ်ရာ မိမိဇရပ်ကျောင်းမှထွက်ပြီး ရေတွင်းသွားပြီးရေခပ်ကြည့်ပါသည်။ သောက်ရေအိုးတွေရေဖြည့်ပါသည်။ ကျောင်းရှေ့မှ အမှိုက်တွေတံမြက်စည်းလှည်း မြက်တွေပေါက် သန့်ရှင်းရေးကုသိုလ်ပြုလုပ်ကြည့်မိပါသည်။ အားလုံးလုပ်၍ရပါတော့သည်။

ကျွန်တော်သည် ဝမ်းသာဝမ်းနည်း မျက်ရည်ပေါက်ကြီးငယ်ကျပြီး ရှိခိုးကာ ရှုက်ကြီးတငင်ငိုကြွေးမိပါတော့သည်

ဆရာတော်ကိုအကြောင်းစုံ ဖြစ်ပျက်စုံလျှောက်ထားပြီးဆရာတော်ကို ကျေးဇူးတင်ကြောင်းနှင့် သူငယ်ချင်းကိုလည်းကျေးဇူးတင်ကြောင်း ဝမ်းနည်းဝမ်းသာ ငိုယိုပြီး လျှောက်ထားမိပါသည်။

"ဘုရားရှင်ရဲ့ သီလ,သမာဓိ,ပညာ,သိက္ခာ သုံးရပ်တွင် တတိယအဆင့် ပညာသိက္ခာဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ခြင်းသည်ကသာလျှင် သတ္တဝါတို့၏ ဝဋ်ဒုက္ခများငြိမ်း၍ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်ပါသည်"

ဟုဆရာတော်က တိုတိုတုတ်တုတ် မိန့်ကြားပါသည်။

ကျွန်တော်သည် ဆရာတော်ထံ နှုတ်ဆက်ခွင့်ပန်ပြီး မိသားစုများဝမ်းမြောက်စေရန် အိမ်သို့အမြန်ပြန်ခဲ့ပါသည်။

မိသားစုအားလုံးသည် ရုတ်တရက် ကျွန်တော့်ကို ခြေကောင်း၊ လက်ကောင်းသန်သန်မာမာ လှုပ်လှုပ်ရှားရှားနှင့် အိမ်ပေါက်ဝရောက်လာသည်ကို အားလုံး အံ့အားသင့်ကြပြီး တအံ့တသြငေးကြည့်နေကြသည်။

နောက်မှ 'ဖေဖေကြီးကောင်းလာပြီတော့'ဟုဆိုကာ သမီးကြီးက ပြေးဖက်လာပါသည်။ ပြီးမှ မိသားစုအားလုံးဝိုင်းလာပြီး လက်ကိုကိုင်ကြည့်၊ ခြေထောက်ကို ဆုပ်နယ်ကြည့်ကြပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါသည်။

ကျွန်တော်က မိသားစုအားလုံးကို ရှင်းပြရသည်။ သူငယ်ချင်းကိုလည်း မိသားစုအားလုံး သွားရောက်ကန်တော့ရန် စီမံစေပြီး ချက်ချင်းသွားရောက်ကန်တော့ရပါသည်။

သူငယ်ချင်းကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားရပါသည်။ ကျွန်တော့်ဘဝ တတိယအရွယ်ရောက် ရောဂါသည်နှင့်နိဂုံးချုပ်ရမည့်အခြေအနေတွင် သူငယ်ချင်းနှင့်ဆရာတော်

၏အကူအညီဖြင့် ဘာဝနာသည်ဖြစ်ကာ ပစ္စုပ္ပန်ကောင်းကျိုး ချမ်းသာကို လက်တွေ့ခံစားလိုက်ရပါတော့သည်။

ယခုအချိန်တွင်တော့ ကျွန်တော်သည် ရုပ်-နာမ်ခန္ဓာ ၏ဘဝမပြတ်သံသရာလည်ရမည်ကို ကြောက်ရွံ့ပြီး ဤဘဝ၌ ပင်လျှင် ရုပ်နာမ်ခန္ဓာပြတ်ရေးအတွက် ကြိုးပမ်းအားထုတ် လျက်ရှိနေပါတော့သည်။

## (င) သေနည်းဟတ်၍ သေခြင်းမြတ်သော ဖေဖေ

ဖေဖေသည် ကျွန်တော့်ဘဝတွင် ရှေ့ဆောင်လမ်းပြ နည်းပြဆရာတစ်ဦး ဖြစ်ခဲ့ပါသည်။

ဖေဖေ၏ဘဝကို လေ့လာကြည့်လျှင် ဖေဖေသည် မြို့နှင့်အလွန်ဝေးသော တောင်ခြေရှိကျေးတောရွာတစ်ရွာမှာ မွေးဖွားခဲ့ရပြီး မိဘများကလည်း လက်လုပ်လက်စားဘဝဖြင့် အသက်မွေးကြရသူများ ဖြစ်ကြသည်။

ဖေဖေဘဝကံကောင်းသည်မှာ ဖေဖေတို့ရွာဦးကျောင်း ဆရာတော်က အခြေခံစာရေးစာဖတ်သင်ပြီး ရှင်သာမဏေ ဝတ်ပေးကာ မြို့ပေါ်ရှိ စာသင်တိုက်သို့ပို့ပေးခဲ့၍ ဖေဖေ၏ ဘဝသည် မြို့သို့ရောက်ခဲ့ရသည်။

ပြည်တွင်းသူပုန်ခေတ်ကာလတွင် စာသင်ပျက်၍- ကျောင်းပျက်၍ ဖေဖေ့ဘဝသည် တောမြို့ကလေးမှနေပြီး ရန်ကုန်သို့ ရောက်ခဲ့ရသည်။

ရန်ကုန်တွင် ဖေဖေ့ဆရာဘုန်းကြီးက သရက်တော ကျောင်းတိုက်ရှိ အသိဘုန်းကြီးထံတွင် အပ်နှံပေးထားခဲ့ပြီး ကျောင်းထိုင်ဘုန်းကြီးကလည်း ဖေဖေ့ဘဝကိုသနားပြီး တပည့် သားအဖြစ်မွေးစားပြီး လောကီကျောင်းခေါ် စာသင်ကျောင်း ထားပေးခဲ့သည်။

ဤသို့ဖြင့် ဖေဖေ၏ဘဝသည် ဘုန်းကြီးကျောင်းတွင် နေရင်း တစ်ဖက်ဘုန်းကြီးဝေယျာဝစ္စပြုလုပ်ရင်း တစ်ဖက်က ကျောင်းတက်ပညာသင်ခဲ့ရသည်။

ဖေဖေ၏ဆရာဘုန်းကြီးက ဖေဖေကို-

-မိဘဆရာကို ရိုသေပါ

-ရတနာသုံးပါးကို မမေ့နဲ့

-ကံ, ဉာဏ်, ဝီရိယပြည့်စုံအောင် ကြိုးစား

-အချိန်မဖြုန်းနဲ့

-အလကားနေ အလကားဖြစ်မည်

-အလုပ်လုပ်မှ တိုးတက်မည်

-ကောင်းတာလုပ်မှ ကောင်းကျိုးရမည်

-ကောင်းမှုတစ်ခုခု နေ့စဉ်ပြုပါ

-ကျန်းမာမှုနှင့်အသိအလိမ္မာသည် တန်ဖိုးအရှိဆုံး ဖြစ်သည်

-ရအောင်ရှာ, ရှိအောင်စု, ချွေတာမှုနှင့် လိမ္မာပါ

ဟူသော ဆုံးမသြဝါဒကို အမြဲပေးသည်။ ဖေဖေကလည်း ထိုသြဝါဒအတိုင်း လိုက်နာဆောင်ရွက်ခဲ့သည်။

ဤသို့ဖြင့် ဖေဖေသည် ပထမအရွယ် ပညာသည်ဘဝ သည် ချို့ချို့ငဲ့ငဲ့ဖြင့် ဘုန်းကြီး၏အထောက်အပံ့ဖြင့် ကြီးပြင်းခဲ့ရပြီး (၁၀)တန်းအောင်ဘဝ ရောက်ခဲ့ရပါသည်။

(၁၀)တန်းအောင်သောအခါ တက္ကသိုလ်ဆက်မတက်နိုင်၍ ပညာရေးဌာနတွင် မူလတန်းပြဆရာဝင်လုပ်ရပြီး တစ်ဖက်က လုပ်သားကောလိပ်ကို တက်ခဲ့ရပါသည်။

လုပ်သားကောလိပ်တက်ရင်း မေမေနှင့်ဖူးစာဆုံရသည်၊မေမေကလည်း ကျောင်းဆရာမဖြစ်၍ ဆရာ-ဆရာမ ချစ်သူနှစ်ဦးသည် ဘဝကို စနစ်တကျ,စည်းကမ်းတကျတည်ဆောက်ပြီး စားသောက်နေထိုင်ခဲ့ကြ၍ ဥက္ကလာပမြို့သစ်တွင် အိုးပိုင်အိမ်ပိုင်ဖြစ် တစ်အိုးတစ်အိမ် ထူထောင်နိုင်ခဲ့ကြသည်။

အဖေ,အမေတို့၏ဘဝသည် ကံ,ဉာဏ်,ဝီရိယတို့နှင့် ယှဉ်ပြီး 'ရအောင်ရှာ၊ ရှိအောင်စု၊ ချွေတာမှုဖြင့် လိမ္မာပါ' ဆိုသည့်အတိုင်း ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်း နေခဲ့ကြပြီး မိမိတို့ရင်မှမွေးဖွားလာခဲ့သော မမနှင့်ကျွန်တော့် ဘဝကို ပြုစုပျိုးထောင်ပေးခဲ့ကြပါသည်။

ကျွန်တော်တို့ဘဝသည် ဖေဖေ,မေမေတို့၏ မေတ္တာရိပ်အောက်ဝယ် ချမ်းမြေ့သာယာစွာ ပညာရှာဖွေခဲ့ရပါသည်။

ကျွန်တော်တို့ အတောင်အလက်စုံကာနီးတွင် မေမေသည် ကျွန်တော်တို့ကို ခွဲခွာထွက်သွားခဲ့ပါသည်။ မေမေ ထွက်ခွာသွားစဉ်က မေမေသည် မိမိဘဝအတွက်ပြုခဲ့သော ဒါန၊ ဆောက်တည်ခဲ့သော သီလမှတစ်ပါး မိမိဘဝအတွက် သံသရာဝဲဂယက်မှ လွတ်မြောက်ရေးဟူသော ဝိပဿနာကို လုံးဝ လုပ်မသွားနိုင်ခဲ့ပါ။

သမီးနှင့်သားဘဝသာယာချမ်းမြေ့ရေးဟူသော ဆန္ဒဇော,လောဘဇောဖြင့်သာ ဘဝတစ်ခုနိဂုံးချုပ်သွားခဲ့ရပါသည်။ ထိုအတွက် ဖေဖေသည် အတော်ပင်မေမေအပေါ်၌ သနားကရုဏာသက်ကာ သံဝေဂလည်း အလွန်ရဟန်တူပါသည်။

မေမေဆုံးပြီးကတည်းက ဖေဖေသည် တရားဘာဝနာဘက်သို့ အလုပ်မှအားလပ်ချိန်, အချိန်ရသရွေ့ ကြိုးစားအားထုတ်ရှာပါသည်။

ကျွန်တော်တို့ အတောင်အလက်စုံ၊ ဘွဲ့ရသောအချိန်တွင် ဖေဖေသည် အလယ်တန်းကျောင်းအုပ်ဘဝမှ ပင်စင်ယူခဲ့ရပါသည်။

ဖေဖေပင်စင်ယူသောအချိန်တွင် မမသည် သူ့ဘဝနှင့်သူ တစ်အိုးတစ်အိမ် ထူထောင်သွားပြီဖြစ်၍ အိမ်တွင်ဖေဖေနှင့် ကျွန်တော်သာ ကျန်ရစ်ခဲ့ရပါသည်။

ကျွန်တော်ကလည်း ဖေဖေမေမေ၏ အမွေခံသဘောဖြင့် ကျောင်းဆရာအလုပ်ကိုပင် ဆက်လက်လုပ်၍ တစ်ဖက်က ဖေဖေ့ကိုပြုစုရပါသည်။

မမကတော့ ခင်ပွန်းတာဝန်ကျေရာ အဝေးတစ်နေရာ ရောက်နေ၍ ဖေဖေကို အနီးကပ်မပြုစုနိုင်ပါ၊ တတ်နိုင်သမျှ သာ ဖေဖေကြိုက်ရာအစားအစာများနှင့် အဝတ်အစားများကို ပေးပို့ကန်တော့ရှာပါသည်။

ကျွန်တော်သည် ဖေဖေဘဝအထီးကျန်မဖြစ်စေရန် စိတ်ရည်သန်ပြီး အိမ်ထောင်ရေးကို မစဉ်းစားတော့ပါ၊ ဖေဖေ့ ကိုသာ အနီးကပ်ပြုစုနေပါသည်။ ဖေဖေကတော့ အိမ်ထောင် ပြုရန် အတန်တန်တိုက်တွန်းပါသည်။ ကျွန်တော်က လုံးဝ လက်မခံဘဲ ဖေဖေ့ဘဝနေဝင်ချိန်ကို သာယာချမ်းမြေ့စေလို သောဆန္ဒဖြင့်သာ ငြင်းပယ်ခဲ့ပါသည်။

ဖေဖေသည် ပင်စင်ယူပြီးသောအခါ အချိန်ရသရွေ့ ရွှေဥမင်တောရသို့သွားကာ တရားဘာဝနာအလုပ်ကို ကြိုးစား လုပ်ပါသည်။

အိမ်မှာလည်း လုပ်ပါသည်။ ဖေဖေ့ဘဝ ဤသို့ နေဝင် ချိန်တရားအလုပ်ဖြင့် ပြင်ဆင်လုပ်ကိုင်နေသည်ကို ကျွန်တော် အလွန်ပီတိဖြစ်ရပါသည်။

ဖေဖေ၏ဘဝသည် တရားဘာဝနာအလုပ်ဖြင့် တည်ငြိမ်ခြင်း, အေးချမ်းသာယာခြင်းများ ရှိနေ၍ ကျွန်တော် အလွန်ကျေနပ် ဝမ်းမြောက်နှစ်သက်မိပါသည်။

မမက တစ်နှစ်တစ်ခါ သားသမီးများနှင့်အတူ ဖေဖေ့ထံ လာရောက်ကန်တော့ပါသည်။ မမက သူ့ထံသို့ ခဏလိုက်နေရန်လည်း ဖေဖေ့ကို ခေါ်ပါသည်။

ဖေဖေက ကိုယ့်ဘဝကိုယ် အသိအလိမ္မာရှိဖို့ သံသရာဝဋ်က ကျွတ်အောင် ကြိုးစားနိုင်ဘို့သာ ပြောဟောပြီး သူ့ရဲ့ဘဝကိုလည်း သံယောဇဉ်နှောင်ကြိုးမဖွဲ့လိုတော့ကြောင်း ပြောပါသည်။

'သမီး ဝမ်းမနည်းပါနဲ့၊ တရားအသိအလိမ္မာရအောင်ရှာပါ' ဟုခပ်အေးအေးပင် ပြောပြရှာပါသည်။

ဤသို့ဖြင့် ဖေဖေ၏ဘဝသည် တစ်စတစ်စ အချိန်တွေကုန်ခဲ့ရပါသည်။ ကျွန်တော့်ဘဝသည်လည်း အသက်အရွယ်ရင့်သထက်ရင့်လာပြီး အသိဉာဏ်များလည်း မြင့်သထက်မြင့်လာခဲ့ရပါသည်။

ဖေဖေ၏ ဘဝနိဂုံးချုပ်မည့်နေ့တွင် ဖေဖေသည် သူ့ဘဝနိဂုံးကို သူသိနေသလိုပင် ညနေထမင်းစားပြီးအချိန်တွင် ကျွန်တော့်ကိုခေါ်ယူကာ ကျွန်တော့်ကို အိမ်ထောင်ပြုရန် သူ့ဘဝ ရုတ်တရက်နိဂုံးချုပ်သွားပါက မမကို သောကမဖြစ်စေဖို့ ဖျောင်းဖျရန် တော်တော်စုံစုံလင်လင် မှာကြားပါသည်။

လူကတော့ ရောဂါမရှိ၊ အကောင်းပကတိဖြစ်တာမို့ ကျွန်တော်က ဖေဖေ ဤမျှ မြန်မြန်ဆန်ဆန် ခွဲခွာသွားလိမ့်မည် ဟု မထင်ခဲ့ပါ။ ဖေဖေ ကျွန်တော်တို့နောင်ရေးအတွက် စိုးရိမ်လို့ စကားကြိုပြောနေသည်ဟု ထင်မှတ်ခဲ့ပါသည်။

ည(၇)နာရီအချိန်တွင် ဖေဖေသည် ပုံမှန်အတိုင်း ဘုရားဝတ်ပြုသည်၊ မေတ္တာပို့သူများထံမှ မေတ္တာခံယူပြီး ဘုရားဦးချ ရှိခိုးပါသည်။

ဘုရားကိုဦးချသော ဖေဖေသည် တော်တော်နှင့် ဦးခေါင်းပြန်မော့မလာတော့၍ ကျွန်တော်က အခြေအနေ အကဲခတ်ရပါသည်။

ထိုအချိန်မှာပင် မမတို့မိသားစုကလည်း မမျှော်လင့်ဘဲ ဝုန်းဝုန်းဒိုင်းဒိုင်းရောက်လာကြပါသည်။ မနေ့ညကတည်းက

ဖေဖေ့ကိုတွေ့လိုသောဆန္ဒ ထိန်းမရ၊ သိမ်းမရဖြစ်လို့ ထလာခဲ့ကြသည် ဟုဆိုပါသည်။

ဖေဖေ ဘုရားဦးချနေသည်ကိုတွေ့၍ သူတို့လည်း ခဏသာ ဆူဆူညံညံနှုတ်ဆက်ပြီး ငြိမ်သက်ကာ နေရာယူထိုင်ကြပါသည်။

ဖေဖေ ဦးချသည်မှာ (၁၅)မိနစ်, မိနစ်(၂၀)ခန့်ရှိသွားပါပြီ၊ ဦးခေါင်းက ပြန်မော့မလာပါ။

သို့အတွက် ကျွန်တော်သည် ဖေဖေအနားသို့သွားကာ "ဖေဖေ"ဟုတိုးတိုး ညင်ညင်သာသာ ခေါ်မိပါသည်။ ဖေဖေ့ထံမှ ဘာသံမှမကြား၍ လက်နှင့်တို့ပြီး လှုပ်နိုးကြည့်မိပါသည်။ ဖေဖေက မလှုပ်ပါ။

ကျွန်တော်က ဖေဖေကိုတအားဆုပ်ကိုင်ပြီး အသံကျယ်ကျယ်နှင့်လှုပ်နိုးခေါ်မိပါသည်။

ဖေဖေကလုံးဝမလှုပ်တော့ပါ၊ ဖေဖေ့တွင် အသက်လည်းမရှိတော့ပါ။ ဖေဖေကိုယ်ကို ပွေ့ချီပြီး ဖျာထက်တွင်တင်ရပါသည်။ ဖေဖေက အိပ်ပျော်နေသလိုပင် ဖြစ်ပါသည်။

လှုပ်နိုးမရ၍ သတိမေ့သည်ဟုထင်မိပါသည်။မမတို့ လင်မယားလည်း ခြေမကိုင်မိ-လက်မကိုင်မိနှင့် ဖေဖေနားသို့ ဝိုင်းလာကာ ဖေဖေ့ကိုလှုပ်နိုးခေါ်ကြပါသည်။ ဖေဖေက နိုးမရ တော့ပါ။

ကျွန်တော်က ဆေးခန်းသို့ပြေးပြီး ဆရာဝန်ကို အကျိုး အကြောင်းမေတ္တာရပ်ခံပြီး ခေါ်ရပါသည်။

ဆရာဝန်ကလည်း စေတနာမေတ္တာထားလိုက်လာပြီး ဖေဖေ့အခြေအနေကို စမ်းသပ်စစ်ဆေးပေးပါသည်။

"ဆရာ့အဖေ အသက်မရှိတော့ပါဘူး၊ ဦးနှောက်သွေး ကြောပြတ်ပြီး ဆုံးသွားရှာပါပြီ"

ဟု ဆရာဝန်က တည်ငြိမ်စွာပင် ပြောပါသည်။ မမကတော့ ရှိုက်ကြီးတငင်ငိုကြွေးပါသည်။

ကျွန်တော်ကတော့ ဖေဖေ၏ဘဝနိဂုံးချုပ်ပုံကို ကျေ နပ်မိပါသည်။ ဖေဖေသည် သူ့ဘဝကို ကြိုတင်ပြင်ဆင်ထားခဲ့ သည်။ ပြင်ဆင်ထားခဲ့သည့်အတိုင်း ငြိမ်းချမ်းအေးချမ်းစွာဖြင့် ဘဝနိဂုံးချုပ်ရပါသည်။

"ဝိပဿနာတရားကို မပြတ်ပွားများ အားထုတ်သူသည် မတွေ့ဖူးတဲ့ သေရသည် ဆိုသော ဝိပဿနာ ကျင့်စဉ်အကျိုးကို ဖေဖေက လက်တွေ့ပြသွား၍ ကျွန်တော် ကျေနပ်အားရမိပါသည်"

"သားရယ်. . . မွေးဖွားလာကတည်းက သေရမယ့် လမ်းကြောင်းဆီသို့ ဦးတည်သွားနေရတဲ့ သတ္တဝါတွေ ဘဝပါ၊ သေခြင်းအတွက် ဝမ်းနည်းစရာ မရှိပါဘူး၊ သေနည်းတတ်ဖို့နှင့် သေနည်းတတ်ရန် ပြင်ဆင်ထားဖို့ပဲ လိုပါတယ်"

ဟု ဖေဖေက ခဏခဏ ဆိုဆုံးမဖူးပါသည်။

ယခုတော့ ဖေဖေက သေနည်းတတ်၍ မြတ်သော သေခြင်းဖြင့် ဘဝတိယအရွယ်ဘဝကို နောက်ဆုံးနိဂုံးချုပ်သွားသည်ဟု ကျွန်တော် ယုံကြည်အားကျမိပါတော့သည်။



## နေ့ညမပြတ်ကို ဆင်ခြင်ရန်

## (အဘိဏှသုတ်)

ပဉ္စိမာနိဘိက္ခဝေ ဌာနာနိအဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ

ဣတ္ထိယာဝါ၊ ပုရိသေနဝါ၊ ဂဟဋ္ဌေနဝါ၊ ပဗ္ဗဇိတေနဝါ

ကတမာနိပဉ္စ

-ဇရာဓမ္မောမှိ-ဇရံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ

-ဗျာဓိဓမ္မောမှိ ဗျာဓိအနတီတောတိ အဘိဏှံပစ္စဝေက္ခိတဗ္ဗံ

-မရဏာဓမ္မောမှိ မရဏံအနတိတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ

-သဗ္ဗေဟိမေ ပိယေဟိ မနာပေဟိနာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ

-ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ယံကမ္မံကရိဿာမိ ကလျာဏံဝါ ပါပကံဝါ၊ တဿဒါယာ ဒေါ ဘဝိဿာမိတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ

ဣမာနိခေါ ဘိက္ခဝေ ပဉ္စဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ

ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

"ရဟန်းတို့ . . . ငါးပါးကုန်သော ဤအကြောင်းတရားတို့ကို မိန်းမသည် လည်းကောင်း၊ ယောကျ်ားသည် လည်းကောင်း၊ လူသည်လည်းကောင်း၊ ရဟန်းသည်လည်းကောင်း၊ နေ့ညဉ့်မပြတ် ဆင်ခြင်အပ်ကုန်၏"

ငါးပါးတို့ဟူသည် အဘယ်နည်း-

-ငါသည် အိုခြင်းသဘောရှိသည်၊ အိုခြင်းသဘော တရားကို မလွန်နိုင်ချေ၊ ဤသို့ နေ့ညဥ့်မပြတ် ဆင်ခြင်အပ်၏၊

-ငါသည် နာခြင်းသဘောရှိသည်၊ နာခြင်းသဘော တရားကို မလွန်နိုင်ချေ၊ ဤသို့နေ့ညဥ့်မပြတ် ဆင်ခြင်အပ်၏၊

-ငါသည် သေခြင်းသဘောရှိသည်၊ သေခြင်းသဘော တရားကို မလွန်နိုင်ချေ၊ ဤသို့နေ့ညဥ့်မပြတ် ဆင်ခြင်အပ်၏။

ငါအား ခပ်သိမ်းကုန်သော ချစ်နှစ်လိုအပ်သော၊ နှလုံးကိုပွားစေတတ်သော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့် အရပ်တစ်ပါးသို့ပြောင်းသွားသဖြင့် ရှင်ကွဲကွဲရခြင်းသည် လည်းကောင်း၊ ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် သေကွဲကွဲရခြင်းသည် လည်းကောင်း ဖြစ်တတ်ချေ၏၊ ဤသို့နေ့ညဥ့်မပြတ် ဆင်ခြင်အပ်၏၊

-ငါသည် ကံသာလျှင် မိမိဥစ္စာရှိသည်

-ကံသာလျှင် အမွေခံရှိသည်

-ကံသာလျှင် အကြောင်းရင်းရှိသည်

-ကံသာလျှင် အဆွေအမျိုးရှိသည်

-ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည်

-ကောင်းသည်လည်းဖြစ်သော,မကောင်းသည်လည်း ဖြစ်သောအကြင်ကံကို ပြုအံ့၊ထိုကောင်းမှု,မကောင်းမှုကံ၏ ကောင်းမွေ, ဆိုးမွေခံသည် ဖြစ်ရအံ့၊ ဤသို့ နေ့ညဥ့်မပြတ် ဆင်ခြင်အပ်၏၊

ဤငါးပါးသောအကြောင်းတရားတို့ကို မိန်းမသည်လည်းကောင်း၊ ယောကျာ်းသည်လည်းကောင်း၊ လူသည် လည်းကောင်း ရဟန်းသည်လည်းကောင်း နေ့ညဥ့်မပြတ် ဆင်ခြင်အပ်ကုန်၏။

၂၈၅၉၀.
၂၇-၃-၂၀၁၄

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သီရိ(ဗမ္မာစရိယ ဘီ-အေ)**





# တတိယအရွယ် ဘာဝနာသည်

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှုင်းဒိရိ (မွှာစရိုယ ဘီ-အေ)